မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၇၃)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ သောကြာနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

မြန်မာ – နယူးဇီလန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည်

စိန်ခေါ်မှုများကိုရင်ဆိုင်ရာ၌မြန်မာနှင့်အတူနယူးဇီလန်နိုင်ငံကပူးပေါင်းပါဝင်ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၄

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Honourable Murray Mc Cully ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှစ်နိုင်ငံ နိုင်ငံအကြီးအကဲများ အပြန်အလှန်အလည်အပတ်ရောက်ရှိခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ယခုခရီးစဉ်သည်လည်း မြန်မာနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်မည့် ခရီးစဉ်တစ်ခုဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ရှေ့ဆက်၍လည်း ပညာရေး၊ ကျန်းမာရေး၊ မွေးမြူရေးတို့နှင့်ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လိုပါကြောင်းဖြင့် ပြောကြားသည်။

ပူးပေါင်းပါဝင်ဆောင်ရွက်

ထို့နောက် နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဆက်လက်အားပေးကူညီသွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် ကူညီပံ့ပိုးသွားမည်ဖြစ်ပါကြောင်း၊ ယမန်နေ့က ရခိုင်ပြည်နယ်သို့ မိမိရောက်ရှိခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ်အတွင်း မိမိသိရှိ၊ မြင်တွေ့ခဲ့မှုများအရ မြန်မာနိုင်ငံအစိုးရ ရင်ဆိုင်ကျော်လွှားနေရသော စိန်ခေါ်မှုများကို မျက်မြင်တွေ့ရှိခဲ့ပါကြောင်း၊ ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်ရာ၌ မြန်မာနိုင်ငံနှင့်အတူ နယူးဇီလန်နိုင်ငံက ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးတို့သည် ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်များအား နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ စေတနာရှင်နိုင်ငံများ ပူးပေါင်းကူညီဆောင်ရွက်နေမှု၊ စားဝတ်နေရေး၊ လုံခြုံရေး၊ နေထိုင်ရေးတို့အတွက် ဆောင်ရွက်ပေးနေမှု၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများအား ပြန်လည်တည်ဆောက်ပေးနေမှု၊ လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငါးလုပ်ငန်းအထောက်အကူပြု အလုပ်အကိုင်ရရှိရေးကိစ္စရပ်များတွင် အကူအညီများ လိုအပ်နေမှု၊ အင်ဒိုနီးရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများက စာသင်ကျောင်းများ ဆောက်လုပ်ရေးအတွက် ကူညီနေမှု၊ နို့စားနွားနှင့် အသားစားနွားများ မွေးမြူရေးအတွက် နည်းပညာလိုအပ်မှု၊ မြန်မာနိုင်ငံ၌ နယူးဇီလန်နိုင်ငံမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးတို့နှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

နယူးဇီလန်နိုင်ငံမှ နို့စားနွားမွေးမြူရေးနှင့်ပတ်သက်သည့် ပညာရှင်များ မြန်မာနိုင်ငံသို့ မကြာမီလာရောက်မည်ဖြစ်ပါကြောင်း၊ နယူးဇီလန်နိုင်ငံ၏

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Honourable Murray Mc Cully အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဂျပန် JCB Card များဖြင့် မြန်မာနိုင်ငံ၌ ငွေထုတ်နိုင်တော့မည်

ရန်ကုန် ဇူလိုင် ၄

နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှု များပြားလာသော မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် ငွေကြေးလုပ်ငန်းများ ထိတွေ့ဆက်စပ်မှုများလာလျက်ရှိရာ ဂျပန်နိုင်ငံမှ JCB Card များဖြင့် မြန်မာနိုင်ငံရှိ ATM ငွေထုတ်စက်များတွင် အလွယ်တကူ ငွေထုတ်နိုင်ရေးအတွက် စတင်ဆောင်ရွက်တော့မည်ဖြစ်သည်။

သတင်း ➢ မောင်သစ္စာ
ဓာတ်ပုံ ➢ တင်စိုး(မြန်မာ့အလင်း)

ထိုသို့ ATM စက်များတွင် JCB Card များဖြင့် ငွေများအလွယ်တကူ ထုတ်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံမှ Myanmar Payment Union (MPU) နှင့် ဂျပန်နိုင်ငံ၏ Payment brand တစ်ခုဖြစ်သည့် JCB ၏ အပြည်ပြည်ဆိုင်ရာဌာနခွဲတစ်ခုဖြစ်သော JCB တို့ သဘောတူစာချုပ်ကို ရန်ကုန်မြို့ Chatrium Hotel ၌ ဇူလိုင် ၄ ရက် နံနက်က စာချုပ်ခဲ့ကြပြီဖြစ်သည်။

အဆိုပါ သဘောတူစာချုပ်အရ JCB Card များကို မြန်မာနိုင်ငံအတွင်းရှိ ATM ငွေထုတ်စက်များတွင် မကြာမီ ထုတ်ယူနိုင်တော့မည်ဖြစ်ရာ ငွေကြေးလုပ်ငန်းများထုတ်ယူမှု၊ သယ်ဆောင်မှု အချိန်ကုန်သက်သာအဆင်ပြေစေမည်ဖြစ်သည်။

ဂျပန်နိုင်ငံမှ JCB Card များကို ကမ္ဘာတစ်ဝန်းနိုင်ငံပေါင်း ၁၉၀ နှင့် အချို့ဒေသများတွင် စီးပွားရေးလုပ်ငန်းများ ၊ ကုန်သည်များ သုံးစွဲနေကြပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာမှ JCB Card ကိုင်ဆောင်သူများ မြန်မာနိုင်ငံသို့ လာရောက်ပါက ငွေကြေးများ လွယ်လင့်တကူထုတ်ယူအသုံးပြုနိုင်မည်ဖြစ်ရာ ကောင်းမွန်သော အစီအစဉ်တစ်ရပ် ဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်ခုတည်းသော Payment network ဖြစ်သော MPU ဘဏ်ပေါင်း (၁၇)ဘဏ် ချိတ်ဆက်

စာမျက်နှာ ၈ ကော်လံ ၃ ▲

သ တင်း မာ တိ ကာ

အီဂျစ်တွင် စစ်တပ်က အာဏာသိမ်းလိုက်ပြီ သမ္မတမော်စီအား နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီး *စာမျက်နှာ - ၄*

သွားကျန်းမာရေး ကောင်းစေနိုင်သည့် နေ့စဉ်စားသောက်ဖွယ်ရာ ခြောက်မျိုး *စာမျက်နှာ - ၅*

အသေးစားချေးငွေလုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေး *ဆောင်းပါး* *စာမျက်နှာ - ၆*



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တိုးတက်သည့်နည်းပညာများ အသုံးချမည်

မျက်မှောက်ကာလ ကမ္ဘာ့တစ်ဝန်း သတင်းအချက်အလက်နှင့် နည်းပညာများ တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများသည် ကိုယ်ပိုင်အင်အားနှင့် အရှည်ရပ်တည်နိုင်ရေးအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာများကို တီထွင်အသုံးချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ ခေတ်နှင့်အညီ အမီလိုက်နိုင်ရန်အတွက် ယနေ့လူငယ်လူရွယ်များသည် ပိုမိုကြိုးစားအားထုတ်ကြရမည် ဖြစ်သည်။ တိုးတက်လာသည့် နည်းပညာများကို အမီလိုက်နိုင်ရန် လေ့လာမှတ်သားကြရမည် ဖြစ်သည်။

နိုင်ငံတကာနှင့်ယှဉ်သောနည်းပညာများ လေ့လာသိရှိခွင့်ရရန် အိုင်တီနည်းပညာပြပွဲများ ကျင်းပပေးခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူပြုခြင်း၊ ပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အိုင်တီနည်းပညာဖြင့် ဖြည့်ဆည်းပေးနိုင်ခြင်းတို့ဖြင့် ခေတ်မီနည်းပညာရပ်များကို ကမ္ဘာနှင့်အမီ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိခွင့်ရရှိနိုင်ပေသည်။ တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကို လေ့လာသိရှိသည်နှင့်အညီ ယနေ့လူငယ်များသည် နည်းပညာနယ်ပယ်တွင် နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်မည်ဖြစ်သည်။

တိုးတက်နေသော ယနေ့ကာလတွင် အစိုးရဌာနအချင်းချင်းသည်လည်းကောင်း၊ အစိုးရနှင့်စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအကြား၌လည်းကောင်း၊ ပုဂ္ဂလိကအဖွဲ့ အစည်းများ အချင်းချင်းသည်လည်းကောင်း နည်းပညာ အသုံးပြုဆက်သွယ်လုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းများနှောင့်နှေးမှုမရှိဘဲ အလျင်အမြန် ပြီးမြောက်စေသည်။ အချိန်ကြန့်ကြာမှု မရှိခြင်းကြောင့် လုပ်ငန်းများ အောင်မြင်ပြီးမြောက်စေရသည်။ တိုးတက်ပြောင်းလဲနေသော နည်းပညာများကို မျက်ခြည်ပြတ်ကျန်ခဲ့ပါက ဖွံ့ဖြိုးတိုးတက်မှုများလည်း နောက်ကျကျန်နေမည်ဖြစ်၍ စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရမည် ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည်မှာ လူသားစွမ်းရည်ဖြစ်သည်။ လူသားစွမ်းရည်ပြည့်ဝနေရန် ယနေ့လူငယ်လူရွယ်များသည် တီထွင်ကြံဆနည်းလမ်းများကို ရှာဖွေ၍ ပိုမိုခေတ်မီသော နည်းပညာများထွန်းကားလာရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ မြန်မာမင်းများလက်ထက်က မြန်မာနိုင်ငံသည် အနောက်နိုင်ငံများနှင့်ယှဉ်လျှင် ခေတ်နောက်ကျသော်လည်း အိမ်နီးချင်းနိုင်ငံများထက် မနိမ့်ကျခဲ့ပေ။ မင်းတုန်းမင်းလက်ထက်တွင် သံရည်ကျိုစက်ရုံ၊ ရေနံချက်စက်ရုံ၊ ပန်းပဲစက်ရုံ၊ ဒင်္ဂါးစက်ရုံ၊ အမြောက် သေနတ်စက်ရုံ၊ ဆန်စက်၊ သကြားစက်တို့ ပေါ်ထွန်းနေပြီဖြစ်သည်။ မြန်မာတို့၏ စက်မှုအတတ်ပညာသည် မနိမ့်ကျခဲ့။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အလျောက် တိုးတက်နေသည့် ခေတ်မီသိပ္ပံနှင့်နည်းပညာများကို အသုံးချနိုင်စွမ်းရှိရမည်။ နည်းပညာများ မပေါ်ပေါက်မီအချိန်ကပင် မြန်မာနိုင်ငံ၌ စက်မှုလုပ်ငန်းများကို တည်ထောင်နိုင်စွမ်းရှိခဲ့ပေရာ ယနေ့တိုးတက်နေသည့်ကာလတွင် လူတို့၏ပညာစွမ်းအား၊ ဝီရိယစွမ်းအားများကိုသာ စဉ်ဆက်မပြတ် စိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြပါက နည်းပညာခေတ်ကြီးတွင် မြန်မာတို့၏ စွမ်းအားသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

စက်မှုလယ်ယာစနစ်ကူးပြောင်းရေး မဖြစ်မနေအောင်မြင်သည်အထိဆောင်ရွက်

ရန်ကုန် ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ခပေါင်းဆည်ရေသောက် စက်မှုလယ်ယာမြေဧက ၂၀၀၀ ဖော်ထုတ်နေသော လုပ်ငန်းခွင်သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇူလိုင် ၂ ရက် နံနက် ၁၁ နာရီက သွားရောက်ပြီး တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်နေမှုများ၊ ရှင်းလင်းဆောင်၌ ထွန်စက်ကြီးများနှင့် လေဆာစနစ်မြေညှိစက်အစိတ်အပိုင်းများကို ဝန်ချီစက်ဖြင့် တင်ချနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဖြူးမြို့နယ်ရှိ ဖြူးချောင်း ဆည်ရေသောက် စက်မှုလယ်ယာမြေ ဘက်စုံသီးနှံ ဧက ၂၀၀၀ စိုက်ကွင်း၌ ထွန်ယက်နေမှုနှင့် ကောက်စိုက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ရှိ စံပြစက်မှုလယ်ယာမြေ ဧက ၁၀၀၀၀ စိုက်ကွင်းသို့ သွားရောက်ပြီး မိုးစပါးစိုက်ပျိုးရန် မြေပြုပြင်နေမှု၊ ပျိုးပေါင်များဖြင့် ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လယ်ယာကဏ္ဍ တိုးတက်ရေးသည် ပုဂ္ဂလိက တစ်ဦးချင်းစီ၏ လက်ငင်းစီးပွားရေး တိုးတက်စေရန် ဆိုသည့် သာမန်ရည်ရွယ်ချက်သာမက အခြေခံလူတန်းစားတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေပြီး ဆန်စပါး၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့သည် လူတို့၏ နေ့စဉ်အာဟာရဖြစ်၍ မွန်မြတ်သည့် လုပ်ငန်းဖြစ်ကြောင်း။

ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ လိုအပ်ချက်ကွက်လပ်ဖြစ်သည့် စက်မှုလယ်ယာစနစ် ကူးပြောင်းရေး တာဝန်အပေါ် Private, Public, Partnership အားဖြင့် မဖြစ်မနေ အောင်မြင်သည်အထိ စိတ်ကောင်းစေတနာအပြည့်အဝဖြင့် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့ဘဏ္ဍာပစ္စည်းများ ကာလရှည်ကြာ အမိုးအကာမဲ့နေ

လားရှိုးခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးရှေ့ မျက်နှာစာခြံဝင်း အတွင်းတွင်လည်းကောင်း၊ ရုံးအနောက်ဘက် ခြံဝင်းအတွင်းတွင်

လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်သော မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များ အမြောက်အမြားကို မိုးထဲလေထဲတွင် အမိုးအကာမဲ့ထားသည်ကို တွေ့ရှိရသည်။

တရားရုံး၏ ဂိုဒေါင်များထဲတွင်လည်းကောင်း၊ ယခင် တရားခွင်လုပ်ခဲ့ဖူးသော အခန်းနှစ်ခန်းနှင့် ရှေ့နေများ နားနေခန်းတို့ကိုပါ ဂိုဒေါင်အဖြစ် ပြုလုပ်ပြီးလည်းကောင်း၊ တရားရုံးအဆောက်အအုံနှင့် တွဲလျက် အိမ်သာခန်းများအတွင်းတွင် လည်းကောင်း၊ လှေကားများ၏ အောက်တွင်လည်းကောင်း၊ ဆိုင်ကယ်များကို မိုးလုံလေလုံ သိမ်းဆည်းခဲ့သော်လည်း တစ်စထက်တစ်စများလာပြီး သိမ်းဆည်းထားရန် နေရာလုံးဝမရှိတော့၍ နောက်ပိုင်းတွင် ယခုကဲ့သို့ အမိုးအကာမဲ့ကွင်းပြင်တွင် ထားရခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

၂၀၀၁ ခုနှစ်ကတည်းက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်သော ယာဉ်များပင် ပါဝင်သည်ဟု သိရသည်။ ဘဏ္ဍာသိမ်းပစ္စည်းများ စီမံခန့်ခွဲမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင်ပင် လုပ်ပိုင်ခွင့်မရှိဟု၍ သိရသည်။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်သော ယာဉ်များမှာ နိုင်ငံပိုင်ပစ္စည်းများဖြစ်၍ ယင်းပစ္စည်းများ ပျက်စီးယုတ်လျော့မှု မဖြစ်အောင် ထိန်းသိမ်း စောင့်ရှောက်ရမည် ဖြစ်ပါသည်။

တိုးပွား

ဘဏ္ဍာသိမ်းပစ္စည်းများကို လျင်လျင်မြန်မြန် စီမံထုခွဲရောင်းချမှသာ တန်ရာတန်ကြေးအတိုင်း ထိုက်ထိုက်

ထင်သာမြင်သာ ပြုပြင်စရာ

တန်တန်ရရှိကာ နိုင်ငံ၏ဘဏ္ဍာငွေများ တိုးပွားမည်ဖြစ်ပါသည်။

နှစ်ပေါင်းများစွာ ဘဏ္ဍာသိမ်းပစ္စည်းများကို စီမံထုခွဲရောင်းချခြင်း မပြုသည့်အတွက် နိုင်ငံပိုင်ပစ္စည်းများ ပျက်စီး၍ တန်ဖိုးလျော့ကာ နိုင်ငံတော်၏ ဘဏ္ဍာကိုလည်း ထိခိုက်လျော့နည်းစေမည်ဖြစ်ပါသည်။ ဘဏ္ဍာသိမ်းပစ္စည်းများကို လျင်လျင်မြန်မြန် စီမံခန့်ခွဲ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသား တင်ပြအပ်ပါသည်။

နေမျိုးနွယ်

ကုန်သည် / စက်မှုအသင်းချုပ်ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ စီစဉ်မှုဖြင့် ဇူလိုင် ၆ ရက် မွန်းလွဲ၂နာရီက မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က The Impact of Climate Change and its Challenges in Myanmar (မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုနှင့်ယင်း၏စိန်ခေါ်မှုများ) ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI ၌ ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၃၀၉၊ မြေကွက်တည်နေရာအမှတ် ၃၀၉၊ (၁၀)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမောင်တင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်တင်ထံမှ အရောင်းအဝယ်စာချုပ် ၄၇၁၀ (၂၆-၉-၉၇)ဖြင့် မူလဧရိယာ ပေ(၄၀×၆၀) အနက် ပေ(၂၀×၆၀)ကို ဝယ်ယူထားသူ ဒေါ်ထားနွဲ့ရီ ၉/မရက(နိုင်)၀၀၅၀၃၇က အရောင်းအဝယ်စာချုပ်မူရင်း ပျောက်ဆုံးသဖြင့် စာချုပ်မိတ္တူမှန်ကိုတင်ပြ၍ ၄င်းပိုင်ဆိုင်သည့် အစုအား အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ခွဲကျောက်မျိုးစုံ	၁၅၀၅ ကျင်း
၂။	ဘိလပ်မြေ	၇၀၀ တန်
၃။	သံချောင်းရှယ်စုံ	၁၄၀ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၈-၇-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို မုံရွာခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ၁-၇-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၁-၂၁၀၁၆

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Honourable Murray Mc Cully ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များတက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံအမတ်ကြီး H.E.Mr. Anthony Lynch တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာ-နယူးဇီလန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပထမအကြိမ် ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး သတ္တမမြောက်နေ့ကျင်းပနေမှုအား ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ လူမှုဆက်ဆံရေးကောင်းမွန်ပြည့်ဝမှု ရှိမှသာလျှင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်

နေပြည်တော် ဇူလိုင် ၄

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်သည့်အလျောက် ကျေးလက်ဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ထိရောက်အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်သူများ၏ဆင်းရဲမှုအဆင့် လျော့ကျစေရေးလုပ်ငန်းတွင်လည်း ကျန်းမာရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပြည်သူများ၏သက်တမ်းကို ဒေသတွင်းနိုင်ငံများနှင့် တန်းတူရှိနေစေရန် မိခင်သေဆုံးမှုနှုန်း၊ မွေးကင်းစကလေးနှင့် ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း ပိုမိုကျဆင်းရေး၊ ရောဂါကြီးသုံးမျိုးအတွက် ထိန်းချုပ်နိုင်အောင် ဆောင်ရွက်ရသည့်ကျန်းမာရေးလုပ်ငန်းများကို ထောင့်စုံ၊ ဘက်ပေါင်းစုံမှ လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် လယ်ဝေးမြို့ရှိ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်း သင်တန်းခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး သင်တန်း(၁/ ၂၀၁၃)သို့ တက်ရောက်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသားများအား တွေ့ဆုံရာတွင် မှာကြားသည်။

(အပေါ်ဝဲပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ရှိ ပြည်သူများ၏ ကျန်းမာရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဒေသအာဏာပိုင်များ၊ အစိုးရဌာနများ၊ ပြည်သူများ၊ နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းများ ပူးပေါင်းပါဝင် ဆောင်ရွက်မှသာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အောင်မြင်တိုးတက်မည် ဖြစ်ကြောင်း။

ဆွေးနွေးမှာကြား

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများသည် မိမိတို့တာဝန်ယူကြသည့် မြို့နယ်များ၏ ကျန်းမာရေးလုပ်ငန်းကိစ္စအဝဝကို တာဝန်ခံဆောင်ရွက်ရသူများဖြစ်သည်နှင့်အညီ မိမိနယ်မြေဒေသအတွင်း ဆောင်ရွက်သည့် ကျန်းမာရေးလုပ်ငန်း ကိစ္စရပ်များကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ လုပ်ငန်းကို မှန်ကန်တိကျစွာ ဆောင်ရွက်နိုင်မှု၊ လူမှုဆက်ဆံရေး ကောင်းမွန်ပြည့်ဝမှု အရည်အသွေးများ ရှိမှသာလျှင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကိုလည်း ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

Readers Channel(စာဖတ်သူတို့ရုပ်သံလိုင်း) အခမဲ့ ဒီဂျစ်တယ်ရုပ်သံလိုင်းသစ်ကို ဇူလိုင် ၁၄ ရက်မှ စတင်စမ်းသပ် ထုတ်လွှင့်မည်

ရန်ကုန် ဇူလိုင် ၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြည်သူလူထုအတွက် စာဖတ်ခြင်းအလေ့အထ ပိုမိုမြင့်မားပြီး အသိပညာ၊ ဗဟုသုတ တိုးပွားလာစေရန်၊ ကျေးလက်နေပြည်သူများအထိ စာဖတ်ခြင်းအလေ့အထကောင်းများ ရရှိလာစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ကာ Readers Channel(စာဖတ်သူတို့ရုပ်သံလိုင်း) အခမဲ့ ဒီဂျစ်တယ်ရုပ်သံလိုင်းသစ်ကို ဇူလိုင် ၁၄ ရက်မှ စတင်ကာ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် စမ်းသပ်ထုတ်လွှင့်ပေးမည်ဖြစ်ပါသည်။ ၄ နာရီစာ အစီအစဉ်သစ်များကို တစ်နေ့လျှင် (၄)ကြိမ် မနက် ၆ နာရီမှ ည ၁၀ နာရီအထိ စမ်းသပ်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။

စာပေဆိုင်ရာ အစီအစဉ်ကောင်းများစွာဖြင့် သုတ၊ ရသကဏ္ဍစုံစွာ ပါဝင်တင်ဆက်ပေးမည့် အဆိုပါ Readers Channel (စာဖတ်သူတို့ရုပ်သံလိုင်း) အခမဲ့ဒီဂျစ်တယ် ရုပ်သံလိုင်းသစ်ကို 4TV,5-Network, MWD အစရှိသော DVB-T Digital Receiver များဖြင့် လည်းကောင်း၊ DVB-T Digital Tuner ပါသောမည့်သည့် LCD TV, LED TV များတွင်မဆို လွယ်ကူစွာ အခမဲ့ ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက် ၂၅ မိုင်ပတ်လည်တွင် UHF လှိုင်းနှုန်း Channel-22 တွင်လည်းကောင်း၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုင် ၃၀ ပတ်လည်တွင် UHF လှိုင်းနှုန်း Channel-24 တွင် လည်းကောင်း၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မိုင် ၃၀ ပတ်လည်တွင် UHF လှိုင်းနှုန်း Channel-25 တွင် လည်းကောင်း လွယ်ကူစွာ ဖမ်းယူကြည့်ရှုနိုင်ပါကြောင်း သတင်းရရှိပါသည်။

(သတင်းစဉ်)

ဇီဝမျိုးတွေ ကြွယ်စေဖို့ သဘာဝတောတွေ ကာကွယ်စို့

နိုင်ငံတကာသတင်း

ဘိုလီးဗီးယားသမ္မတလေယာဉ် အတင်းအကျပ်ဆင်းခိုင်းမှု ပြင်သစ်က ဘိုလီးဗီးယားကို တောင်းပန်

ပါရီ ဇူလိုင် ၄

ဘိုလီးဗီးယားသမ္မတအက်ဗိုမိုရာလက်၏ လေယာဉ်ကို အမေရိကန်တရားခံပြေး စနိုးဒန်းလိုက်ပါလာသည်ဟု သံသယဖြင့် ဩစတြေးလျနိုင်ငံ ဗီယင်နာလေဆိပ်သို့ အတင်းအကျပ်ဆင်းခိုင်းခဲ့ခြင်းအပေါ် ပြင်သစ်က တောင်းပန်လိုက်သည်။

ပြင်သစ်၊ အီတလီ၊ စပိန်နှင့်ပေါ်တူဂီတို့သည် ဘိုလီးဗီးယားသမ္မတက ၎င်း၏ လေကြောင်းခရီးစဉ်ကိုပိတ်ဆို့နှောင့်ယှက်ခဲ့ကြောင်း စွပ်စွဲပြောကြားလိုက်သည်။

အဆိုပါ နိုင်ငံများသည်အမေရိကန်တရားခံပြေး အက်ဒဝပ်စနိုးဒန်းလိုက်ပါလာနိုင်သည်ဟု မှားယွင်းသောသံသယဖြင့် ဘိုလီးဘီးယားသမ္မတ၏လေယာဉ်ကို ဗီယင်နာလေဆိပ်တွင် အတင်းအကျပ်ဆင်းသက်စေခဲ့ကြောင်း ဇူလိုင် ၃ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ သမ္မတမိုရာလက်၏ လေယာဉ်သည် မော်စကိုမှ ဘိုလီးဗီးယားသို့ အပြန် ဗီယင်နာလေဆိပ်သို့ အတင်းအကျပ်ဆင်းခိုင်းခဲ့ခြင်း ဖြစ်သည်။ ၎င်း၏လေယာဉ်သည် ရုရှားမှဥရောပနိုင်ငံများသို့ ဖြတ်၍ပျံသန်းစဉ် ယင်းကဲ့သို့ဆင်းသက်ရန် ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

အီဂျစ်ဗိုလ်ချုပ်ကြီး စီစီ အာဏာသိမ်းကြောင်း ရုပ်မြင်သံကြားမှ ကြေညာနေစဉ်။

အီဂျစ်တွင် စစ်တပ်က အာဏာသိမ်းလိုက်ပြီ သမ္မတမော်စီအား နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီး

ကိုင်ရိုင် ဇူလိုင် ၄

အီဂျစ်စစ်တပ်က သမ္မတမိုဟာမက်မော်စီကို ရာထူးမှဖယ်ရှားလိုက်ပြီးနောက် နာရီပိုင်းအကြာ အီဂျစ်ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး ထိပ်တန်းတရားသူကြီး အက်ဒလီမန်ဆာယာသည် ကြားဖြတ်ခေါင်းဆောင်အဖြစ် ကျမ်းသစ္စာကျိန်ဆိုလိမ့်မည်ဖြစ်ကြောင်း ဇူလိုင် ၄ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီဂျစ်နိုင်ငံတွင် စစ်အာဏာသိမ်းလိုက်ပြီဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးအဗ္ဗဒူလ်ဖက်တက်အယ်လ်စီစီက ဇွန် ၃ ရက်ညနေပိုင်းတွင် ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာသည်။

အီဂျစ်နိုင်ငံ၏ လွတ်လပ်စွာရွေးကောက်တင်မြှောက်ထားသည့် သမ္မတမော်စီသည် ပြည်သူများ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြောင်း ဗိုလ်ချုပ်ကြီးစီစီက ပြောကြားသည်။

ယင်းကဲ့သို့ အာဏာသိမ်းလိုက်ခြင်းမှာ သမ္မတမော်စီအား လူထုကဆန့်ကျင်ဆန္ဒပြမှုများ ရက်အတန်ကြာပြုလုပ်ခဲ့ပြီးနောက် အီဂျစ်စစ်တပ်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အီဂျစ်စစ်တပ်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုင်းငံ့ပြီး ရွေးကောက်ပွဲအသစ်ပြုလုပ်ပေးရန် ကတိပြုပြောကြားလိုက်ချိန်တွင် ကိုင်ရိုမြို့လယ်ရင်ပြင်ရှိ ဆန္ဒပြသူ ပြည်သူများအောင်ပွဲခံကြသည်။ သို့ရာတွင် ကိုင်ရိုနှင့် အလက်ဇန်းဒရီးယားမြို့များ၌ သမ္မတမော်စီအား ထောက်ခံသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းများ ဆက်လက်ဖြစ်ပွားခဲ့သည်။ နိုင်ငံအတွင်း အချို့သောဒေသများ၌လည်း အဓိကရုဏ်းဖြစ်ပွား၍ လူ ၁၀ ဦး ထပ်မံသေဆုံးခဲ့ရသည်။ ရာထူးမှ ဖြုတ်ချခံရသော သမ္မတမော်စီကို နေအိမ်အကျယ်ချုပ်ဖမ်းဆီးလိုက်ပြီး သမ္မတအိမ်တော်အဖွဲ့ကိုလည်း ဖမ်းဆီးထားကြောင်း မော်စီ၏ မွတ်ဆလင်ဘရားသားဟုပါတီပြောခွင့်ရပုဂ္ဂိုလ် ဂျေဟတ်အယ်လ်ဟက်ဒက်က ပြောသည်။ မစ္စတာဟက်ဒက်၏ ဖခင် မော်စီ၏ လက်ထောက် အက်ဆမ်အယ်လ်ဟက်ဒက်သည် မွတ်ဆလင်ဘရားသားဟု လက်ဝဲနိုင်ငံရေးခေါင်းဆောင် ဘက်အယ်လ်တာတာနီကိုလည်း ဖမ်းဆီးထားသည်။ မွတ်ဆလင်ဘရားသားဟုအဖွဲ့ဝင်များနှင့် ခေါင်းဆောင် ၃၀၀ ကိုလည်း ဖမ်းဝရမ်းထုတ်လိုက်ကြောင်း နိုင်ငံပိုင်သတင်းစာ အယ်လ်အာရမ်းက ရေးသားဖော်ပြသည်။

အီဂျစ်နိုင်ငံအတွင်း ဖြစ်ပွားနေသော နိုင်ငံရေးဖြစ်စဉ်များကို အလွန်စိုးရိမ်ပူပန်မိကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားလိုက်သည်။ ထို့အပြင် အရပ်သားအစိုးရကိုလည်း အမြန်ဆုံးအာဏာလွှဲပေးရန်လည်း ၎င်းကတိုက်တွန်းလိုက်သည်။ **(ဘီဘီစီ)**

ကီဆောင်စက်မှုဇုန် ပြန်လည်ပတ်ရေးဆွေးနွေးရန် တောင်ကိုရီးယားက မြောက်ကိုးရီးယားကို ကမ်းလှမ်း

ဆိုးလ် ဇူလိုင် ၄

တောင်ကိုရီးယားနိုင်ငံသည် ကီဆောင်မြို့ နယ်စပ်၌ ဆိုင်းငံ့ထားသော စက်မှုဇုန်ပုံမှန်လည်ပတ်ရေးဆွေးနွေးရန် မြောက်ကိုရီးယားနှင့် လုပ်ငန်းအဆင့်ဆွေးနွေးမှုများ ကမ်းလှမ်းထားခဲ့ကြောင်း တောင်ကိုရီးယားပေါင်းစည်းရေးဝန်ကြီးဌာနက ဇူလိုင် ၄ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားအစိုးရသည် လုပ်ငန်းအဆင့်အပြန်အလှန်ဆွေးနွေးမှုကမ်းလှမ်းချက် အကြောင်းကြားစာကို ယင်းနေ့နံနက်တွင် ပန်မွန်ဂျုံကျေးရွာရှိ ဆက်ဆံရေးရုံးသို့ ပေးပို့ခဲ့ကြောင်း တောင်ကိုရီးယားပေါင်းစည်းရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ကင်ရှန်ဆောက်က သတင်းထောက်များအား ပြောကြားခဲ့သည်။

တောင်ကိုရီးယားသည် ကီဆောင်စက်မှုဇုန် ပုံမှန်ပြန်လည်ပတ်ရေးဆွေးနွေးရန် ပန်မွန်ဂျုံကျေးရွာ၌ ဇူလိုင် ၆ ရက်တွင် ဆွေးနွေးမှုများပြုလုပ်ရန် ကမ်းလှမ်းခဲ့ကြောင်း ကိုရီးယားနိုင်ငံအချင်းချင်းဆက်ဆံရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားက တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များကို ၎င်းတို့၏ စက်ရုံများထိန်းသိမ်းဆောင်ရွက်ရန် လာရောက်ခွင့်ပြုခဲ့ပြီးနောက် တစ်ရက်အကြာတွင် အဆိုပါဆိုးလ်ကမ်းလှမ်းချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

မောင်မွေး ရေးသားသည်

အီဂျစ်အရေးအခင်းကြောင့် ရေနံစိမ်းတစ်စည် ဒေါ်လာ ၁၀၀ ကျော်

ကိုင်ရို ဇူလိုင် ၄

အီဂျစ်နိုင်ငံ၌ဖြစ်ပွားနေသော နိုင်ငံရေးအခြေအနေကြောင့် အမေရိကန်ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထက် မြင့်တက်လာကြောင်း ဇူလိုင် ၃ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ထိုကဲ့သို့ ရေနံဈေးနှုန်းမြင့်တက်မှုသည် ၂၀၁၂ ခုနှစ် စက်တင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။ အာရှဈေးကွက်တွင် အမေရိကန်ရေနံစိမ်းတစ်စည်လျှင် ၁၀၁ ဒသမ ၈၀ ဒေါ်လာအထိရှိပြီး ၂ ရာခိုင်နှုန်း ဈေးမြောက်လာသည်။

အီဂျစ်နိုင်ငံအတွင်း နိုင်ငံရေးဆူပူမှုများ ဖြစ်ပွားနေစဉ် ရေနံတင်သင်္ဘောများမှာလည်း စူးအက်တူးမြောင်းကိုဖြတ်ရန် မဝံ့မရဲဖြစ်နေကြသည်။ **(ဘီဘီစီ)**

အစွန်းရောက်တပ်ဖွဲ့တိုက်ခိုက်မှု ပါလက်စတိုင်းအတိုက်အခံ ခေါင်းဆောင် ဒဏ်ရာရ

ရာမာလတ် ဇူလိုင် ၄

ပါလက်စတိုင်း အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်သည့် မူစတာဖာဘာဟော့သီသည် အစွန်းရောက်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုတစ်ခုတွင် ဒဏ်ရာရရှိခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်အရ သိရသည်။

ဘာဟော့သီသည် ရာမာလတ်မြို့အရှေ့မြောက်ဘက် ၅ ကီလိုမီတာ (၃ မိုင်) အကွာရှိ အနောက်ဘက်ကမ်းအလယ်ပိုင်း ဘိုက်တင်မြို့၌ ဇူလိုင် ၃ ရက်က ဆန္ဒပြမှုတစ်ခုအား အစွန်းရောက်တပ်ဖွဲ့ဝင်များက တိုက်ခိုက်ရာတွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း အီဂျစ် နေ့စဉ်ထုတ် သတင်းစာတစ်စောင်က ဖော်ပြသည်။ **(ပရက်စ်တီဗွီ)**

မွမ်ဘိုင်း၌ နှစ်လွှာအဆောက်အအုံဟောင်း ပြိုကျမှုဖြစ်ပွား

နယူးဒေလီ ဇူလိုင် ၄

အိန္ဒိယနိုင်ငံ သာနီပြည်နယ် မွမ်ဘိုင်းမြို့အနီး ဇူလိုင် ၄ရက်က နှစ်ထပ်အဆောက်အအုံတစ်ခု ပြိုကျမှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ ၁၅ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ရေးသားထားသည်။

အဆိုပါ အဆောက်အအုံသည် အထည်ချုပ်စက်ရုံတစ်ခုဖြစ်ပြီး ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်က ပြိုကျခြင်းဖြစ်သည်ဟု ဒေသခံရဲတပ်ဖွဲ့ဝင်များက ဆိုကြသည်။

ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်လျက်ရှိပြီး အပျက်အစီးများကြား၌ လူများစွာတို့ ပိတ်မိဆဲဟု သိရသည်။ အဆောက်အအုံပြိုကျရခြင်း အကြောင်းအရင်းမှာ ၎င်းနှစ်ထပ်အဆောက်အအုံဟောင်း၌ တရားမဝင်နောက်ထပ်တစ်လွှာ ထည့်ဆောက်မှုကြောင့် ဖြစ်နိုင်ကြောင်း သိရသည်။ ယခုတစ်ကြိမ် အဆောက်အအုံပြိုကျမှုအပါအဝင် သာနီပြည်နယ်၌ ရက်သတ္တသုံးပတ်မပြည့်မီ သုံးကြိမ်မြောက် ပြိုကျခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

အထီးကျန်နေတဲ့ တရုတ်သက်ကြီးရွယ်အိုတို့ရဲ့ မျှော်လင့်ချက်

မောင်နွေသစ်

မိဘတွေဟာ သားသမီးတွေငယ်ရွယ်စဉ်မှာ လုပ်ကိုင်ကျွေးမွေးကြသလို သားသမီးတွေ အချိန်တန်အရွယ်ရောက် လူလားမြောက်လာပြန်တော့လည်း မိဘတွေကို ကျွေးမွေးပြုစုစောင့်ရှောက်ကြရပါတယ်။ ဒါဟာ ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ မိဘနဲ့ သားသမီးတွေအကြား အပြန်အလှန်ထားရှိတဲ့ မေတ္တာတရားပါပဲ။

ဒါပေမယ့် အချို့နိုင်ငံတွေမှာတော့ မိဘတွေက သားသမီးတွေကို အသက် ၁၈ နှစ်အထိလောက်ပဲ လုပ်ကိုင်ကျွေးမွေးပြုစုကြတယ်တဲ့။ တစ်ဖန်သားသမီးတွေကလည်း မိဘတွေ အသက်အရွယ်ကြီးရင့်လာတဲ့အခါ ပြုစုစောင့်ရှောက်ကြတာ နည်းတယ်တဲ့။ ဒီလို မိဘနဲ့ သားသမီးတွေအကြား သဟဇာတဖြစ်မှုတွေ ကွာဟလာတဲ့အလျောက် မိဘတွေဟာ အသက်ကြီးလာတဲ့အခါ အတော်လေး အထီးကျန်ဘဝရောက်ကြရရှာပါသတဲ့။ ဒါက အနောက်နိုင်ငံအများစုမှာရှိပါတယ်။ တရုတ်နိုင်ငံလို နိုင်ငံမျိုးမှာတောင် သားသမီးတွေ စွန့်ပစ်တဲ့ မိဘတွေ အတော်များလာပါပြီတဲ့။ ဒါကြောင့်လည်း တရုတ်အစိုးရက အရွယ်ရောက် ကြီးပြင်းလာတဲ့ သားသမီးတိုင်းဟာ မိဘတွေထံ မကြာခဏ သွားရောက်လည်ပတ်ကြရမယ်။ မိဘတွေကို တစ်ဖန်ကျွေးမွေးပြုစုစောင့်ရှာက်ကြရမယ်လို့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းထုတ်ပြန်လိုက်ပြီဖြစ်ပါတယ်။ ဒီဥပဒေက ဇူလိုင် ၁ ရက်က စပြီး အကျိုးသက်ရောက်မှုရှိတယ်လို့ ဆိုပါတယ်။ ဒီဥပဒေကို သက်ကြီးရွယ်အိုတွေရဲ့ အခွင့်အရေးဥပဒေလို့လည်း ခေါ်ကြပါတယ်။ ဒီဥပဒေက အရွယ်ရောက်လာတဲ့ သားသမီးတိုင်းဟာ မိဘတွေကို တစ်ဖန်ပြုစုစောင့်ရှောက်သင့်တယ်။ မိဘတွေရဲ့ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေ၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးကြဖို့ တိုက်တွန်းထားပါတယ်။

သို့ပေမယ့်လည်း ထောင်ပေါင်းများစွာသော တရုတ်ဝက်ဘ်ဆိုက်အသုံးပြုကြသူများက လှောင်ပြောင်သရော်ကြတယ်တဲ့။ တရုတ်နိုင်ငံတစ်ဝန်း မေးခွန်းထုတ်သူတွေ၊ ဝေဖန်သူတွေ အတော်များတယ်တဲ့။ တရုတ်အစိုးရရဲ့ တရားဝင်စာရင်းအရ ၂၀၁၀ ခုနှစ်အထိ တရုတ်နိုင်ငံမှာ အသက် ၆၀ ကျော်တဲ့သူ ၁၇၈ သန်းကျော်ရှိပါသတဲ့။ အဲဒီလူဦးရေဟာ ၂၀၃၀ ပြည့်နှစ်ရောက်လို့ရှိရင် နှစ်ဆတိုးလာဦးမယ်တဲ့။ ဒါကြောင့် တရုတ်အစိုးရအနေနဲ့ သက်ကြီးရွယ်အိုစောင့်ရှောက်မှု ထိရောက်စွာတိုးတက်လာဖို့အတွက် သားသမီးတွေဟာ မိဘတွေဆီ သွားရောက်လည်ပတ်ကြရမယ်။ မိဘတွေကို ပစ်ပယ်မထားသင့်ဘူး။ မိဘတွေကို ကျွေးမွေးပြုစုစောင့်ရှောက်သင့်တယ်ဆိုတဲ့ ဥပဒေကို ပြဋ္ဌာန်းလိုက်တာဖြစ်မှာပါ။ မိဘတွေဆိုတာ အသက်အရွယ်ကြီးလာပြီး အိုမင်းမစွမ်းတော့ဘူးဆိုရင် သားသမီးတွေရဲ့ ကျွေးမွေးပြုစုစောင့်ရှောက်မှုကို ခံယူလိုကြပါတယ်။ ဒါဟာ မိဘတွေက သားသမီးတွေထံကနေ မျှော်လင့်ထားတဲ့အချက်ပါ။ ဒါပေမယ့် ဘယ်မိဘကမှ သားသမီးတွေကို ပြန်လည်လုပ်ကိုင်ကျွေးမွေးသင့်တယ်လို့ ပြောဆိုလေ့မရှိကြပါဘူး။ ချို့ချို့ငဲ့ငဲ့နဲ့ အသက်သာ အသေခံသွားမယ်၊ ဒီစကားကိုတော့ သူတို့ပါးစပ်က ပြောမထွက်ကြပါဘူး။ ဒါဟာ မိဘတွေက သားသမီးတွေအပေါ်မှာထားတဲ့ မေတ္တာတရားပါပဲ။

လူတွေဟာ အိမ်ထောင်ရက်သားကျသွားပြီဆိုရင် ဘဝကို ရုန်းကန်ရင်း မိဘတွေနဲ့ အနေဝေးသွားတတ်ကြပါတယ်။ တစ်ခါတလေ သားသမီးတွေက မုန့်တစ်ချပ်၊ ဟင်းတစ်ခွက်လောက်များလာပေးတဲ့အခါ "သြော် . . ငါ့သားကြီးက အဖေတို့ကို ပစ်မထားဘဲကိုး၊ ငါ့သမီးက အမေတို့ကို အမှတ်ရသေးတာပဲ" ဆိုပြီး ပီတိဖြစ်ကြရပါတယ်။ မိဘတွေက သားသမီးတွေဆီက အဓိကမျှော်လင့်တာက နွေးထွေးမှုလေးပါပဲ။ တရုတ်နိုင်ငံမှာ ဒီဥပဒေပြဋ္ဌာန်းလိုက်တဲ့အတွက် အဖော်မဲ့အထီးကျန်နေတဲ့ မိဘတွေ၊ သက်ကြီးရွယ်အိုတွေအတွက်တော့ အားဆေးတစ်ခွက်ပါပဲ။ ။

နိုင်ငံတကာသတင်း

ပြင်သစ်သမ္မတ ပတ်ဝန်းကျင်ဝန်ကြီးကို အလုပ်ဖြုတ်

ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်သည် သူ၏ပတ်ဝန်းကျင်ရေးရာဝန်ကြီး ဒယ်လ်ဖိုင်းဘတ်သိုးအား ၎င်း၏ ဝန်ကြီးဌာန ကုန်ကျစရိတ်များ လျှော့ချမှုအပေါ် ဝေဖန်ခဲ့မှုဖြင့် အလုပ်မှ ဖြုတ်လိုက်သည်။ သူမ၏ နေရာတွင် ဖီးလစ်မာတင်ကို အစားထိုးမည်ဟု ပြင်သစ်သမ္မတရုံးက ပြောကြားသည်။ စာစောပိုင်းကဘဏ္ဍာရေးဝန်ကြီး ပီယာရေးမော့စ်ကိုဗီစီက ဘတ်ဂျက်လိုငွေလျှော့ချရန် ကြိုးစားသည့်အနေဖြင့် လာမည့်နှစ်တွင် ယူရို ၁၄ ဘီလီယံကုန်ကျမှု ကာမိစေမည့် အစီအစဉ်ကို ကြေညာခဲ့သည်။ လာမည့်နှစ်တွင် ပြင်သစ်နိုင်ငံ၌ အစိုးရအသုံးစရိတ်များကို ၁၉၅၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် လျှော့ချသွားမည်ဟု ဆိုသည်။ မစ္စဘတ်သိုးသည် သူမ၏ စွမ်းအင်နှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာနမှ အသုံးစရိတ်ခုနစ်ရာခိုင်နှုန်းလျှော့ချရန် သဘောမတူခဲ့သည့်အတွက် အလုပ်မှအဖြုတ်ခံရသည်။

ကွန်ပျူတာမောက်(စ်)တီထွင်သူ ကွယ်လွန်

ကွန်ပျူတာမောက်(စ်)ကိုတီထွင်သူ ဒေါက်အိန်ဂျယ်ဘတ်သည် အသက် ၈၈ နှစ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဇူလိုင် ၃ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ အိန်ဂျယ်ဘတ်သည် ၁၉၆၀ ပြည့်လွန်နှစ်များက မောက်(စ်)ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးမပြုမီ ကာလကြာရှည်စွာ သတ္တုဘီးငယ်နှစ်ခုကို ဖုံးအုပ်ထားသည့် သစ်သားဖုံးမောက်(စ်)ကို စတင်တီထွင်အသုံးပြုခဲ့သည်။ သူသည် အီးမေးလ်တီထွင်အသုံးပြုခြင်းနှင့် ဗီဒီယိုတယ်လီကွန်ဖရင့် အသုံးပြုခြင်းတို့ကိုလည်း ကယ်လီဖိုးနီးယား သုတေသန၌ ပြုလုပ်ခဲ့သည်။ ၎င်းသည် အော်ရီဂွန်ပြည်နယ်တက္ကသိုလ်တွင် လျှပ်စစ်အင်ဂျင်နီယာဘာသာရပ်များသင်ယူခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ရေဒါပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

လိင်တူလက်ထပ်သူများ ကလေးမွေးစားခွင့်မရှိ

ရုရှားနိုင်ငံတွင် လိင်တူလက်ထပ်ထိမ်းမြားသော စုံတွဲများ ကလေးမွေးစားခြင်းကို ပိတ်ပင်သည့် ဥပဒေကို ရုရှားသမ္မတ ဗလာဒီမာပူတင်က လက်မှတ်ရေးထိုးအတည်ပြုလိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ လိင်တူလက်ထပ်ထားသော နိုင်ငံခြားသားများအနေဖြင့် ရုရှားကလေးများကို မွေးစားခွင့်မပြုနိုင်ကြောင်း ၎င်းဥပဒေက ဖော်ပြထားသည်။ ယင်းဥပဒေသည်ရုရှားကလေးများအား ကာကွယ်ပေးနိုင်လိမ့်မည်ဟုဆိုသည်။ ပြင်သစ်နိုင်ငံ၌ လိင်တူအမျိုးသားအချင်းချင်း လက်ထပ်ခွင့်ပြုပြီး ကလေးမွေးစားခြင်းကိုလည်း ပြုလုပ်နိုင်ကြောင်းကြေညာခဲ့ပြီးနောက် ရုရှားကအထက်ပါအတိုင်း ဥပဒေထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မြင့်မောင်စိုး - စုစည်းသည်

သွားကျန်းမာရေးကောင်းစေနိုင်သည့် နေ့စဉ် စားသောက်ဖွယ်ရာ ခြောက်မျိုး

နေ့စဉ်နေ့တိုင်း ပုံမှန်သွားတိုက်ခြင်းကသာလျှင် သွားကျန်းမာရေးအတွက် နည်းလမ်းကောင်းတစ်ရပ်မဟုတ်၊ အောက်ပါအစားအသောက်များသည်လည်း သွားများပိုမိုသန့်ရှင်းခြင်းနှင့် ဖြူဝင်းသောသွားနှင့် ပြုံးအလှကို ဆောင်နိုင်ကြောင်း ပညာရှင်တို့က အကြံပြုထားသည်။

မှို။ ။မှိုသည် ဇီဝကိုယ်ခံအားစနစ်အတွက် အကောင်းဆုံးကျန်းမာရေးအစားအစာဖြစ်သည်။ သွားများအတွက်လည်း သင့်လျော်ကောင်းမွန်သည်။ သွားချေးတက်ခြင်းကို လျော့နည်းပျောက်စေနိုင်သည်။

သောက်ရေသန့်။ ။ သွားများ ထိန်းသိမ်းကာကွယ်ရေးအတွက် အလွယ်တကူ အရိုးရှင်းဆုံးနှင့်အထိရောက်ဆုံး နည်းလမ်းသည် ရိုးရိုးရေသန့်သောက်သုံးခြင်းပင် ဖြစ်သည်။ ရေသောက်ခြင်းက သွားဖုံး အစိုဓာတ်ကို ရရှိစေသကဲ့သို့ ခံတွင်းတွင် ခြောက်သွေ့မှုမရှိစေဘဲ အရည်စိုရွှမ်း နေစေသည်။ သွားများပေါ်တွင် တင်ကျန်ရစ်နေတတ်သည့် စားကြွင်းစားကျန်များကိုလည်း ဖယ်ရှားရှင်းလင်းစေနိုင်သည်။ ထို့အပြင် ခံတွင်းအတွင်း၌ ဗက်တီးရီးယားပိုးများ ပျံ့နှံ့မှုကိုလည်း အဟန့်အတားဖြစ်စေနိုင်သည်။

တရုတ်နံနံပင် ။ ။တရုတ်နံနံပင်သည် အမျှင်ဓာတ်ကြွယ်ဝသဖြင့် တရုတ်နံနံမြစ်ကို ဝါးပေးခြင်းသည် သွားများကို သန့်ရှင်းစင်ကြယ်စေသည်။ ထိုသို့ ဝါးပေးခြင်းသည် သွားရည်စိုထွက်မှုကိုလည်း ဖြစ်ပေါ်စေသဖြင့် ပါးစပ်တွင်း PH အဆင့်ကို ထိန်းညှိပေးပြီး သွားပိုးစားခြင်းကို ကာကွယ်နိုင်သည်။

ဗီတာမင်စီကြွယ်သစ်သီးများ။ ။ဗီတာမင်စီသည် သွားဖုံးကျန်းမာရေးတွင် များစွာအရေးပါသော ဓာတ်ဖြစ်သည်။ နေ့စဉ် ဗီတာမင်စီလုံလောက်စွာမစားသုံးပါက သွားဖုံးရောင်ခြင်း၊ သွားဖုံးချေးကွက်ခြင်းတို့ကို ကြုံတွေ့ရသလို သွားကျိုးခြင်း၊ သွားနံခြင်းများလည်း ဖြစ်လာစေနိုင်သည်။

ဒိန်ချဉ်။ ။ဒိန်ချဉ်တွင်ပါသောကယ်လ်စီယမ်နှင့် ဖော့စပရပ်စ်ဓာတ်တို့သည်လည်း ပါးစပ်ခံတွင်းရှိ PH အဆင့်ကိုညှိပေးနိုင်သဖြင့် သွားအခေါင်းပေါက်ဖြစ်ခြင်းကို ကာကွယ်နိုင်သည်။ ဒိန်ချဉ်တွင် ကယ်လ်စီယမ်အရင်းအမြစ်ကြွယ်ဝခြင်းသည် အရိုးနှင့်သွားများကို ကျန်းမာသန်စွမ်းစေသည်။

လက်ဖက်ရည်ကြမ်း ။ ။ လက်ဖက်ရည်ကြမ်းတွင် ပါဝင်သော Polyphenols (Polycarholic) ရောဂါပိုးကင်းရှင်းစေသော ကာဘော်လစ်ဓာတ်သည် အာခံတွင်း၌ ဗက်တီးရီးယားပိုးများကို သေစေနိုင်စွမ်းရှိသည်။ သွားပိုးစားခြင်းနှင့် အခြားသွားနှင့် ခံတွင်းရောဂါများ တားဆီးကာကွယ်ရာတွင် အားထားနိုင်သည်။

မောင်သံဆင့်-ရေးသည်

လက်ဖက်ရည်ကော်ဖီသောက်ပေးခြင်းဖြင့် သွေးတိုးကျစေနိုင်

လက်ဖက်ရည်၊ ကော်ဖီချစ်သူများသည် လက်ဖက်ရည် ကော်ဖီလုံးဝမသောက်သူများထက် သွေးတိုးရောဂါဖြစ်ပွားမှုနည်းပါးကြောင်း လေ့လာမှုအသစ်တစ်ရပ်က ဆိုထားသည်။ အဆိုပါ လေ့လာမှုသစ်သည် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ရောဂါတားဆီးရေးနှင့် ဆေးခန်းများ စုံစမ်းရေးစင်တာမှ သွေးတိုးရောဂါဖြစ်ရခြင်း အကြောင်းရင်းနှင့် ကဖင်းဓာတ်ပါအစားအသောက်များ စားသုံးခြင်းတို့အကြား သုတေသနပြုခဲ့ကြခြင်းပင်ဖြစ်သည်။

သွေးတိုးရောဂါကို လူလတ်ပိုင်းအရွယ်၌ လေးယောက်တွင် တစ်ယောက်နှုန်းတွေ့ရတတ်ပြီး အသက် ၆၅ နှစ်ကျော်ပါက နှစ်ယောက်တွင် တစ်ယောက်နှုန်းဖြစ်လေ့ဖြစ်ထရှိသော ရောဂါဖြစ်သည်။ သွေးတိုးရောဂါဖြစ်ပွားသူသည် နောက်ဆက်တွဲဖြစ်သော နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့်အခြားသောရောဂါဆိုးများ ဆက်နွှယ်ပါလာတတ်သည်။

ထို့ကြောင့် ယခု လေ့လာမှုအသစ်က အသက် ၁၆ နှစ်နှင့် ၉၅ နှစ်ကြားရှိ အမျိုးသား၊ အမျိုးသမီးတို့အား ဆယ်စုနှစ်တစ်ခုမျှကြာအောင် စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်သည်။ ၎င်းသုတေသီများသည် လက်ဖက်ရည်ကော်ဖီလုံးဝသောက်လေ့မရှိသူ၊ တစ်ရက်လျှင် လေးခွက်သောက်သူနှင့် လေးခွက်အထက်ပိုသောက်သူဟူ၍ အုပ်စုသုံးစုခွဲကာ လေ့လာခဲ့ရာ ကော်ဖီလက်ဖက်ရည်လုံးဝမသောက်သူအုပ်စုတွင် သွေးတိုးဖြစ်မှုနှင့် နှလုံးရာဂါဖြစ်ပွားမှုများ အခြားအုပ်စုနှစ်ခုထက် ပိုမိုတွေ့ရသည်ဟု ဆိုသည်။ ကျွမ်းကျင်သူများ အဆိုအရ ဆိုးဆိုးရွားရွား သွေးတိုးနေခဲ့လျှင်ပင် ကဖင်းဓာတ်ပါသော အစားအသောက်များက သွေးတိုးရောဂါကို လျော့ကျစေနိုင်စွမ်းသည်ဟု ဆိုကြသည်။ မည်သို့ပင်ဆိုစေကာမူ နောက်ထပ်စောင့်ကြည့်သုတေသနလုပ်ရန်လည်း ကျန်ပါသေးသည်ဟုလည်း ဆိုထားသည်။

(နေခြည်)

MYANMAR BUSINESS PLAN CONTEST 2013
(Jointly organized by UMFCCI and CIESF)
မှ MYANMAR BUSINESS PLAN CONTEST 2013 ပြိုင်ပွဲတစ်ရပ်ကျင်းပသွားမည်
Level I အဆင့် - USD1000; USD400; USD200
Level II အဆင့် - USD3000; USD1000; USD500
Business Plan Outline
Introductory Lecture on Business Plan
UMFCCI Office Tower
Tel: 214344~49 (Ext. 133, 134)

TSO သစ္စာဦး အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြင်းခြံ = ရန်ကုန် = တောင်ကြီး
Sky Net

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ဆောင်းပါး

မြန်မာ့အလင်းသတင်းစာနှင့် တွေ့ဆုံဆွေးနွေးမေးမြန်းခန်း

အသေးစားချေးငွေလုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေး

နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ လိုလားချက်ဖြစ်သော နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးတို့ကို ပြုပြင်ပြောင်းလဲရေးအစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိရာ သမဝါယမဝန်ကြီးဌာနကလည်း ဦးတည်ချက်(၂)ရပ်၊ လုပ်ငန်းစဉ် (၅) ရပ်တို့ကို ချမှတ်ပြီး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ကြိုးပမ်းဖော်ဆောင်ရာတွင် အဓိကတာဝန် (၂)ရပ်ဖြစ်သော အသေးစားချေးငွေလုပ်ငန်း(Microfinance)နှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးအစီအစဉ်များကို ကျေးလက်နေပြည်သူများနှင့် မြို့ပြနေပြည်သူများ အသိရှိရှိဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။

မကြာသောကာလတွင်လည်း အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကျင်းပတော့မည်ဖြစ်၍ အထိမ်းအမှတ်အနေဖြင့် သမဝါယမဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်အား မြန်မာ့အလင်းသတင်းစာက သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ဆရာခင်ဗျား လက်ရှိလုပ်ဆောင်နေတဲ့ အသေးစားချေးငွေလုပ်ငန်း(Microfinance လုပ်ငန်း)ရဲ့ သတင်းတွေကြားနေရပါတယ်၊ အဲဒီလုပ်ငန်းကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ လုပ်နေတယ်ဆိုတာ သိပါရစေ. .

ဖြေ။ အသေးစားချေးငွေလုပ်ငန်း(Microfinance)ရဲ့ အဓိက ရည်ရွယ်ချက် (၂)ရပ်ကတော့-

၁။ ကျေးလက်နေပြည်သူတွေနဲ့ မြို့ပြနေအခြေခံပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ အရင်းအနှီးကို အတိုးကြီးပေးပြီးချေးယူရတဲ့ ဘဝက နေ သက်သာစေရန်နဲ့

၂။ နောင် ၄/၅နှစ်ကြာချိန်မှာတော့ ကျေးလက်နေပြည်သူတွေနဲ့ မြို့ပြနေအခြေခံပြည်သူတွေအနေနဲ့ အပြင်ကငွေချေးရန် မလိုတော့ဘဲ မိမိတို့ပိုင်ငွေနဲ့ မိမိဘာသာရပ်တည်နိုင်အောင် (Sustainable Development)ဖြစ်အောင် ရည်ရွယ်ဆောင်ရွက်နေတာဖြစ်ပါတယ်။

မေး။ အဲဒီလိုဆိုရင် ဒီလို အသေးစားချေးငွေ ရယူချင်တယ်ဆိုရင် သာမန်ပြည်သူတစ်ဦးအနေနဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောပြပေးပါ ဆရာ။

ဖြေ။ ဒီလို မိမိရဲ့ အရင်းအနှီးငွေတစ်ခုအတွက် လိုချင်တယ်ဆိုရင်တော့ အသေးစားချေးငွေလုပ်ငန်း (Microfinance)သမဝါယမ အသင်းသားဖြစ်ဖို့တော့ လိုပါတယ်၊ ဒါပေမယ့် သမဝါယမရဲ့ အနှစ်သာရ မူဝါဒနဲ့အညီ ဆန္ဒရှိသူသာ ပါဝင်ဖို့လိုပါတယ်။ ဆန္ဒရှိသူတွေကိုယ်တိုင် မိမိသဘောနဲ့ မိမိဝင်လာပြီဆိုရင်တော့ ကိုယ်နဲ့ စိတ်တူသဘောတူသူအချင်းချင်း (၅)ဦးတစ်ဖွဲ့ ဝိုင်းကြီးချုပ်အဖွဲ့တွေဖွဲ့ရပါမယ်၊ ဒီလို ဝိုင်းကြီးချုပ်အဖွဲ့တွေကို အခြေပြုပြီးမှ သမဝါယမအသင်းကို ဆက်လက်ဖွဲ့သွားမှာ ဖြစ်ပါတယ်။

မေး။ ဒီလိုဖွဲ့ချင်တယ်ဆိုရင်. . . ဆရာတို့ဌာနက ဘာတွေလုပ်ပေးမှာလဲ ဆိုတာလည်း ရှင်းလင်းပေးပါဦး. . .

ဖြေ။ ကျွန်တော်တို့ သမဝါယမဦးစီးဌာနအနေနဲ့ကတော့ လိုအပ်တဲ့ စာရွက်/ပုံစံတွေထုတ်ပေးပြီး ဖွဲ့စည်းခွင့်ရအောင် လုပ်ထုံးလုပ်နည်းတွေနဲ့ဆောင်ရွက်တာကလွဲလို့ ဘယ်သူဖွဲ့ပါ။ ဘယ်သူနဲ့ မဖွဲ့ပါနဲ့ဆိုပြီး ဝင်ရောက်စွက်ဖက်မှာ မဟုတ်ပါဘူး၊ ဒီလိုပါပဲ သမဝါယမဖွဲ့စည်းချိန်မှာလည်း အမှုဆောင်တွေရွေးတဲ့အခါမှာ ဘယ်သူတွေရွေးပါဆိုပြီး ဝင်ရောက်စွက်ဖက်မှုတွေ မရှိပါဘူး၊ ကိုယ့်အသင်းကို ဦးဆောင်နိုင်မယ့်သူ သိက္ခာသမာဓိရှိသူကို ကိုယ့်ဘာသာရွေးကြရမှာ ဖြစ်ပါတယ်။

မေး။ ဝိုင်းကြီးချုပ်အဖွဲ့တွေ ဘယ်လောက်ရှိမှ သမဝါယမအသင်းဖွဲ့နိုင်မှာလဲဆိုတာနဲ့ ဘယ်လိုစည်းမျဉ်းတွေရှိသလဲဆိုတာ သိပါရစေ။

ဖြေ။ ။ဝိုင်းကြီးချုပ်အဖွဲ့ (၅)ယောက်တစ်ဖွဲ့နဲ့ဖွဲ့မယ်ဆိုရင်တော့ အကြမ်းအားဖြင့် ၁၀ဖွဲ့၊ ၁၁ဖွဲ့ အနည်းဆုံးနဲ့ နယ်မြေအခြေအနေပေါ်မူတည်ပြီး အများဆုံးသတ်မှတ်ဖွဲ့စည်းပေးတာမျိုးရှိပါတယ်။ ဒီလိုဖွဲ့တဲ့နေရာမှာ ဝိုင်းကြီးချုပ်အဖွဲ့တွေလိုက်နာရမယ့် စည်းကမ်း (၃)ချက် သို့မဟုတ် တာဝန်(၃)ရပ်ဆိုတာ ရှိပါတယ်။ ဒီအချက် (၃)ချက်ဟာ အသေးစားချေးငွေလုပ်ငန်း (Microfinance) အောင်မြင်မှုအတွက် အဓိကအကျဆုံး အချက်ဖြစ်သလို ဝိုင်းကြီးချုပ်အဖွဲ့ဝင်တွေအနေနဲ့ မဖြစ်မနေလိုက်နာရမှာဖြစ်တဲ့အတွက် အရေးကြီးပါတယ်၊ အဲဒီသုံးချက်ကတော့-

(၁) အဖွဲ့ဝင်များချေးငွေကို အလွဲသုံးစားမပြုဖို့ အချင်းချင်းထိန်းကျောင်းပေးခြင်း။

(၂) ချေးယူရရှိသောငွေကို မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၌ အမှန်တကယ် ထိရောက်စွာ အသုံးပြုစေရေး အဖွဲ့ဝင်အချင်းချင်း ထိန်းကျောင်းပေးခြင်း။

(၃) သတ်မှတ်ကာလတွင် ချေးငွေနှင့် ဝန်ဆောင်စရိတ် (အတိုး)ကို ပြန်လည်ပေးဆပ်ရန် အချင်းချင်းထိန်းကျောင်းပေးခြင်း၊ အဖွဲ့ဝင်တစ်ဦးက ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ကျန်အဖွဲ့ဝင်များက တာဝန်ယူပေးဆပ်ရခြင်းတို့ဖြစ်ပါတယ်။ ဒီနေရာမှာ ဖြည့်စွက်ပြောလိုတာက ပြင်ပမှာ ငွေချေးတယ်ဆိုရင် ပစ္စည်းပေါင်ထားတာမျိုးရှိပါတယ်။ ကျွန်တော်တို့ သမဝါယမကျတော့ အပေါင်းပစ္စည်း အာမခံထားရတာမျိုးမရှိပါဘူး။ ဒါပေမယ့် တာဝန်(၃)ရပ်ကိုတော့ တစ်ဦးချင်း တစ်ဖွဲ့ချင်းလိုက်နာဖို့ အာမခံရတာ ဖြစ်ပါတယ်။ နောက်ပြီးတော့ အသင်းတွေဖွဲ့တဲ့အခါမှာလည်း ဒီမိုကရေစီသဘောအရ အသင်းသားတွေ ဆန္ဒအတိုင်း ရွေးချယ်နိုင်ပါတယ်။ ကျွန်တော်တို့က ဝင်မစွက်ဖက်ပါဘူး။ ရွေးချယ်နိုင်ဖို့ မူဝါဒတော့ ရှိပါတယ်။ Slogan (ဆောင်ပုဒ်)လေးနဲ့ သတ်မှတ်ထားပါတယ်။ အဲဒါကတော့ **"လူပုဂ္ဂိုလ်ရွေးရေးသည် သာမည၊ သမဝါယမ အောင်မြင်ရေးသည် အဓိက"** ဆိုတဲ့အတိုင်း ကျင့်သုံးဖို့တော့ ဆိုပါတယ်။

မေး။ ဆရာတို့အနေနဲ့ ထုတ်ချေးတဲ့အခါမှာ ဘယ်လိုစနစ်တွေနဲ့ ဆောင်ရွက်နေတယ်ဆိုတာလဲသိပါရစေ။

ဖြေ။ သမဝါယမအသင်းတွေဖွဲ့ပြီးပြီဆိုရင် အသင်းတွေက ပြုစုပေးတဲ့ စာရင်းအတိုင်းသက်ဆိုင်ရာ မြို့နယ်နဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေက အဆင့်ဆင့်တင်ပြလာတဲ့အခါမှာ သတ်မှတ်နှုန်းထားများအတိုင်း ငွေချေးပေးမှာဖြစ်ပါတယ်၊ ပထမအကြိမ်ချေးတဲ့အခါမှာပဲ အစုငွေ ၅၀၀၀ဆီ စုရမှာဖြစ်ပါတယ်၊ ဒါကလည်း သမဝါယမမူအတိုင်းဖြစ်ပြီး အသင်းသားတွေအနေနဲ့ ကိုယ်ပိုင်ငွေရှိလာအောင် လုပ်ပေးတာပါပဲ. . သတ်မှတ်ကာလပြည့်ရင်တော့ ချေးငွေရော အတိုး သို့မဟုတ် ဝန်ဆောင်စရိတ်ပါ ပြန်ဆပ်ရပါတယ်၊ တာဝန်ကျေ ပေးဆပ်နိုင်ရင် ဆက်ခါဆက်ခါ ချေးသွားမှာဖြစ်ပါတယ်။ ဒုတိယအကြိမ်မြောက် ချေးတဲ့အချိန်မှာတော့ အသင်းသားတွေဟာ ချေး ငွေရဲ့ ၁၀ရာခိုင်နှုန်းကို စုဆောင်းငွေထည့်ရမှာဖြစ်ပါတယ်။ ဥပမာ ၅၀၀၀၀ ချေးရင် ၅၀၀၀စုဆောင်းရပါမယ်။ ဒီလိုချေးတိုင်း ၁၀ ရာခိုင်နှုန်း စုဆောင်းတဲ့အတွက် အသင်းသားတွေမှာ ကိုယ်ပိုင်ငွေ တဖြည်းဖြည်းတိုးလာမှာဖြစ်ပါတယ်။ စုဆောင်းတဲ့ငွေပေါ်မှာလည်း အတိုးပေးသွားမှာဖြစ်ပါတယ်။ အခုလောလောဆယ်တော့ ထုတ်ချေးတဲ့အခါမှာ ထုတ်ချေးငွေ ၁၀၀ပေါ်မှာ တစ်လအတွက် နှစ်ကျပ်ခွဲ ဝန်ဆောင်မှု စရိတ်ယူမှာဖြစ်ပါတယ်။

မေး။ ၁၀၀အပေါ်မှာ နှစ်ကျပ်ခွဲယူတာကို ဝန်ဆောင်စရိတ်လို့ သုံးစွဲရခြင်းအကြောင်းကိုလည်း ရှင်းပြပေးစေချင်ပါတယ်။

ဖြေ။ အတိုးဆိုတာကတော့ ငွေချေးတဲ့သူက သူ့အကျိုးအတွက် ယူသွားတာဖြစ်လို့ အတိုးလို့ခေါ်တာပါ။ ယနေ့ ကျွန်တော်တို့လုပ်ငန်းမှာ ယူတာက တစ်ဦးတစ်ယောက်အကျိုးအတွက်မဟုတ်ဘဲ လုပ်ငန်းကြီးတစ်ခုလုံး ရှင်သန်ဖွံ့ဖြိုးအောင် (Sustaintable Development ဖြစ်အောင်)လုပ်ငန်းတွေမှာ ပြန်လည်သုံးစွဲတာဖြစ်လို့ ဝန်ဆောင်စရိတ်လို့ ပြောရခြင်းဖြစ်ပါတယ်။

မေး။ နှစ်ကျပ်ခွဲပေါ်မှာ ဘယ်လိုခွဲဝေသုံးစွဲတယ်ဆိုတာ သိပါရစေ။

ဖြေ။ နှစ်ကျပ်ခွဲထဲက ၇၅ပြားကို အခြေခံသမဝါယမအသင်းကို ပြန်ပေးပါတယ်။ အသင်းကပေးတာဖြစ်လို့ အဲဒီအသင်းမှာပါတဲ့ အသင်းသားတွေ အကျိုးပါရှိသွားတာပေ့ါ။ ပြား၄၀ကိုတော့ မြို့နယ်သမဝါယမအသင်းစုကို ပြန်ပေးပါတယ်။ အဲဒီအသင်းစုမှာလည်း အခြေခံအသင်းတွေ၊ အသင်းသားတွေပါလို့ သူ့တို့ကို အကျိုးပြုပြန်ပါတယ်။ ကျန်တဲ့ ၁၀ပြားကိုတော့ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်ကိုပြန်ပေးခဲ့ပါတယ်၊ ဒီမှာလည်း အသင်းစု၊ အခြေခံအသင်း၊ အသင်းသားတွေအတွက်ပါ အကျိုးပြုတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလုပ်ငန်းအတွက် ဝန်ဆောင်စရိတ် နှစ်ကျပ်ခွဲယူတယ် ပြောပေမယ့် တကယ်တော့ ငါးမတ်ပဲ ယူတယ်ဆိုတာ တွေ့ရမှာပါ။

မေး။ ဒီလိုဆိုရင် ကျန်တဲ့ ငါးမတ်ကို ဘယ်လိုသုံးစွဲတယ်ဆိုတာ သိပါရစေ။

ဖြေ။ ကျန်တဲ့ ငါးမတ်ကိုတော့ Microfinance Bankက ယူရပါတယ်။ ဘဏ်အနေနဲ့ကလည်း ၈၃ပြားကို ဘဏ်မှာ ငွေလာစုသူတွေကို အတိုး အဖြစ်ပေးသွားမှာပါ။ ၄၂ပြားကတော့ ဘဏ်မှာကျန်ပါတယ်။ ဘဏ်ကလည်း ဘဏ်မူဝါဒအရ ရန်ပုံငွေထားခြင်း၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးနိုင်မှု ရန်ပုံငွေ၊ဝန်ထမ်းခန့်ထားခြင်းများမှာ သုံးမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဝန်ဆောင်စရိတ် နှစ်ကျပ်ခွဲကို တစ်ဦးချင်းအတွက် အဖွဲ့အစည်းလုပ်ငန်းအတွက် ရှင်သန်ဖွံ့ဖြိုးနိုင်အောင် သုံးစွဲတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

မေး။ ဒီလိုဆိုရင် အသေးစားချေးငွေလုပ်ငန်းကြောင့် အသင်းသားတွေရရှိနိုင်တဲ့ အကျိုးကျေးဇူးကိုလည်း သိပါရစေ။

ဖြေ။ အသင်းသားတွေအနေနဲ့ ရရှိနိုင်တဲ့ အကျိုးကျေးဇူး(၃)ခု ရှိပါတယ်. . အဲဒါတွေကတော့

(၁) အတိုးနှုန်းသက်သာစွာဖြင့် အရင်းအနှီးချေးငွေရရှိခြင်း၊

(၂) မိမိပိုင် စုဆောင်းငွေများဖြင့် တဖြည်းဖြည်းများပြားလာခြင်း၊ နောင် မိမိလုပ်ငန်းအတွက် ပြန်လည်ထုတ်ယူခွင့်ရှိခြင်း။

(၃) မိမိကိုယ်ပိုင် စုဆောင်းငွေအပေါ်တွင် အတိုးရရှိခြင်း၊

မေး။ အသင်းသားအတွက် ရရှိသလို အသင်းကရရှိတဲ့ အကျိုးကျေးဇူးတွေကိုလည်း သိပါရစေ။

ဖြေ။ (၁) ဗဟိုကပေးသော ချေးငွေဖြင့် အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်ရာတွင် ဝန်ဆောင်ခ(အတိုး)ကို အချိုးကျရရှိခြင်း။

(၂) အသင်းသားများ၏ စုဆောင်းငွေများကြောင့် အသင်းသားရင်းနှီးငွေ များပြားလာခြင်း။

(၃) အသင်းပိုင်ရင်းနှီးငွေဖြင့် အသေးစားငွေစုငွေချေးလုပ်ငန်း လုပ်ကိုင်ရာတွင် ဝန်ဆောင်ခ (အတိုး)ကို အသင်းက အပြည့်အဝ ရရှိခြင်းတို့ဖြစ်ပါတယ်။ ဒီစနစ်အတိုင်း မှန်မှန်ကန်ကန်သွားရင် နောင် လေး၊ ငါးနှစ်အတွင်း ကျေးလက်ပြည်သူတွေ အပြင်ကနေ အတိုးကြီးကြီးနဲ့ ချေးစရာမလိုဘဲမိမိပိုင်ငွေနဲ့ ရပ်တည်လာနိုင်မှာဖြစ်ပါတယ်။

မေး။ ဒီလိုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ဆရာတို့ ဝန်ထမ်းတွေအနေနဲ့ ဆောင်ရန်ရှောင်ရန် အချက်တွေရှိရင်လည်း သိပါရစေ။

ဖြေ။ ဒီလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေတဲ့ ကျွန်တော်တို့ဝန်ထမ်းတွေအတွက် သံမဏိစည်းကမ်း(၂)ချက် ချမှတ်ပေးထားပါတယ်. . အဲဒါတွေကတော့. .

(၁) လုပ်ငန်းဆောင်ရွက်ရာတွင် ခွင့်ပြုပေးထားသော ရန်ပုံငွေဖြင့်သာ လုပ်ငန်းစရိတ်သုံးစွဲခြင်း အခြေခံသမဝါယမအသင်းထံမှသော်လည်းကောင်း၊ ငွေချေးယူကြသည့် အသင်းသားများထံမှသော်လည်းကောင်း တစ်စုံတစ်ရာ ငွေကြေးဖြတ်တောက်ခြင်း မပြုရပါ။

(၂) ချေးငွေများ နောက်တစ်ကြိမ် ထုတ်ချေးသည့်အခါ အဆင်ပြေ၍ ပြန်လည်ထုတ်ချေးပေးခြင်းမပြုရ၊ အမှန်တကယ် ပေးဆပ်ပြီးမှသာ ထပ်မံထုတ်ချေးရပါမယ်။

မေး။ ဆရာတို့လုပ်တဲ့ လုပ်နည်းစနစ်က အတော်ကောင်းပါတယ် ဒါပေမယ့် အတိတ်က သမဝါယမအကြောင်းတွေကြောင့် ရိုက်ခတ်လာတဲ့အပေါ်မှာ ဆရာအနေနဲ့ ဆွေးနွေးပေးစေလိုပါတယ်။

ဖြေ။ သမဝါယမဆိုတာက လူသားတွေရဲ့ လိုအပ်ချက် (Need) အရာပေါ်ပေါက်လာတဲ့ စနစ်ဖြစ်ပါတယ်၊ အထူးသဖြင့် ကျေးလက်ပြည်သူတွေရဲ့ လိုအပ်ချက်နဲ့ ပိုမိုကိုက်ညီတာတွေ့ရပါတယ်၊ ဒါကြောင့် သမဝါယမဆိုတာ လူသားတွေရှိနေသမျှ စနစ်မရွေး နိုင်ငံမရွေး ရှင်သန်နိုင်ပါတယ်၊ အခု ၂၀၁၃ ခုနှစ် ဇူလိုင် ၆ ရက် စနေနေ့မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ (UN International Day of Co-operative)နေ့အတွက် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ပေးပို့တဲ့သဝဏ်လွှာမှာ"ပဋိပက္ခ အခက်အခဲများကြားထဲမှာ ဆက်လက်ရှင်သန်နေမည့် သမဝါယမ (Co-operative Enterprise Remain Storng In Time of Crisis)"ဆိုတဲ့ ဆောင်ပုဒ်လို့ပေးပို့ထားပါတယ်၊ ဒါကြောင့် မူဝါဒစနစ်အတိုင်းသွားရင် သမဝါယမစနစ်ကြောင့်လား၊ လုပ်နည်းလုပ်ဟန်တွေကြောင့်လား၊ လူတွေရဲ့ ပယောဂကြောင့်လားဆိုတာနဲ့ သုံးသပ်ရင် သမဝါယမစနစ်ကြောင့်မဟုတ်ဘဲ လူတွေရဲ့ အားနည်းခြင်း၊ လုပ်နည်းလုပ်ဟန်အားနည်းခြင်းတွေကြောင့်ဆိုတာတွေ့ရမှာဖြစ်ပါတယ်။ ဒါတွေကြောင့်လည်း ကျွန်တော်တို့ သမဝါယမဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့အညီ လိုက်ပါနိုင်အောင် ဦးတည်ချက်(၂)ရပ်၊ လုပ်ငန်းစဉ်(၅)ရပ်ကို တိတိကျကျချမှတ်ပြီး အထက်က ဆွေးနွေးခဲ့တဲ့ နည်းစနစ်တွေအတိုင်း ချမှတ်ဆောင်ရွက်နေပြီဆိုတာ ပြောကြားလိုပါတယ်။ ။

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လိပ်ချောင်းတံတားတည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် အမှတ်(၁)

၁။	**မြစ်ကျောက်စရစ်**	- ၁၁၁ ကျင်း
၂။	**တင်ဒါပိတ်မည့်ရက်/ အချိန်**	- ၂၃-၇-၂၀၁၃ ရက်၊ ၁၂:၀၀ နာရီ
၃။	**တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၂၃-၇-၂၀၁၃ရက်၊ ၁၄:၀၀ နာရီ
၄။	**တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ**	- မြို့နယ်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဘိုကလေးမြို့နယ်၊ ဖုန်း-၀၆၇-၅၅၀၁၀၃၊ ၀၄၅-၄၅၅၃၁

၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

လွှတ်တော်ရေးရာကဏ္ဍ

◆ *ကျောဖုံးမှ*

ကားပစ္စည်းအရောင်းဆိုင်နှင့် သဘော်ာဆေးဆိုင်ပိုင်ရှင်များက ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများက ကော်ဘူးရောင်းချသောဆိုင်များကို ကလေးလူငယ်များအား ကော်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း စသည့်လုပ်ငန်းများကို ထိရောက်မှုရှိမည့် ကာကွယ်တားဆီးရေးလုပ်ငန်းများအဖြစ် ဌာနပေါင်းစုံက ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါး ပူးတွဲသုံးစွဲခြင်းရှိပါက ဆေးကုသရေးအဖွဲ့အနေဖြင့် မူးယစ်ဆေးစွဲရောဂါကုသနိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

TV အမှတ်တံဆိပ် "ကော်"ကို ရှူပါက ဖြစ်ပေါ်လာနိုင်သည့် ကိုယ်စိတ်အခြေအနေ၊ အပြုအမူ၊ ကျန်းမာရေး ထိခိုက်မှုနှင့် အကျိုးဆက်တို့ကို ပြည့်ပြည့်စုံစုံသိရှိနိုင်ရန် လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်၍ သက်ဆိုင်ရာဌာနများ ပူးပေါင်းညှိနှိုင်းကာ လိုအပ်သလိုဆောင်ရွက်နိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရမည့်ကိစ္စရပ်ဖြစ်သည်ဟု သဘောရရှိပါကြောင်းဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးက မှတ်ချက်ပြုထားပါကြောင်း၊ သို့ဖြစ်၍ လူငယ်အချို့ကော်ရှူသုံးစွဲမှုအား ပညာပေးဆုံးမခြင်း၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ မိဘပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကာကွယ်တားဆီးရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်းနှင့် ကော်ရှူသုံးစွဲမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လိုအပ်သော အမိန့်ကြော်ငြာစာများကို ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အတွင်း မေးမြန်း၊ ဆွေးနွေးမှုများသည် ပြည်သူများ၏လိုလားချက်၊ ပြည်သူများ၏အသံများဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသော ကိစ္စရပ်များ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ဖြစ်ထွန်းစေမည့် ဥပဒေများ ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ မေးခွန်းပါကိစ္စသည် ဌာနတစ်ခုတည်းဆောင်ရွက်၍ရသည့်ကိစ္စမဟုတ်ပါကြောင်း၊ ထိုနည်းတူ ပြည်သူများဘက်ကလည်း ပူးပေါင်းပါဝင်ရမည့်ကိစ္စများဖြစ်ပါကြောင်း၊ တစ်ခါတစ်ရံတွင် အသိပေးလိုက်၍ လွဲမှားစွာခံယူပြီး စမ်းသပ်သည့်သဘောဖြင့် လုပ်ဆောင်နိုင်သည်ဆိုသော ကိစ္စရပ်များသည် ဖြစ်ပေါ်လာနိုင်စရာအကြောင်းရှိသော်လည်း အသိပေးသင့်သည်ကို အချိန်မီအသိပေး၊ ကာကွယ်တားဆီးနိုင်သည်များကို အချိန်မီ ကာကွယ်တားဆီးနိုင်မှသာ မိမိတို့၏ ရည်မှန်းချက်နှင့် စေတနာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဦးစိုးစိုးမေးမြန်းသည့် မေးခွန်းအပေါ် အခြေခံ၍ နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ပြီး သက်ဆိုင်ရာအစိုးရအဖွဲ့သို့ အကြောင်းကြားမှုများ ဆောင်ရွက်ကာ အမျိုးသားရေးတာဝန်ကိစ္စရပ်ဖြစ်သည့်အတွက် မိမိတို့အားလုံး ဝိုင်းဝန်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသော **ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့်၊ သဃ်ာန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊ အင်းတော် မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးနှင့် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းတို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများ ပြုလုပ်ပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း လွှတ်တော်ကအတည်ပြုဆုံးဖြတ်ခဲ့သည်။

ယခုအတည်ပြုခဲ့သည့် ဥပဒေကြမ်းအပေါ် **သဃ်ာန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်**က "ကျွန်တော်ကိုယ်တိုင်က သတင်းမီဒီယာသမားဘဝကို ဖြတ်သန်းခဲ့ရတယ်။ အခုလည်း ရန်ကုန်တိုင်းမ်သတင်းစာမှာ တနင်္လာနေ့တိုင်း ပင်တိုင်ဆောင်းပါးရှင် ရေးနေတယ်၊ သတင်းမီဒီယာသမားတွေဟာ ယနေ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးမှာ တကယ့်ကို အထောက်အကူပြုတဲ့ အင်အားတွေလို့ မှတ်ယူရပါမယ်။ မီဒီယာနဲ့ပတ်သက်ပြီးပြောရရင် သူတို့ဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုမှာ စတုတ္ထမဏ္ဍိုင်အနေနဲ့ အင်မတန်အရေးပါတဲ့ အင်အားစုတွေဖြစ်တယ်၊ ဒါကြောင့် သူတို့ကိုဥပဒေ အကာအကွယ်ပေးရမယ်၊ သူတို့ရဲ့သတင်းလွတ်လပ်ခွင့်စံနှုန်းတွေပေ့ါ။ တကယ်အရေးကြီးတဲ့ ဥပဒေပြင်ဆင်မှုတွေကို အဆုံးအဖြတ်ပေးရင်တော့ စက်ခလုတ်နဲ့ အဆုံးအဖြတ်ယူတာက လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ဆန္ဒကို ပိုပြီးတော့ဖော်ထုတ်နိုင်ပါတယ်။ ဒီဥပဒေဟာ ပုံနှိပ်ထုတ်ဝေသူတွေကို အကာအကွယ်ပေးနိုင်မှာပါ၊

နောက်အရင်တုန်းက ဥပဒေကဥပဒေအာဏာပိုင်လက်ထဲမှာပဲ ရှိတယ်။ အခုဒီမှာ တရားမဝင်စာလို့ သတ်မှတ်ရင် တရားလွှတ်တော်ကို တက်ရောက်နိုင်တယ်။ ဒါတွေက တရားစီရင်ရေးယန္တရားရဲ့ ထိန်းကျောင်းမှု ပါလာတာပေ့ါ။ ဒါဟာ တိုးတက်လာတဲ့၊ ကောင်းတဲ့ အပြောင်းအလဲပဲ။ ပြည်ထောင်စုဝန်ကြီး အမြဲပြောနေတာပဲ။ နိုင်ငံတကာစံနှုန်းတွေနဲ့ ဖြစ်စေချင်တယ်ဆိုတဲ့ဟာကို သဘောတူပါတယ်။ နိုင်ငံတကာစံနှုန်းညီအောင် ကျွန်တော်တို့ကြိုးစားရမှာပါ။ ဥပဒေဆွေးနွေးတဲ့အခါမှာ သူ့အမြင်၊ ကိုယ့်အမြင်ပြောပြီးတော့ ညှိနှိုင်းမှုလုပ်ခဲ့ပါတယ်။ မီဒီယာဟာ စတုတ္ထမဏ္ဍိုင်ဖြစ်တယ်ဆိုတာကို နောင်လာမယ့် စာနယ်ဇင်းဥပဒေတွေမှာ ကျွန်တော်အစွမ်းကုန် ဆောင်ရွက်သွားပါမယ်"ဟု ပြောပြခဲ့သည်။

ထို့ပြင် **အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်**ကလည်း "ပြန်ကြားရေးက တင်သွင်းလာတဲ့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းက တကယ်တော့ အရေးတကြီး လိုအပ်တယ်လို့ ပြောရမယ်။ နောက်ပြီး ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းတွေ မြန်မြန်ဆန်ဆန် သွက်သွက်လက်လက်လုပ်ဖို့အတွက်လည်း မရှိမဖြစ် လိုအပ်လာတယ်။ နောက်ထပ်လည်း ပြန်ကြားရေးက တခြားဥပဒေတွေလည်း ထပ်ပေါ်လာဦးမှာပါ။ ဒီအတွက် ဥပဒေတွေဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် ကျိုးကြောင်း ဆီလျော်အောင်၊ အထောက်အပံ့ဖြစ်အောင် ခိုင်ခိုင်မာမာနဲ့ ပေါ်ထွက်လာဖို့ အရေးကြီးပါတယ်။ ဒီအတွက် လွှတ်တော်မှာ အင်တိုက်အားတိုက် ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

ဥပဒေတစ်ရပ် ပြဋ္ဌာန်းလိုက်တဲ့ အတွက် တိကျမှုဖြစ်လာတယ်။ ပြီးတော့ အရင်ဥပဒေဟောင်းတွေမှာ မပါခဲ့တဲ့ အချက်အလက်တွေ ထပ်မံဖြည့်စွက်တာက အခုလက်ရှိတိုးတက်လာတဲ့ အခြေအနေအရဖြစ်ပြီး အခုခေတ်နဲ့ မလျော်ညီတော့တာတွေကို တော့ ဖြုတ်သိမ်းလိုက်တာဖြစ်တယ်။ အဲဒါကို ဝန်ကြီးရော လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး လက်ခံခဲ့ပါတယ်။ ဒါဟာ ပြည်သူတွေ၊ ထုတ်လုပ်သူနဲ့ လုပ်ငန်းရှင်တွေအတွက် တကယ့်လိုအပ်ချက်တွေဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင်ရပ်နားခဲ့ပြီး အစည်းအဝေး အဌမနေ့ကို ဇူလိုင် ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစံပြည့်တို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးသည့်နောက်ပိုင်း ပြောင်းလဲလာသော နိုင်ငံတကာဆက်ဆံရေး အခြေအနေများအရ ပြည်ပတွင် မိမိနိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတကာနှင့် စီးပွားကူးသန်းရောင်းဝယ်ရေး၊ အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်တို့အတွက် ဦးစားပေးအစီအစဉ်အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာသံရုံး (သို့မဟုတ်) မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်တင်ပြ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က မြစ်-ချောင်း-ရေလှောင်တမံများမှ ရေကို သန့်ရှင်းအောင်ဆောင်ရွက်ပေးရန် (River Water Treatment) ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးနုက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုကြီး (၅) စုအားစုစည်း၍ ရပ်ကွက်များအဖြစ် ပြန်လည်ဖွဲ့စည်းကာ "ပုလဲမြို့" အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အဆိုကို ရုပ်သိမ်းခွင့်ပြုရန် တင်ပြရာ လွှတ်တော်က ရုပ်သိမ်းရန်သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေက နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်းအမျိုးမျိုးပြု၍ မြေနေရာရယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီးတို့ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်း လျာထားချက်အတိုင်း အကောင်အထည်မဖော်နိုင်ပါက ပြန်လည်သိမ်းယူပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးရန် အဆိုတင်သွင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးသိန်းနိုင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ကျင်းပပြီးစီးပြီး အစည်းအဝေး အဌမနေ့ကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ဦးခင်မောင်မြင့်
တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

"ကျွန်တော့်အမြင် ကုမ္ပဏီကြီးတချို့က စီမံကိန်းတွေချ မြေဧကတွေ အများကြီးယူပြီး တကယ်စိုက်ပျိုးတဲ့ အခါကျတော့ ဦးလှဆွေတင်ပြသလို ပြည့်ပြည့်ဝဝမစိုက်ပျိုးကြဘူး၊ တချို့စိုက်ပျိုးတဲ့ကုမ္ပဏီတွေလည်း အများကြီးရှိပါတယ်။ တချို့ကုမ္ပဏီတွေက ဆီအုန်းစိုက်ပျိုးဖို့ ဧက ၅၀၀၀ လောက်ယူထားပြီး တကယ်စိုက်တော့ ဧက ၅၀၀ လောက်ပဲစိုက်တယ်။ အပြင်ပန်းလေးတင်စိုက်ထားပြီး အတွင်းကတော့ ဘာမှမရှိဘူး၊ မြေကတော့ သူတို့အပိုင်မြေပေ့ါ၊ ဒါပေမယ့် အခုဘာပြဿနာဖြစ်နေလဲဆိုတော့ အရင်က သူတို့နှစ်ရှည်လများ မစိုက်ဘဲထားတဲ့ မြေတချို့ကို ဒေသခံတွေက ဝင်စိုက်တယ်။ သူတို့မစိုက်လို့ စိုက်တာ၊ အခုမှ ကုမ္ပဏီကြီးတချို့က ဒါ ငါတို့ပိုင်ပါတယ်ဆိုပြီး ဒေသခံတွေ စိုက်ထားတာတွေကို ဝင်ဖျက်တာတွေဖြစ်နေတယ်။ ဒါအကြောင်းရှိတယ်၊ ဘာလို့လဲဆိုရင် အခုဆို ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကြောင့် မြေဈေးတွေကောင်းနေတယ်။ ဒါကို အခွင့်ကောင်းယူပြီး တစ်ခါက သူတို့မလုပ်ခဲ့တဲ့ မြေတွေကို သူတို့ပိုင်ပါတယ်ဆိုပြီး ဖြစ်လာတယ်။ မြေယာစည်းကမ်းအရဆိုရင် လျာထားချက်အတိုင်း သုံးနှစ်ဆက်တိုက် မစိုက်ပျိုးဘဲ ဒီအတိုင်းထားရင် နိုင်ငံတော်က ပြန်သိမ်းပိုင်ခွင့်ရှိတယ်ဆိုတဲ့ စည်းကမ်းချက်ရှိပါတယ်။ ဦးလှဆွေပြောတာ မှန်ပါတယ်၊ ဒါကိုတော့ ကျွန်တော်တို့ လက်ခံရမယ်လေ" ဟု ပြောကြားသည်။

(သတင်းစဉ်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနအောက်ရှိ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများ(ပဲခူး၊ တောင်ငူ၊ ပြည်)နှင့်ခုတင်(၁၀၀)ဆံ့ဆေးရုံ၊ ခုတင်(၅၀)ဆံ့ဆေးရုံ၊ (၂၅)ခုတင်ဆံ့ဆေးရုံ၊ (၁၆) ခုတင်ဆံ့ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများ (ပဲခူး၊ တောင်ငူ၊ ပြည်)အတွက် တင်သွင်းလိုသည့် လျှောက်လွှာများကို သက်ဆိုင်ရာဆေးရုံကြီးများတွင် လျှောက်ထားရန်ဖြစ်ပြီး ကျန်ဆေးရုံနှင့် ဌာနများအတွက်တင်သွင်းလိုသည့် လျှောက်လွှာများကို ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် လျှောက်ထားရန် ဖြစ်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၄-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂-၈-၂၀၁၃ရက် ညနေ ၄ နာရီ

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့
ဖုန်း-၀၅၂-၂၁၂၁၇
ပဲခူးမြို့၊ ပြည်သူ့ဆေးရုံကြီး ဖုန်း-၀၅၂-၂၁၀၂၈
တောင်ငူမြို့၊ ပြည်သူ့ဆေးရုံကြီး ဖုန်း-၀၅၄-၂၃၉၀၆
ပြည်မြို့၊ ပြည်သူ့ဆေးရုံကြီး ဖုန်း-၀၅၃-၂၇၃၅၁

ပြည်တွင်းသတင်း

တပ်မတော်(ကြည်း၊ ရေ၊ လေ) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေ... ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။

နေပြည်တော် ဇူလိုင် ၄

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ကျင်းပသော တပ်မတော် (ကြည်း၊ ရေ၊ လေ) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက် ၈၀ ဒသမ ၆၉ ရာခိုင်နှုန်းဖြင့် ပထမဆု ရရှိသော အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(မင်္ဂလာဒုံ)မှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိအားလည်းကောင်း၊ အောင်ချက် ၇၃ ဒသမ ၇၃ ရာခိုင်နှုန်းဖြင့် ဒုတိယဆု ရရှိသော အခြေခံပညာ အထက်တန်းကျောင်း(ရွှေနတ်တောင်)မှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိအားလည်းကောင်း၊ အောင်ချက် ၆၈ ဒသမ ၂၄ ရာခိုင်နှုန်းဖြင့် တတိယဆု ရရှိသော အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းအုပ်ကြီးအားလည်းကောင်း၊ အောင်ချက် ၆၀ ရာခိုင်နှုန်းဖြင့် ပထမဆုရရှိသော အမှတ်(၃) ပညာရေးကျောင်းမှ ကျောင်းအုပ်ကြီးအားလည်းကောင်း၊ အောင်ချက် ၅၃ ဒသမ ၈၅ ရာခိုင်နှုန်းဖြင့် ဒုတိယဆုရရှိသော အမှတ်(၂)ပညာရေးကျောင်းမှ ကျောင်းအုပ်ကြီးအားလည်းကောင်း၊ အောင်ချက် ၃၅ ဒသမ ၇၁ ရာခိုင်နှုန်းဖြင့် တတိယဆုရရှိသော အမှတ်(၇) ပညာရေးကျောင်းမှ ကျောင်းအုပ်ကြီးအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မောင်ပြည့်ဖြိုးဝင်း၊ မောင်အောင်ပြည့်ပိုင်၊ မောင်ဟိန်းထက်နိုင်နှင့် မောင်ကောင်းပြည့်စုံလွင်တို့အားလည်းကောင်း၊ နိုင်ငံတော်အဆင့် ကျောင်းပေါင်းစုံစာစီစာကုံးပြိုင်ပွဲတွင် "ကျန်းမာဖွံ့ဖြိုးညဏ်ရည်တိုးဖို့ နွားနို့နေ့စဉ်သောက်ကြစို့" ခေါင်းစဉ်ဖြင့် ပထမဆုရရှိသော မခင်ငြိမ်းချမ်းစိုးအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မသင်းသီရိထက်၊ မအင်ကြင်းမွှေး၊ မခင်သက်စံ၊ မဝေနှင်းထွန်းနှင့် မဆုမွန်ထူးတို့အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

၄င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မောင်စည်သူကျော်၊ မောင်တော်ဇင်မောင်၊ မောင်ကျော်ဇေယျာမင်းနှင့် မောင်အာကာမင်းတို့အား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်က ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မောင်တိုးမြတ်နိုင်၊ မောင်ဇေယျာအောင်၊ မသဲနုစံနှင့် မဆုရတနာလှိုင်တို့အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ၁၆ ဦးအား လည်းကောင်း၊ ဗိုလ်ချုပ်ကြီး လှဌေးဝင်း၏ ဇနီး ဒေါ်မာမာဝေက ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူ ၁၆ ဦးအား လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူတို့က ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယနေ့ကျင်းပသော အခမ်းအနားတွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော် အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်း၊ တပ်မတော်ပညာရေးကျောင်း သုံးကျောင်းတို့အားလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးနှင့် အထက်ရရှိကြသော စစ်သည်များမှ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀ ဦး စုစုပေါင်းစစ်သည် ၂၂ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၆၅ ဦး၊ လေး...

▲ ရှေ့ဖုံးမှ

ထားရာ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများတွင် ငွေစက္ကူသုံးစွဲရန်မလိုဘဲ JCB Card ဖြင့် ငွေထုတ်ယူနိုင်တော့မည်ဖြစ်သည်။

အသုံးပြုနိုင်မည်

ဂျပန်နိုင်ငံတွင် JCB Card သုံးစွဲသူ ၆၅ သန်းခန့် ရှိနေပြီဖြစ်ရာ မြန်မာနိုင်ငံသားများလည်း အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ထို့အတူ ကမ္ဘာ့နိုင်ငံအသီးသီးမှ JCB Card ကိုင်ဆောင်သူများလည်း မြန်မာနိုင်ငံတွင် မကြာမီအသုံးပြုနိုင်တော့မည် ဖြစ်သည်။

(မြန်မာ့အလင်း)

❒ ရှေ့ဖုံးမှ

နွားမွေးမြူရေးနည်းပညာများ ဖြန့်ဖြူးပေးရန်အတွက် မြန်မာနိုင်ငံတွင် စံပြမွေးမြူရေးစခန်းထူထောင်ရန် စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့်လည်း နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးက ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Anthony Lynch နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ တတိယအကြိမ်...

နေပြည်တော် ဇူလိုင် ၄

တရားမဝင်ကုန်သွယ်မှုတားဆီးမှုထိန်းချုပ်ရေး ဗဟိုကော်မတီ တတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီအနေဖြင့် တရားမဝင်ကုန်သွယ်မှု လျော့နည်းစေဖို့ ယခင်နှစ်နိုဝင်ဘာလမှစ၍ မူဆယ်လမ်းကြောင်းနဲ့ မြဝတီလမ်းကြောင်းများ၌ Mobile Team လှုပ်ရှားရှာဖွေတားဆီးရေးအဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ဒီလိုဆောင်ရွက်ခဲ့တာကြောင့် ကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၃၈၆ သန်းရှိခဲ့ပြီး သွင်းကုန်အခွန် ကျပ်သန်း၂၇၀၀၀ ကျော် ရရှိခဲ့ကြောင်း၊ ယခုအခါ Mobile Team များကို သက်ဆိုင်ရာ တိုင်းဒေသကြီးများနဲ့ ပြည်နယ်အဖွဲ့များသို့ လွှဲပြောင်းပေးအပ်ဆောင်ရွက်နေကြောင်း။

ကုန်သွယ်မှုမြင့်တင်ရေး၊ နိုင်ငံအခွန်ကဏ္ဍတိုးတက်ရရှိရေး၊ စားသုံးသူများ အကာအကွယ်ပေးရေးနှင့် ကုန်သွယ်ရေးကဏ္ဍမှာ သာတူညီမျှအခွင့်အရေးရရှိစေဖို့ ယခုနှစ်မှာပြင်ဆင်နေကြောင်း၊ တရားမဝင်ကုန်သွယ်မှုကို Mobile Teamများဖြင့်လျော့နည်းစေဖို့ ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့်...

○ ကျောဖုံးမှ

ကေတုဝင်းထွန်း၊ သန်းမြတ်စိုး၊ ရွှေဂျော်ဂျော်၊ မြန်မာပြည် ကျောက်စိမ်း၊ မိုးနိုင် (ဂီတမိတ်)၊ မိုးအောင်ဆွေ၊ ဇဝါ၊ မိရာမိုရ်၊ DJY၊ အယ်လ်ခွန်းရီ၊ နွဲ့ယဉ်ဝင်းနှင့် ခင်မြတ်မွန်တို့ ပါဝင်ကြသည်။

အဆိုပါ ကော်မတီက ၂၀၁၂ ခုနှစ် ဇန်နဝါရီက တစ်နိုင်ငံလုံး ဆီးဂိမ်းသီချင်းပြိုင်ပွဲ ဖိတ်ခေါ်ခဲ့ရာ သီချင်း ၉၇ ပုဒ် လက်ခံရရှိခဲ့သည်။ ဆက်လက်ပြီး ကော်မတီက အဆိုတော် ဇော်ဝင်းထွဋ်၊ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ SIR အဖွဲ့၊ ရဲလေး၊ JME&Ar-T၊ စိုင်းစိုင်းခမ်းလှိုင်၊ ချမ်းချမ်းစသည့် နိုင်ငံကျော် တေးဂီတအဆိုတော်များထံမှ သီချင်းအပုဒ် ၂၀ အကူအညီတောင်းခံခဲ့ရာ စုစုပေါင်းသီချင်း ၁၁၇ ပုဒ် ဖြစ်ခဲ့သည်။

ရွေးထုတ်ခဲ့

တစ်ဖန် ယင်းကော်မတီမှ ၂၀၁၃ ခုနှစ် မတ်လ၌ ဆီးဂိမ်းသီချင်းပြိုင်ပွဲ ထပ်မံဖိတ်ခေါ်ခဲ့ရာ သီချင်းအပုဒ်ရေ ၁၉၀ လက်ခံရရှိခဲ့သည်။ ယခင်သီချင်း ၁၁၇ ပုဒ်နှင့် စုပေါင်းလိုက်သည့်အခါ သီချင်းအပုဒ်ရေ ၃၀၇ ပုဒ်ရရှိခဲ့သည်။ ယင်းသီချင်း ၃၀၇ ပုဒ်အနက်မှ သီချင်း ၃၁ ပုဒ်ကို ရွေးထုတ်ခဲ့သည်။

၄င်းသီချင်း ၃၁ ပုဒ်ကို (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတေးသီချင်းများ စိစစ်ရွေးချယ်ဖန်တီးရေးကော်မတီ၊ ဖွင့်ပွဲပိတ်ပွဲအကြံပေးပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများက စိစစ်ရွေးချယ်ခဲ့ရာမှ နောက်ဆုံး သီချင်း ၁၀ ပုဒ်ကို ရွေးချယ်ပြီးနောက် ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မဲဆန္ဒပြုရွေးချယ်နိုင်ရန် စီစဉ်ခြင်း ဖြစ်သည်။

ဆီးဂိမ်းသီချင်းရွေးချယ်သူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သည့် တေးသံရှင်၊ တေးပြုသူများကို အစွဲပြုသည့်စိတ်မထားဘဲ ကမ္ဘာအနှံ့ ပျံ့နှံ့စေမည့် ဆီးဂိမ်းသီချင်းကို နိုင်ငံအတွက် ဦးစားပေးပြီး ရွေးချယ်ဆန္ဒပြုသင့်ပါကြောင်း ရေးသားလိုက်ပါသည်။

(မြန်မာ့အလင်း)

မာဒန်ဂူ၏ သွင်းဂိုးများဖြင့် နေပြည်တော် နိုင်ပွဲပြန်ရ

ဟံသာဝတီအသင်းဘက်သို့ နေပြည်တော် တိုက်စစ်မှူး မာဒန်ဂူ ဂိုးသွင်းယူနေစဉ်။

သတင်း-ဖိုးသော်ဇင်

ရန်ကုန် ဇူလိုင် ၄

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၇) ပထမနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(သုဝဏ္ဏကွင်း)

နေပြည်တော်	- နှစ်ဂိုး (မာဒန်ဂူ)
ဟံသာဝတီ	- ဂိုးမရှိ

အိမ်ကွင်းတွင် ဖဲ့ကပင်အသင်းကို အနိုင်မကစားနိုင်ခဲ့သည့် နေပြည်တော်အသင်းမှာ တိုက်စစ်မှူး မာဒန်ဂူ၏ သွင်းဂိုးများဖြင့် နိုင်ပွဲပြန်လည်...

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

ဆိပ်ဖြူ ဇူလိုင် ၄

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် လျော့ပါးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းကို ဇူလိုင် ၂ ရက် နံနက် ၇ နာရီက ဆိပ်ဖြူ-ဆောလမ်း ဆိပ်ဖြူမြို့အဝင် မောင်းတံဂိတ်တွင် ကျင်းပသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှုကို ခရီးသွားပြည်သူများ စက်ဘီးစီးနင်းသူများ၊ ဆိုင်ကယ်စီးနင်းသူနှင့် ယာဉ်လိုင်းကား/ ကုန်တင်ကားများကို အသိပညာပေးခြင်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဆောင်ရွက်မှုကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် မထသအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်မှုကို နံနက် ၉ နာရီတွင် ပြီးစီးခဲ့ကြောင်း သိရှိရသည်။

မြို့နယ် ပြန်/ဆက်

မူဆယ်မြို့ ရိုးမဘဏ်သို့ ငွေတောင်းစာတစ်စောင် ရောက်ရှိသဖြင့် ရဲစခန်း၌ အမှုဖွင့်တိုင်ကြားထား

နေပြည်တော် ဇူလိုင် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမှတ်(၂/၃) ပြည်ထောင်စုလမ်းမကြီး တောင်ရပ်ကွက်ရှိ ရိုးမဘဏ် ဧည့်ကြိုဝန်ထမ်းဖြစ်သူထံ ဇူလိုင် ၃ ရက် နံနက် ၁၁ နာရီတွင် ဆိုင်ကယ်စီးနင်းလာသူတစ်ဦး ရောက်ရှိလာပြီး စာတစ်စောင်ပေးအပ်ခဲ့ကြောင်း၊ အဆိုပါစာတွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော်/တောင် အမည်ခံပြီး အခွန်ငွေကျပ်သိန်း ၁၀၀ အား ဇူလိုင် ၁၄ ရက် နောက်ဆုံးထားပြီး ဖုန်း-၁၈၇၈၈၂၁၃၃၉၂ သို့ ဆက်သွယ်ပေးဆောင်ရန် ဖော်ပြထားသဖြင့် ဘဏ်မှ သက်ဆိုင်ရာရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

...နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင် (သတင်းစဉ်)

...၂၀၁၃ ပညာ ...င်စာမေးပွဲတွင် ...င်းဆုံးဖြစ်သည့် ...ပညာ အထက် ...ကျောင်း၊ တပ်မ ...င်း သုံးကျောင်း ...၊ တစ်ဘာသာ ...က်ရရှိကြသော ...ဘာသာဂုဏ်ထူး ...သာဂုဏ်ထူးရှင် ...ဂုဏ်ထူးရှင် ၂၀ ...သည် ၂၂ ဦး၊ ...ထူးရှင် ၁၇ ဦး၊ ...င် ၆၅ ဦး၊ လေး

ဘာသာဂုဏ်ထူးရှင် ၁၀၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄၁ ဦးနှင့် အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် ကျောင်းသားကျောင်းသူသုံးဦး၊ စုစုပေါင်း ၃၃၂ ဦး၊ နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၁ ဦးနှင့် နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရရှိသူ တစ်ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...တတိယအကြိမ်မြောက် စည်းဝေး

...ပေးအပ်ဆောင် ...တင်ရေး၊ နိုင်ငံ ...ရရှိရေး၊ စားသုံး ...ယ်ပေးရေးနှင့် ...မှာ သာတူညီမျှ ...ယခုနှစ်မှာပြင် ...တရားမဝင် ...ile Teamများ ...ဆောင်ရွက် ...ပါကြောင်းဖြင့် ...ဝန်ကြီးများနှင့်

တာဝန်ရှိသူများက အခွန်ကောက်ခံမှု၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်သွယ်မှု လျှာထားချက်ပြည့်မီရေး၊ တရားဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဆောင်ရွက်နေမှု၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်နှင့်(ရန်ကုန်ဆိပ်ကမ်း) နယ်မြေများ၌ Mobile Team ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...င်း-ဖိုးသော်ဇင် ➤ ဓာတ်ပုံ-စိုးညွန့်

...ိုင် ၄ ...nmar 2013 ...ပြိုင်ပွဲ ပွဲစဉ်(၁၇) ...ညနေပိုင်းက ...ည်။ ...ကွင်း) - နှစ်ဂိုး (မာဒန်ဂူ) - ဂိုးမရှိ ...ကပင်အသင်း ...ခဲ့သည့် နေပြည် ...တ်စစ်မှူး မာဒန် ...နိုင်ပွဲပြန်လည်

ရရှိသွားသည်။ ပထမပိုင်းတွင် နေပြည်တော်အသင်းက ခြေအသာဖြင့်ကစားနိုင်ခဲ့ပြီး မာဒန်ဂူက ၂၄ မိနစ်တွင် ခေါင်းတိုက်ပြီး ပထမဂိုး၊ ၂၈ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုးတို့ကို သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းမှာ ချေပဂိုးရရှိရန် ကြိုးစားသော်လည်း နှစ်သိမ့်ဂိုးပင်မရခဲ့ပေ။ ဟံသာဝတီအသင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့သလို ဆောက်သမ်းအသင်းကလည်း နိုင်ပွဲပြန်ရခဲ့၍ တန်းဆင်းဇုန်ထဲ ပြန်လည်ရောက်သွားသည်။

(အောင်ဆန်းကွင်း)

Southern - သုံးဂိုး (ရန်နိုင်ထွေး)

ရခိုင် - နှစ်ဂိုး (ပီနာနှင့် ချစ်မင်းစိုး)

ယနေ့ပွဲ

(YUSC ကွင်း)

ရန်ကုန် - ဇေယျာရွှေမြေ

(အောင်ဆန်းကွင်း)

ဧရာဝတီ - ကမ္ဘောဇ

(သုဝဏ္ဏကွင်း)

မနောမြေ - မကွေး

(ဗထူးကွင်း)

ရတနာပုံ - ဇွဲကပင်

...စ်စောင် ...ကြားထား

...ပြည်ထောင်စု ...စ်သူထံ ဇူလိုင် ...ရောက်ရှိလာပြီး ...လည်ထူထောင် ...အခွန်ငွေကျပ် ...၇၈၈၂၃၃၉၂ ...ဆိုင်ရာရဲစခန်း

(သတင်းစဉ်)

မြန်မာ-နယူးဇီလန် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရေး မက်ကူလီနှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ကုမုဒြာဟိုတယ်၌ အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးတက်ခိုင်မာလာစေရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၄

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဒေါ်ဝင်းမော်ထွန်းတို့က ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးမှ ဝန်ထမ်းများ၏ သတ်မှတ်နေရာ အသီးသီးတွင် စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ရင်းမာ၊ ပျဉ်းကတိုး၊ ကျွန်း၊ ပိတောက်၊ ငုဝါ နှင့် မဲဇလီပင်စသည့် အပင်မျိုးစုံ စုစုပေါင်း ၂၇၅ ပင်အား စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများသို့ အသိပေးကြေညာချက်

ရက်စွဲ-၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်

၁။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ ပင်စင်ခံစားလျက်ရှိသော အငြိမ်းစားများ၏ ပင်စင်လစာကို လက်ရှိပင်စင်လစာအပြင် ဝန်ထမ်းများကို တိုးမြှင့်ခွင့်ပြုသော လစာကျပ် ၂၀၀၀၀ အပေါ် တည်ဆဲပင်စင်နည်းဥပဒေများနှင့်အညီ တွက်ချက်၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

၂။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ပင်စင်စားဦးရေ ၅၁၄၁၈၉ ဦး၏ ပင်စင်လစာသစ်ထုတ်ယူခွင့်ကို မြန်မာ့စီးပွားရေးဘဏ်များသို့ အကြောင်းကြားဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

၃။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ပင်စင်လစာသစ်ထုတ်ယူပြီး ဦးရေမှာ ၁၄၂၃၃၀ ဦးဖြစ်ပါသည်။ တိုးမြှင့်ပင်စင်လစာသစ်အား မြန်မာ့စီးပွားရေးဘဏ်များတွင် ဘဏ်ပိတ်ရက်မှအပ နေ့စဉ်ထုတ်ပေးလျက်ရှိပါသည်။ ပင်စင်စားများသည် မိမိတို့ပင်စင်လစာထုတ်ယူလျက်ရှိသော မြန်မာ့စီးပွားရေးဘဏ်များသို့ သွားရောက်ဆက်သွယ်ထုတ်ယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၄။ သက်ကြီးနှင့်နာမကျန်းပင်စင်စားများသည် ပင်စင်လစာကို ယင်းတို့၏ဆန္ဒအရ ကိုယ်စားလှယ်နှင့် ထုတ်ယူနိုင်ပါသည်။

၅။ ပင်စင်လစာခံစားခွင့်နှင့် ပတ်သက်၍ အခက်အခဲရှိပါက ပင်စင်ဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်ညွှန်ကြားရေးမှူးများ ဖုန်း-၀၆၇-၄၁၀၄၁၅၊ ၀၆၇-၄၁၀၄၄၆၊ ဒုတိယညွှန်ကြားရေးမှူးများ ဖုန်း-၀၆၇-၄၁၀၄၁၈၊ ၀၆၇-၄၁၀၅၂၁၊ ၀၆၇-၄၁၀၃၇၂ တို့ကို ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ပင်စင်ဦးစီးဌာန

ပညာသင်စရိတ်နှင့် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းများ ဘားအံမြို့၌ ထောက်ပံ့ငွေများချီးမြှင့်

ဘားအံ ဇူလိုင် ၄

ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ ဇွန် ၂၈ ရက် နံနက် ၉ နာရီတွင် စစ်မှုထမ်းဟောင်းရုံးခန်း၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်းသားသမီးများ၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူသားသမီးများနှင့် သက်ကြီး ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းများသို့ ချီးမြှင့်ငွေ၊ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးလှမျိုး(ငြိမ်း)က မူလတန်းအဆင့် သားသမီး ၉၆ ဦး အတွက် ငွေကျပ် ၄၈၀၀၀ အားလည်းကောင်း၊ စည်းရုံးရေးကော်မတီဝင် ဒုအရာခံဗိုလ် သန်းမြင့်(ငြိမ်း)က အလယ်တန်းအဆင့် သား သမီး ၁၃၃ ဦးအတွက် ငွေကျပ် ၈၀၃၀၀၀ အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီး စောကပေါ်ထူး(ငြိမ်း)က အထက်တန်းအဆင့် သားသမီး ၈၁ ဦးအတွက် ငွေကျပ် ၅၆၇၀၀၀ အားလည်းကောင်း၊ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းမြင့်ဟန်(ငြိမ်း)မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူနှင့် ဂုဏ်ထူးရ သားသမီး ၁၄ ဦးအတွက် ငွေကျပ် ၁၈၀၀၀၀ နှင့် သက်ကြီး ၇၅ နှစ်အထက် ၅၆ ဦးအတွက် ငွေကျပ် ၁၁၂၀၀၀၀ အား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

သံဝေဇနီယလေးဌာန အလှူငွေများ လှူဒါန်းနိုင်

(က) ငွေသားများကို နေပြည်တော်တွင် တိုက်ရိုက်လှူဒါန်းလိုပါလျှင်

(၁) သတ္တသတ္တာဟမဟာဗောဓိစေတီတော်ရှိ အလှူခံဌာန၊

(၂) အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး(အောင်မြေသာစံလမ်း၊ ကံ့ကော်အိမ်ရာ၊ နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၀၄၂၀၄

(၃) နေပြည်တော်စည်ပင်ဘဏ်လီမိတက်

- သံဝေဇနီယလေးဌာန တည်ဆောက်ရေးအလှူငွေစာရင်း
- ငွေစာရင်းအမှတ် ၀၀၂-၀၁-၀၅၁-၀၀၀၀၃၂၄၆

(ခ) နယ်များမှ ငွေလွှဲ၍ လှူဒါန်းလိုပါလျှင်

(၁) မြို့နယ်ရှိ ကမ္ဘောဇဘဏ်၊ မွေး/ရေဘဏ်၊ မြဝတီဘဏ်နှင့် ရိုးမဘဏ်များမှတစ်ဆင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်(နေပြည်တော်)သို့ ငွေလွှဲပို့ရန်ဖြစ်ပါသည်-

(၂) ကျေးလက်ဖွံ့ဖြိုးရေးဘဏ်(နေပြည်တော်)သို့ ငွေလွှဲပို့ရာတွင် အောက်ပါအတိုင်း ပြည့်စုံစွာဖော်ပြရန် ဖြစ်ပါသည်-

- ငွေလက်ခံမည့်သူ - "နေပြည်တော်စည်ပင်ဘဏ်လီမိတက်" (၀၁-၀၀၁-၀၅၁-၀၀၀၂၉၅၆၆)
- အကြောင်းအရာ - "သံဝေဇနီယလေးဌာနတည်ဆောက်ရေးအလှူငွေ"
- လှူဒါန်းသူအမည် - ဦး/ဒေါ်--------------------------------
- ဆက်သွယ်ရန်လိပ်စာ -
- ဖုန်းအမှတ် -

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇူလိုင် ၄

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (နေပြည်တော်တပ်ကုန်း)တွင် BBC Media Action မှ News Journalism လာရောက်သင်ကြားပို့ချသော Senior Trainer Mr. Bill Hayton မြန်မာစကားပြန်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်း ၂၃ ဦး၊ BRAVEHEART Foundation၊ ဧရာဝတီတိုင်းဒေသကြီးမှ တောင်သူလယ်သမားကိုယ်စားလှယ် ၁၁ ဦး၊ နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာရေးမက်ကူလီနှင့် အဖွဲ့ဝင် ငါးဦးနှင့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်မှ လေ့လာရေးအဖွဲ့ဝင် ငါးဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပနေမှုကို လာရောက်လေ့လာခဲ့သည်။

(အောက်ပုံ) (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၄

၂၀၁၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက ဂုဏ်ပြုစာတမ်းကို ဖတ်ကြားသည်။ ထို့နောက် စေတနာရှင်၊ အလှူရှင်များက တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့လှူဒါန်းသော ငွေကျပ်သိန်း ၁၂၀၃၀၀၀၀ ကို အဖွဲ့နာယက ဒေါ်ခင်ဌေးမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် အဖွဲ့နာယက ဒေါ်ခင်ဌေးမြင့်နှင့် တာဝန်ရှိသူများက ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ငူမြို့တွင် ဆိုင်ကယ် ၁၁ စီးခိုးမှုပေါ်ပေါက်

တောင်ငူ ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အုတ်ကျွတ်တန်းရပ် RELEX စားသောက်ဆိုင်ဝင်း အတွင်းရှိ ဆိုင်ကယ်ရပ်နားနေရာတွင် ဇွန် ၂၈ ရက်က ဆိုင်ကယ်တစ်စီးပျောက်ဆုံးသွားခဲ့၍ အမှုစုံစမ်းဖော်ထုတ်ရာမှ နောက်ထပ်ဆိုင်ကယ် ၁၁ စီးခိုးယူမှုကို တောင်ငူမြို့ အမှတ်(၁)ရဲစခန်း အပိုင်နယ်မြေတွင် ပေါ်ပေါက်ခဲ့ကြောင်း သတင်းရရှိသည်။

အမှုဖွင့်တိုင်ကြား

ဖြစ်စဉ်မှာ တောင်ငူမြို့ နှစ်ဆောင်မြိုင်ကျေးရွာနေ အမျိုးသား နှစ်ဦးသည် ဇွန် ၂၇ ရက် ည ၁၁ နာရီက အဆိုပါ စားသောက်ဆိုင်တွင် စားသောက်နေစဉ် ၎င်းတို့စီးလာသော မော်တော်ဆိုင်ကယ်ကို ဇက်သော့ခတ်၍ ဆိုင်ကယ်ရပ်နားနေရာတွင် ရပ်နားခဲ့ရာမှ ပျောက်ဆုံးခဲ့သောကြောင့် နယ်မြေရဲစခန်း အမှတ်(၁)သို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဝင်းကိုကိုနှင့်အဖွဲ့က ညတွင်းချင်း စုံစမ်းခဲ့ရာ ကျေးတောကျေးရွာနေ ဇင်မင်းလတ်(ခ)တာတီး (၂၃ နှစ်) ဆိုသူကို သံသယဖြစ်ဖွယ်စစ်ဆေးတွေ့ရှိရ၍ ယင်းနယ်မြေပိုင် ကျွန်းကုန်းရဲစခန်းနှင့်ပူးပေါင်း၍ ရှာဖွေရာ ရန်ကုန်-မန္တလေး ပုံမှန်လမ်း ကျေးတောကျေးရွာနှင့် ထန်းကုန်းကျေးရွာအကြားတွင် ပျောက်ဆုံးသွားခဲ့သော ဆိုင်ကယ်နှင့်အတူ လက်ရဖမ်းဆီးမိခဲ့သည်။ ယင်းနောက် ကျွန်းကုန်းရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့ရာ နောက်ထပ် ၁၁ စီးခိုးယူမှု ပေါ်ပေါက်ခဲ့ပြီး သက်သေခံဆိုင်ကယ် ၁၂ စီးကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရှိရသည်။

ဇင်မင်းလတ်နှင့် ဆိုင်ကယ်များကို ရောင်းချပေးသူ လှထူး(၃၃နှစ်)တို့အား တောင်ငူမြို့အမှတ်(၁) ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဆိုင်ကယ် ၁၂ စီး အနက် သုံးစီးသာ ပိုင်ရှင် အမှန်ပေါ်ပြီး ကျန်ဆိုင်ကယ်များကို ပျောက်ဆုံးခဲ့သူများအနေဖြင့် အမှတ်(၁)ရဲစခန်းတွင် လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

သူရ(တောင်ငူ)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

လဲပြိုနေသောသက်တမ်းရင့်ဗောဓိညောင်ပင်အိုကြီးအား ရှင်းလင်း

မန္တလေး ဇူလိုင် ၄

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၈၃ လမ်းနှင့် ၈၄ လမ်းကြား လမ်း ၄၀ နှင့် ၄၁ လမ်းအကြားရှိ ပေါင်းလဲရွှေသာလျောင်းမြတ်စွာဘုရား ပရိဝုဏ်အတွင်းရှိ ငါးကန်အနီးတွင် နှစ်ပေါင်းကြာမြင့်ခဲ့ပြီဖြစ်သော သက်တမ်းရင့် ဗောဓိညောင်ပင်အိုကြီးသည် သဘာဝဘေးဒဏ်၊ ရာသီဥတုဒဏ်များကြောင့် ငါးကန်အတွင်းသို့ လဲပြိုခဲ့ရာ ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ ဝန်ထမ်းများ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ စက်ယန္တရားကြီးများဖြင့် ရေကန်အတွင်းမှ သစ်ကိုင်းပင်စည်များကို ပိုင်းဖြတ်ဆယ်ယူရှင်းလင်းကြရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ဌာနမှူး၊ ဌာနခွဲမှူးများနှင့် တာဝန်ရှိသူများ ရွှေသာလျောင်းမြတ်စွာဘုရား ဂေါပကအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သည်။

တိုးချဲ့

ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအနေဖြင့် အန္တရာယ်ရှိသစ်ပင်အိုကိုင်းခြောက်ပင်အိုကြီးများ၊ သက်တမ်းရင့်အပင်ကြီးများကို စက်ယန္တရားအား၊ လူအင်အားတို့ဖြင့် ကွင်းဆင်း၍ သစ်ငုတ်သစ်မြစ်ကြီးများကို တူးဖော်ကာ အရိပ်ရပင်များကို အစားထိုးစိုက်ပျိုးဆောင်ရွက်လျက်ရှိသည့်အပြင် မန္တလေးခြောက်မြို့နယ်အတွင်းရှိ လမ်းဝဲယာများ၊ လမ်းလယ်ကျွန်းများ၊ ပန်းအလှအုတ်ခုံများတွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို တိုးချဲ့စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

အသက်ကယ်အင်္ကျီနှင့် ဖောကွင်းဆောင်ထားရေး မင်းကွန်း၌ ပညာပေးဟောပြော လက်တွေ့သရုပ်ပြ

စစ်ကိုင်း ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစောလွင်မြင့်နှင့် တပ်ဖွဲ့ဝင်များသည် ဇွန် ၃ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာအုပ်စုရှိ မင်းကွန်း-မန္တလေးဧရာဝတီမြစ်ကူးတံတား၊ ကူးတို့ရေယာဉ်များ၊ ပြည်ပခရီးသွားပို့ဆောင်ရေးရေယာဉ်အဖွဲ့သားများနှင့် တွေ့ဆုံ၍ အသက်ကယ်ဝတ်စုံများ၊ ဖောကွင်းများဆောင်ထားနိုင်ရေးတို့ကို ပညာပေးဟောပြောခဲ့ပြီး လက်တွေ့ဝတ်ဆင်ဆောင်ရွက်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

"ကျွန်တော်တို့ဌာနအနေနဲ့ ရေတက်နေတဲ့ရာသီဖြစ်နေချိန် ရေပြင်ကလည်းကျယ်ပြန့်နေတယ်လေ။ ရေယာဉ်နဲ့သွားလာရတာ လွယ်ကူပေမယ့် အန္တရာယ်ဆိုတာကြိုတင်သိရှိနိုင်တာမဟုတ်တဲ့အတွက် ပြည်တွင်းပြည်ပ ခရီးသွားပြည်သူတွေအနေနဲ့ဆုံးရှုံးနစ်နာမှုတွေ လျော့နည်းနိုင်သမျှ လျော့နည်းအောင်အခုလိုပညာပေးဆွေးနွေးက အသက်ကယ်အင်္ကျီများလက်တွေ့ဝတ်ဆင်ပေးတာတို့ကို ရေယာဉ်အဖွဲ့သားတွေကို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ အန္တရာယ်နဲ့ကြုံတွေ့လာတဲ့အခါမှာ လွယ်ကူစွာလုပ်ဆောင်နိုင်မှာပါ၊ ကြိုတင်ကာကွယ်ချင်စိတ်က ပိုမိုထိရောက်ပါတယ်"ဟု ခရိုင်မီးသတ်ဦးစီးမှူးက ပြောကြားခဲ့ကြောင်း သိရသည်။

ဇော်မြင့်နိုင်(စစ်ကိုင်း)

ကလေးမြို့ မဟာဓာတ်အားလိုင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်မည်

ကလေး ဇူလိုင် ၄

ကလေးမြို့တွင် လျှပ်စစ်မီးကို ဇီးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ ဖြန့်ဖြူးပေးသော ဒီဇယ်အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ဖြင့် အုပ်စုခြောက်အုပ်စုခွဲကာ လျှပ်စစ်ဓာတ်အားပေးနေကြောင်း ဌာနဆိုင်ရာပိုင်နှင့် ပုဂ္ဂလိကပိုင် ထရန်စဖော်မာ ၅၇ လုံးတို့ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

ဖြန့်ဖြူးပေး

ကလေးမြို့တွင် လျှပ်စစ်မီးကို အလှည့်ကျပေးဝေရသောစနစ်များကြောင့် ပုဂ္ဂလိကမှ ဖြန့်ဖြူးပေးသော လျှပ်စစ်မီးကိုလည်းယူထားရကြောင်း၊ မြို့နယ်လျှပ်စစ်က ထုတ်လွှတ်သော လျှပ်စစ်မီးကိုချည်း အားကိုး၍မရကြောင်း၊ ပုဂ္ဂလိကမှ ဖြန့်ဖြူးပေးသော လျှပ်စစ်မီးသည် တစ်လလျှင် မီးချောင်းတစ်ချောင်းယူပါက ငွေကျပ် ၃၀၀၀ ပေးရ၍ ဗီဒီယိုကြည့်မည်ဆိုပါက ငွေကျပ် ၅၀၀၀ ပေးရကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ကလေးမြို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးအတွက် ဂန့်ဂေါဘက်မှ ဟားခါး၊ ဖလမ်း၊ သိုင်းငင်းတို့မှတစ်ဆင့်ရောက်ရှိသည့်အချိန်ကို မစောင့်တော့ဘဲ ဂန့်ဂေါမှ ဖြတ်၍ ကလေးမြို့သို့ တိုက်ရိုက်သွယ်တန်းရရှိရေးကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စတင်နိုင်ရေးငွေကျပ်သိန်း ၈၀၀ ကို ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောကြားသည်။

ကလေးမြို့တွင် လက်ရှိ တည်ဆောက်နေသော ရာဇဂြိုဟ်ဆည်၊ မဏိပူရဆည်တို့ပြီးစီး၍ လျှပ်စစ်မီးရရှိလာမည်ဆိုပါက ဒေသတွင်းတမူး၊ ကလေးဝ၊ ခမ်းပတ်၊ မင်းကင်းမြို့နယ်တို့လည်းလျှပ်စစ်မီးရရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

ကြိုးဆွဲချသေဆုံး

ဒလ ဇူလိုင် ၄

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ခနောင်ရွာမကျေးရွာအုပ်စု ခနောင်မီးခြစ်စက်ရွာနေ ဦးချစ်အောင်(၄၆ နှစ်)သည် ဇူလိုင် ၃ ရက် နံနက် ၅ နာရီက နေအိမ်ရှေ့ရှိ လမုပင်၌ ကြိုးဆွဲချ၍ သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ပျော်ဘွယ်ကြီး ရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ ဒလမြို့နယ် ပျော်ဘွယ်ကြီးရဲစခန်းမှ ဒုရဲအုပ် ကျော်ငွေးက သေမှုသေခင်း အမှတ်စဉ်-၆/၂၀၁၃ ဖြင့် စစ်ဆေးဆောင်ရွက်ကာ မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **သန်းငွေး(ဒလ)**

ဗလငါးတန်ပွဲ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဇမ္ဗူသီရိမြို့နယ်တွင် ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၄

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူများနှင့် ထိတွေ့ဆက်ဆံမှုအခမ်းအနားကို ဇွန် ၂၃ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညီဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် လက်ရှိဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို တက်ရောက်လာကြသော ရပ်မိရပ်ဖများသိသာရန် ချပြဆွေးနွေးခဲ့ပြီး အမှတ် (၁) မြို့မရဲစခန်း စခန်းမှူးရဲအုပ် ဝင်းညွန့်ဦးက အမှတ်(၁)ရဲစခန်းပိုင် ဧရိယာအတွင်း ဆောင်ရွက်မှုများကို တင်ပြပြီး သပြေကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းနှင့် ရပ်မိရပ်ဖ ဦးဇော်ဝင်းတို့က ရပ်ကွက်အတွင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် အခမ်းအနားသို့ လူအင်အား ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ အမိုးဒိုင်းတင်စဉ် ပြုတ်ကျ၍သေဆုံး

ရန်ကုန် ဇူလိုင် ၄

လှိုင်သာယာမြို့နယ်တွင် ဇူလိုင် ၂ ရက် ည ၈ နာရီ ၃၅ မိနစ်က ဆောက်လက်စအဆောက်အအုံပေါ်မှ လူတစ်ဦး ပြုတ်ကျ၍ လှိုင်သာယာဆေးရုံသို့ တက်ရောက်ကုသနေစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။ သေဆုံးသူသည် နိုင်လင်း (၂၅ နှစ်) ဆောက်လုပ်ရေးလုပ်သား ရွှေရင်အေးဘုရားလမ်း ၁၈ ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူဖြစ်ပြီး ဒဏ်ရာများဖြင့်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းသည် ဇူလိုင် ၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာ ပိတောက်ကွက်ရှိ ဆောက်လက်စအဆောက်အအုံကို ဒိုင်းတင်စဉ် ကပ်စီတိုင်ပေါ်မှ ခြေချော်ပြုတ်ကျခဲ့ပြီး ရရှိသောဒဏ်ရာများကြောင့် သေဆုံးခြင်းဖြစ်ကြောင်းသိရ၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးနိုင်ရန် လှိုင်သာယာမြို့နယ် ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း-SP

ပေါက်နေသောမီးကြိုးကိုင်မိ၍ ဓာတ်လိုက်

ရန်ကုန် ဇူလိုင် ၄

ကျောက်တံတားမြို့နယ် (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ဇူလိုင် ၂ ရက်က လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂ ရက် ညနေ ၃ နာရီ ၂၅ မိနစ်က ကျောက်တံတားမြို့နယ်ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မျိုးမြင့်ကြိုင် တာဝန်ယူဆောင်ရွက်နေစဉ် ကျောက်တံတားမြို့နယ် (၂) ရပ်ကွက် မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်နေရာ၌ရှိသော နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် လူတစ်ဦးဓာတ်လိုက်၍ သေဆုံးကာ ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိလာကြောင်း ရန်ကုန်ဆေးရုံကြီး မှုခင်းဆေးစာဌာနမှ ရဲတပ်ကြပ် စိုးသိန်း၏ အကြောင်းကြားချက်အရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူသည် တွံတေးမြို့နယ် ကွမ်းခြံအလယ်ပိုင်းရပ်ကွက်နေ အေးမင်းသူ (၂၈ နှစ်) ဖြစ်ပြီး ၎င်းသည်နိုင်ငံခြားကုန်သွယ်မှုဘဏ် ဒုတိယထပ်တွင် ကြမ်းပြင်ကို ဂန်းဖြင့် ဖောက်ရန်မီးကြိုးချိတ်ဆက်ရာမှ ပေါက်နေသောမီးကြိုးကိုကိုင်မိပြီး ဓာတ်လိုက်သေဆုံးကြောင်း သိရသည်။ သေဆုံးမှုနှင့်ပတ်သက်၍ကျောက်တံတားမြို့နယ် ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း-SP

ရင်ဘတ်အောင့်သည်ဟုဆိုပြီး ဆေးဝယ်သောက်ရာမှ သေဆုံး

တောင်တွင်းကြီး ဇူလိုင် ၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွှေအိုးရပ်ကွက်တွင် နေထိုင်သူတစ်ဦးသည် ရင်ဘတ်အတွင်းမှအောင့်ပြီး အသက်ရှူကျပ်သည်ဟုဆိုကာ ဆေးဝယ်သောက်ရာမှ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ တောင်တွင်းကြီးမြို့နယ် ရွှေအိုးရပ်ကွက် အပိုင်း(၃/၇)တွင် နေထိုင်သူ မသန်းသန်းမြင့်(ခ) မငယ်လေး (၃၅ နှစ်)သည် ဇွန် ၂၉ ရက် မွန်းတည့် ၁၂ နာရီခန့်က ရင်ဘတ်အောင့်သည်ဟုဆိုကာ တောင်တွင်းကြီးမြို့ပေါ်ရှိ ဆေးဆိုင်တစ်ဆိုင်မှ (Propranolol 40 mg, Tripta) ဆေးများကို ဝယ်ယူသောက်သုံးပြီး ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် မခံမရပ်နိုင်သော ဝေဒနာဖြစ်ပေါ်လာသဖြင့် တောင်တွင်းကြီးမြို့နယ်ဆေးရုံသို့ တက်ရောက်ကုသခဲ့ရာ ဇွန် ၃၀ ရက် နံနက် ၁ နာရီက သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုကို အကြောင်းအရင်းဖြစ် ရပ်မှန်ပေါ်ပေါက်နိုင်ရေးအတွက် တောင်တွင်းကြီးမြို့နယ် ရဲတပ်ဖွဲ့ ယာယီစခန်းမှူး ဒုရဲအုပ် သန်းဇော်က တရားလိုပြုကာ အမှုဖွင့်ဆက်လက်အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

မြင့်သူထွန်း(မကွေး)

မီးသတ်ဦးစီးဌာနဝန်ထမ်းများ အင်္ဂလိပ်စာ ကျွမ်းကျင်မှု သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၄

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းများ အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃/၂၀၁၃) ဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်ကျန်စစ်သားခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရ တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းကို ရက်သတ္တရှစ်ပတ်ကြာ သင်တန်းသား သင်တန်းသူ ၂၀ တို့ဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထီးချိုင့်မြို့နယ် အမှတ်(၃)ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

ကသာ ဇူလိုင် ၄

ထီးချိုင့်မြို့နယ် အမှတ်(၃)ရပ်ကွက်တွင် ဇူလိုင် ၂ ရက် ည ၁၀ နာရီ မိနစ် ၅၀ က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ထီးချိုင့်မြို့ အမှတ်(၃)ရပ်ကွက် ဗလီအနောက်လမ်းကြားရှိ မာမူကြီးဒံပေါက်ဆိုင် မီးကွင်းမီးကျန်မှ တစ်ဆင့် မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဝင်းမြနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြားဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများနှင့် မြို့နယ်ပြည်သူများ ကဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီတွင် မီးကိုလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

ဆုံးရှုံး

မီးလောင်မှုကြောင့် လေးပင်၊ သုံးပင်သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ခရိုင် ပြန်/ဆက်

မေတ္တာရှင်ကုသိုလ်ဖြစ်(အခမဲ့) ခုတင်(၁၀၀)အထွေထွေရောဂါကုဆေးရုံ အလှူဒါန

တောင်ကြီးမြို့၊ မေတ္တာရှင်နာမှုကူညီရေးနှင့် ကုသိုလ်ဖြစ်(အခမဲ့)ဆေးခန်း ဩဝါဒါစရိယ ဆရာတော်ကြီးများ(ပရိယတ္တိစာသင်တိုက်ကြီးများ၏ ပဓာန နာယကဆရာတော်ကြီးများ)ဦးစီးတည်ဆောက်လျက်ရှိသော မေတ္တာရှင်ကုသိုလ်ဖြစ်(အခမဲ့) ခုတင်(၁၀၀)အထွေထွေရောဂါကုဆေးရုံကြီး အလှူရှင်များစာရင်းကို ကြည်ညိုသဒ္ဓါတရားပွားများနိုင်ရန် ဖော်ပြအပ်ပါသည်။

စဉ်	အမည်	အခန်း	အလှူငွေ
၁	(ဦးဂစ်တာလားဆင်)-ဒေါ်ငွေဇင်၊ လင်းခေးမိသားစု	-	သိန်း(၁၇၀)
၂	ဒေါ်စီစီ၊ ပြည်တော်သာရပ်	-	သိန်း(၁၀၀)
၃	(ဦးသန်းအောင်)အားရည်စူး၍ သားသမီးမြေးတစ်စု	-	သိန်း(၁၀၀)
၄	(ဦးလှမောင်-ဒေါ်သန်းသန်း)တို့အားရည်စူး၍ဒေါ်မြနှင်းမိသားစု၊ ည/၁၁၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ညောင်ဖြူစခန်းရပ်ကွက်	၁	သိန်း (၇၀)
၅	နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးဝင်းညွန့်-ဒေါ်ဖိန်ကျင်း(သား)မောင်ပြည်ဟိန်းကျော်(သမီး)မဆုရည်မွန်၊ တော်ဝင်ဆေးဆိုင်	၁	သိန်း (၇၀)
၆	ဦးဝေမိုး-ဒေါ်နန်းလိတ်၊ ဖြူစင်ကုမ္ပဏီ၊ အမှတ် (၂၅၃)၊ ရှုမျှော်ခင်းလမ်း၊ သစ်တောရပ်	၁	သိန်း (၇၀)
၇	ဘဒ္ဒန္တတေဇဝန္တ၊ မေတ္တာရှင်အသင်း ဦးစီးပဓာနနာယကဆရာတော်၊ နဂါးပွက်ကျောင်း	၁	(၃၆) သိန်း
၈	ဘဒ္ဒန္တအာစရ၊ ရပ်တော်မူပရိယတ္တိစာသင်တိုက်	၁	(၃၆) သိန်း
၉	ဦးဇေး(ဂုဏ်ရောင်)၊ ကမ္ဘောဇလမ်း၊ သစ်တောရပ်	၁	(၃၆) သိန်း
၁၀	ဦးခွန်အောင်သိန်း-ဒေါ်နန်းအုံးကျင်မိသားစု၊ ရွှေသီးနှံရောင်းဝယ်ရေး၊ မြို့မရပ်	၁	(၃၆) သိန်း
၁၁	ဦးညွန့်မောင်-ဒေါ်စန်းကြည်မိသားစု၊ နဝရတ်လမ်း၊ သစ်တောရပ်	၁	(၃၆) သိန်း
၁၂	ဦးစိုင်းကျော်ကျော်ဦး-ဒေါ်နန်းခင်မဆွေမိသားစု၊ ရတနာသီရိ	၁	(၃၆) သိန်း
၁၃	ဒေါက်တာဦးစိန်မြင့်(ပါမောက္ခ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ငြိမ်း)-ဒေါ်အေးအေးသိန်း၊ မန္တလေးမြို့	၁	(၃၆) သိန်း
၁၄	ဦးညီညီ-ဒေါ်မာမာအေး၊ (ကမ္ဘာ့ဖလားဖယောင်းစက်မိသားစု) ဘုရားဖြူရပ်	၁	(၃၆) သိန်း
၁၅	ဦးချစ်၊ ရွှေတောင်ရိုးကားဂိတ်	၁	(၃၆) သိန်း
၁၆	ဦးထွန်းမော်ဦး-ဒေါ်မြတ်မြတ်မော်(သမီး)မနှင်းဆီ၊ မစံပယ် (ခရေဦးအိမ်ဆောက်ပစ္စည်း)၊ နှင်းဆီလမ်း၊ ပြည်တော်သာ	၁	(၃၆) သိန်း
၁၇	ကိုဇော်ထက်နောင်-မစုကြည်သာလွင်မိသားစု၊ ချယ်ရီ အိမ်သုတ်ဆေး	၁	(၃၆) သိန်း
၁၈	ဦးအောင်သန်း-ဒေါ်ဝေမိသားစု (ညီမ)မနုနုဝင်း၊ မအေးအေးသွင်၊ မခင်လေးဝင်း၊ မြတ်လေးလမ်း၊ ဟော်ကုန်း	၁	(၃၆) သိန်း
၁၉	၂၀၁၅ခုနှစ်တွင်ရောက်ရှိမည့်ဖခင်ကြီးဦးချောင်(၁၀၅နှစ်မွေးနေ့)နှင့် မိခင်ကြီးဒေါ်ခင်ကြည်(၁၀၀နှစ်မွေးနေ့)တို့အားရည်စူး၍ ဦးသန်းဖေ(သျှားစာပေ)၊ ဘုရင့်နောင်လမ်း၊ သစ်တော	၁	(၃၆) သိန်း
၂၀	ဦးတင်မင်းလတ်-ဒေါ်သမီးချောမိသားစု၊ လင်းလက်အိမ်ပုံနှိပ်တိုက်၊ ၃၆လမ်း၊ အထက်ဘလောက်၊ ရန်ကုန်	၁	(၃၆) သိန်း
၂၁	ဦးနု-ဒေါ်တင်မြင့်မိသားစု၊ မြေလတ်သား ချင်းလက်ဖက်၊ မြို့မဈေး	၁	(၃၆) သိန်း
၂၂	ဦးတင်ဝင်း-ဒေါ်ခင်အေးဖြူ၊ ဒေါ်ဖြူထမင်းဆိုင်၊ ဈေးပိုင်း	၁	(၃၆) သိန်း
၂၃	ဒေါ်ကြင်မြမိသားစု၊ ဂွမ်းဖုံနှင့်အထည်ဆိုင်၊ ပြည်တော်သာ	၁	(၃၆) သိန်း
၂၄	နှစ်ဖက်မိဘများဖြစ်ကြသော (ဦးမြင့်လွင်)-ဒေါ်ခင်ရီ၊ ဦးထွန်းပင်-ဒေါ်အေးစိန်နှင့်အဒေါ်(ဒေါ်စီစီ)တို့အားရည်စူးအမှူးထား၍ ဦးသုခ-ဒေါ်အေးအေးသန်းမိသားစု၊ ရ/၄၃၁၊ သန္တာလမ်း၊ ရတနာသီရိ	၁	(၃၆) သိန်း
၂၅	ဦးချမ်းငြိမ်း-ဒေါ်သန်းစိန်၊ နုနုလင်း၊ ချိုချိုဝင်း၊ သန်းဝင်း (ဝင်းမေတ္တာစက်သုံးဆီဆိုင်)၊ မ/၂၁၅၊ ဘုရားကြီးအတက်လမ်း၊ မြို့မရပ်	၁	(၃၆) သိန်း

ရပ်နီးရပ်ဝေးမှ အလှူရှင်များ လှူဒါန်းလိုပါက မေတ္တာရှင်အသင်းဖုန်း-၀၈၁-၂၀၅၁၉၄၊ ၀၈၁-၂၀၅၂၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည့်အပြင် တောင်ကြီးမြို့၊ ကမ္ဘောဇဘဏ်(၁)၊ ငွေစုစာရင်းအမှတ် (၀၀၁၁၂၃၀၀၀၁၆၈၈)သို့ ထည့်သွင်းလှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
[illegible]
Ph: 01-375970, 0951 72096, 0950 47516

[illegible]

အမည်မှန်

ဦးခင်မောင်သန်း ၁၂/လသယ(နိုင်)၀၂၅၂၄၀၏သား လှိုင်သာယာမြို့နယ် အထက(၂) တက္ကသိုလ်ဝင်တန်း(N)မှ မောင်ဆက်ပိုင်အောင်၏ အမည်မှန်မှာ မောင်ဆက်ပိုင်ထွဋ် ဖြစ်ပါကြောင်း။ **မောင်ဆက်ပိုင်ထွဋ်**

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှူးရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခုတင်(၁၀၀)ဆံ့ ဆေးရုံများ၊ ခုတင်(၅၀)ဆံ့ဆေးရုံများနှင့် (၂၅)ခုတင်ဆံ့ဆေးရုံနှင့်ကျန်းမာရေးဌာနများတွင် လာရောက်ကုသလျက်ရှိသောလူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်ရက်** - ၈-၇-၂၀၁၃ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၇-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှူးရုံး
နေပြည်တော်ကောင်စီရုံး
ဇီဇဝါပန်းအဝိုင်းအနီး၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်ကောင်စီနယ်မြေ၊ ဖုန်း-၀၆၇-၅၅၀၁၈၄၊ ၀၆၇-၅၅၀၁၈၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဗန်းမော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရမည့် ပြည်ထောင်စု၊ ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ပါလမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား မြို့နယ်အလိုက်၊ လမ်းအလိုက် အပိုင်းလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် **အမှတ်(၁)(၂၀၁၃/၂၀၁၄ ဘဏ္ဍာရေးနှစ်)**

(၁)	ဘိလပ်မြေ		၁၇၄ တန်
(၂)	သံချောင်းလုံးရှယ်စုံ		၂၃ တန်
(၃)	ကျောက်ရှယ်စုံ		၂၂၀၄၈ ကျင်း
(၄)	သဲကျောက်		၂၁၉၉ ကျင်း
(၅)	သဲ		၂၆၁၅ ကျင်း
(၆)	တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်	-	၅-၇-၂၀၁၃ ရက်
(၇)	တင်ဒါလျှောက်လွှာရယူနိုင်သည့်နောက်ဆုံးရက်	-	၁၄-၇-၂၀၁၃ ရက်
(၈)	တင်ဒါတင်သွင်းရမည့်ရက်/အချိန်	-	၁၅-၇-၂၀၁၃ ရက် (ရုံးချိန်အတွင်း)
(၉)	တင်ဒါတင်သွင်းရမည့်နေရာ	-	ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့
(၁၀)	အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။	-	ဗန်းမော်ခရိုင် ဖုန်း-၀၇၄-၅၀၇၄၇၊ ၀၉-၄၉၂၆၁၂၀၈

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ပြည်တွင်းသတင်း

သာစည်လမ်းမကြီး ပျက်စီးနေရခြင်းမှာ ၁၂ တန်အထက် ကုန်တင်ယာဉ်ကြီးများ သွားလာသည့်အတွက်ကြောင့်ဟုဆို

မုံရွာ ဇူလိုင် ၄

လမ်းဧရိယာ ကျဉ်းမြောင်းပြီး ယာဉ်သွားယာဉ်လာ အလွန်များပြားလာသော မုံရွာမြို့ သာစည်လမ်းမကြီးသည် ယခုအခါ နေရာများစွာတွင် ပျက်စီးစပြုနေပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပျက်စီးရခြင်းမှာ ၁၂ တန်အထက် ကုန်တင်ယာဉ်ကြီးများ **(အပေါ်ပုံ)** ဖြတ်သန်းသွားလာခြင်းမပြုရဟု တားမြစ်ထားသော်လည်း စည်းကမ်းပျက် ယာဉ်ကြီးများ ဝင်ထွက်သွားလာနေခြင်းကြောင့်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

သာစည်လမ်းမကြီးသည် ၁၂ မိုင်ခန့်ရှည်လျားပြီး ယခင်က မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့သော်လည်း ယခုအခါ ယင်းလမ်းမကြီးကို ပြည်သူ့ဆောက်လုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း မုံရွာခရိုင် စည်ပင်သာယာရေးဦးစီးဌာန ခရိုင်ညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရရုံးအဖွဲ့များ အခြေစိုက်တည်ရှိရာ မုံရွာမြို့ကြီးသည် ကျောင်းဖွင့်ရာသီချိန်တွင် ယာဉ်အသွားအလာ များပြားပြီး မြို့တွင်းပိုင်းရှိ လမ်းမကြီးအချို့၏ လမ်းခံနိုင်ဝန်သည် ၁၂ တန် ဖြစ်သည့်အတွက် ၁၂ တန်အထက် ကုန်တင်ယာဉ်ကြီးများ ဝင်ထွက်သွားခြင်းမပြုရန် သတိပေးတားမြစ်ချက် ဆိုင်းဘုတ်ကြီးများကို စိုက်ထူထားခဲ့ရာ ရာသီဥတုဒဏ် သဘာဝဘေးဒဏ်များကြောင့် ယင်းဆိုင်းဘုတ်ကြီးများ ပြိုလဲပျက်စီးနေခဲ့သည်မှာ လအတော်ကြာနေပြီး ပြန်လည်ပြုပြင်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

"မြို့ရှောင်လမ်းကတစ်ဆင့် ကုန်တင်ယာဉ်ကြီးတွေ ဖြတ်သန်းသွားလာဖို့ ကန့်သတ်ထားပြီးဖြစ်ပါတယ်။ စည်းကမ်းပျက် ကုန်တင်ယာဉ်အချို့ကတော့ တရားမဝင်ဖြတ်သန်း မောင်းနှင်နေတဲ့အတွက်လည်း လမ်းမကြီးတွေ ပျက်စီးနေရပါတယ်"ဟု သလ္လာရပ်ကွက်နေ ရပ်မိရပ်ဖတစ်ဦးကလည်း ပြောပြသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့သည် မြို့တွင်းဝင်လမ်းမကြီးများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ယခင်မြေသားလမ်းအခြေအနေမှ ယခုအခါ ကျောက်ချောကတ္တရာခင်းလမ်းမကြီးများအဖြစ်သို့ အဆင့်မြှင့်ဖောက်လုပ်ပေးခဲ့ရာတွင် အဆိုပါလမ်းများ၏ ခံနိုင်ဝန်သည် ၁၂ တန်သာဖြစ်ပြီး ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းမောင်းနှင်ခြင်းမပြုရန် သက်ဆိုင်ရာက တားမြစ်ထားကြောင်း သိရသည်။

လမ်းမကြီးများ ရေရှည်တည်တံ့ခိုင်ခန့်စေရေးအတွက် လမ်းစည်းကမ်းလိုက်နာခြင်းမရှိသည့် ကုန်တင်ယာဉ်ကြီးများကို သက်ဆိုင်ရာက ရှောင်တခင်စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း မုံရွာခရိုင် ယာဉ်ထိန်းတပ်ဖွဲ့မှူး ရုံးခွဲရှိ ရဲဝန်ထမ်းတစ်ဦးက ပြောကြားကြောင်း သိရသည်။

သြဇာ(မုံရွာ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၄-၇-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၈၃၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၄၃၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၈ - ၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၆၃ - ၁၂၈၁	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅ - ၇၇၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၂.၁-၃၂.၄	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၆၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅ - ၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၆ - ၃၁၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၇၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၇၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၁၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၆၅၀၀	ကျပ်
၂။ငါးမြစ်ချင်း	တစ်ပိဿာ	၁၂၀၀ - ၂၅၀၀	ကျပ်
၃။ငါးရံ့	တစ်ပိဿာ	၃၇၀၀ - ၄၈၀၀	ကျပ်
၄။ငါးဖယ်	တစ်ပိဿာ	၄၀၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၁၂၀၀၀ -၂၄၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၀၀၀ -၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၈၀၀၀ -၁၂၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၇၂၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၅၅
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၃၀-၄၇၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၇၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၀၅၀
၉။	အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၄၀-၉၁၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၉၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။	သကြား	တစ်ပိဿာ	၉၀၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဆုထူးပန်ရပ်ရှင်ရုံဟောင်းမြေကွက်ပိုင်ရှင် အကယ်ဒမီဒေါ်ဝါဝါဝင်းရွှေနှင့် Great Father Land Construction တာဝန်ရှိသူ ဦးကျော်မြင့်တို့ နှစ်ဦးနှစ်ဖက် မျက်နှာစုံညီတွေ့ဆုံ၍ စေ့စပ်ဖြေရှင်းမှုအပေါ် သဘောတူညီချက်

၁။ သီတဂူဆရာတော် ဒေါက်တာရှင်ဉာဏိဿရအနေဖြင့် အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်ထံ ဒကာကြီးအနေဖြင့် မေတ္တာတရားရှေ့ထား၍ ကျောင်းအမကြီး ဒေါ်ဝါဝါဝင်းရွှေနှင့် ဒကာကြီးဦးကျော်မြင့်တို့ နှစ်ဦးနှစ်ဖက်ကြား အငြင်းပွားနေမှုကို အေးချမ်းပြေလည်မှုရအောင် ညှိနှိုင်းဆောင်ရွက်ပေးပါရန် ၂၀၁၃ခုနှစ် ဇွန် ၃၀ရက်တွင် မိန့်ကြားမေတ္တာရပ်ခံခဲ့ပါသည်။

၂။ ထိုသို့ သီတဂူဆရာတော်ကြီး၏ မိန့်ကြားမေတ္တာရပ်ခံချက်နှင့်အညီ အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်အနေဖြင့် ကာယကံရှင်နှစ်ဦးနှစ်ဖက်တို့အား မျက်နှာစုံညီတွေ့ဆုံပြီး မေတ္တာတရားရှေ့ထား၍ ပြေလည်အောင် စေ့စပ်ညှိနှိုင်းမှုပြုလုပ်ကြရန် ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။

၃။ ထိုကဲ့သို့ မေတ္တာတရားကိုရှေ့ထား၍ စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့ကြရာ ကာယကံရှင်နှစ်ဦးနှစ်ဖက်အနေဖြင့် တစ်ဦးအပေါ်တစ်ဦး တောင်းဆိုထားမှုများအပေါ် အလျှော့အတင်း အပေးအယူပြုလုပ်ခဲ့ကြပြီးနောက် အငြင်းပွားမှုအားလုံးရပ်ဆိုင်းပြီး အောက်ပါအတိုင်း စုံညီဆန္ဒနှင့် သဘောတူညီမှုရရှိခဲ့ကြပါသည်။

(က) ၂၀၁၂ခုနှစ်၊ ဧပြီ ၂၃ရက်တွင် ဆုထူးပန်ရပ်ရှင်ရုံဟောင်းမြေကွက်နေရာတွင် အထပ်မြင့်အဆောက်အအုံတစ်ခုတည်ဆောက်ရန် အကယ်ဒမီဒေါ်ဝါဝါဝင်းရွှေနှင့် ဦးကျော်မြင့်တို့ ချုပ်ဆိုထားသော Contract ကို ဖျက်သိမ်းရန် နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့ကြပါသည်။

(ခ) ကာယကံရှင်နှစ်ဦးအနေဖြင့် တစ်ဦးပေါ်တစ်ဦး အထင်အမြင်လွဲမှားမှုအပေါ်မူတည်၍ တိုင်းဒေသကြီးရှိ တရားရုံးတော်များတွင် တရားစွဲဆိုထားမှုများရှိခဲ့ပါက ထိုကဲ့သို့ တရားစွဲဆိုထားမှုများကို ကာယကံရှင်များအနေဖြင့် တရားစွဲဆိုထားမှုတို့ကို အလျင်အမြန်ပြန်လည်ရုပ်သိမ်းပေးရန် ကတိပြုသဘောတူညီခဲ့ကြပါသည်။

(ဂ) အထက်ဖော်ပြပါအတိုင်း နှစ်ဦးနှစ်ဖက် မေတ္တာတရားအပေါ်အခြေခံ၍ စေ့စပ်ဖြေရှင်းသဘောတူညီထားသည့် ကတိစာချုပ်ချုပ်ဆိုပြီးသည့် နောက်တစ်ရက်တွင် ဆုထူးပန်ရပ်ရှင်ရုံဟောင်းမြေနေရာကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ခွင့်ရယူထားသူ ဦးကျော်မြင့်အနေဖြင့် ဒေါ်ဝါဝါဝင်းရွှေထံသို့ အသိသက်သေများရှေ့မှောက်တွင် ပြန်လည်ပေးအပ်မည်ဖြစ်ပါကြောင်း ကတိပြုသဘောတူညီခဲ့ပါသည်။

၄။ ဆုထူးပန်ရပ်ရှင်ရုံဟောင်းမြေကွက်အပေါ် အထပ်မြင့်အဆောက်အအုံတစ်ခု တည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းအပ်နှံသူ အကယ်ဒမီဒေါ်ဝါဝါဝင်းရွှေနှင့် Great Father Land Construction တာဝန်ရှိသူ ဦးကျော်မြင့်တို့သည် တစ်ဦးပေါ်တစ်ဦး အထင်အမြင်လွဲမှားခဲ့ခြင်းအပေါ် အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိနေခဲ့သည်ကို သီတဂူဆရာတော် ဒေါက်တာရှင်ဉာဏိဿရ၏ မေတ္တာတရားအပေါ်ရှေးရှု၍ ပြေလည်မှုရရှိအောင် စေ့စပ်ညှိနှိုင်းဆောင်ရွက်ကြပါရန် မိန့်ကြားမေတ္တာရပ်ခံသည့်အတိုင်း မိမိတို့ ကာယကံရှင်နှစ်ဦးအနေဖြင့် မျက်နှာစုံညီတွေ့ဆုံပြီး ပြေလည်မှုရရှိလာစေရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။ ထိုကဲ့သို့ တွေ့ဆုံညှိနှိုင်းဖြေရှင်းခဲ့သဖြင့် နှစ်ဦးနှစ်ဖက်အငြင်းပွားမှုများရပ်ဆိုင်းပြီး ပြေလည်မှုရရှိခဲ့ပြီးဖြစ်ကြောင်းကို ကာယကံရှင်နှစ်ဦးနှစ်ဖက်တို့၏ ချစ်စွာသောမိတ်ဆွေသင်္ဂဟအပေါင်းတို့ထံ လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

အကယ်ဒမီဒေါ်ဝါဝါဝင်းရွှေ

ဦးကျော်မြင့်
Great Father Land Construction တာဝန်ရှိသူ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြစ်ကြီးနားလေကြောင်းလမ်းညွှန်စက်များ မှန်ကန်မှုရှိရေး လေယာဉ်ပျံသန်း စမ်းသပ်စစ်ဆေး

မြစ်ကြီးနား ဇူလိုင် ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်လေဆိပ်၌ မြန်မာ့လေကြောင်းပိုင် BEECHCRAFT၊ လေယာဉ်အမှတ် xy-AJB လေယာဉ်သည် မြိတ်လေဆိပ်၌ တပ်ဆင်ထားသည့်လေကြောင်း လမ်းညွှန်စက် အသုံးပြုရာတွင် လမ်းကြောင်းမှန်ကန်မှုရှိ၊ မရှိစစ်ဆေးရန် ဇွန် ၁ ရက် ညနေ ၅ နာရီ ၅ မိနစ်က မြိတ်လေဆိပ်သို့ ရောက်ရှိလာသည်။

အဆိုပါ လေယာဉ်သည် လေယာဉ်မှူး ဦးလေးအောင်၊ တွဲဖက်လေယာဉ်မှူး ဦးပြည့်ဖြိုး၊ ဦးနေမျိုးထွဋ်၊ အင်ဂျင်နီယာမှူး ဦးအောင်မျိုး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ဦး၊ လက်ထောက်အင်ဂျင်နီယာ ဦးတင်အောင်ဝင်းတို့ လိုက်ပါလျက် ဇူလိုင် ၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်မှ ၁၀ နာရီ ၁၀ မိနစ်အထိ တစ်ကြိမ်၊ နေ့လယ် ၁၂ နာရီ ၁၅ မိနစ်မှ ၁ နာရီ မိနစ် ၂၀ အထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ မှ ညနေ ၃ နာရီ ၁၅ မိနစ်အထိ တစ်ကြိမ် စုစုပေါင်းသုံးကြိမ် မြိတ်လေဆိပ်မှ အမြင့်ပေ ၄၀၀၀ ထိ ၁၀ မိုင်ပတ်လည်အတွင်း ပျံသန်း၍ လေယာဉ် တွင်တပ်ဆင်ထားသော အချက်ပြစက်များနှင့် မြိတ်လေဆိပ်ပြေးလမ်း၌ တပ်ဆင်ထားသော လေကြောင်းလမ်းညွှန်အချက်ပြစက်များ ချိတ်ဆက်မှုရှိ၊ မရှိ လမ်းညွှန်ချက်မှန်ကန်မှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပျံသန်းမှုပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

မိုးဟိန်း(မြိတ်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော

တောင်ငူ ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇွန် ၂၈ ရက် နံနက် ၁၁ နာရီက သဘာဝဘေးအန္တရာယ်တားဆီးရေး နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျင်းပရာ အခမ်းအနားတွင် တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက အမှာစကားပြောကြားသည်။

ယင်းနောက် တောင်ငူခရိုင်ရဲ တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးကင်းအောင်က ယာဉ်မတော်တဆမှုလျှော့နည်းပပျောက်ရေးစည်းကမ်းကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တောင်ငူခရိုင် ဦးစီးမှူး ဦးသောင်းမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်းကောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့်တာဝန်ရှိသူများက မော်တော်ဆိုင်ကယ်စီးနင်းသူ စည်းကမ်းချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။ အခမ်းအနားကို တောင်ငူတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သူရ(တောင်ငူ)**

မြန်မာအမျိုးသမီးများနေ့ ကျောက်မဲ၌ ကျင်းပ

ကျောက်မဲ ဇူလိုင် ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်၏ ၂၀၁၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက်က ကျောက်မဲမြို့ မေတ္တာမွန်ခန်းမရှေ့၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်စန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌဒေါ်တင်တင်စန်းက အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဘိဓမ္မာဂုဏ်ထူးဆောင်တန်း မြန်မာတစ်နိုင်ငံလုံး ပထမဆုရရှိသူ၊ ဆို၊ က၊ ရေး၊ တီး(ဗဟိုအဆင့်)ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သူ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဂုဏ်ထူးရှင် ၇၀ နှင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူ ၁၁ ဦးတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(အောက်ပုံ) မလတ်(ကျောက်မဲ)

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့တွင်းလမ်းများ၌ မိုးတွင်းကာလ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းစေရေး၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်ရေးတို့အတွက် မြို့နယ်စည်ပင်အဖွဲ့၏ အစီအစဉ်ဖြင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၃ ရက်က ဆောင်ရွက်နေစဉ်။

မောင်လွင်

နွား ၁၃ ကောင် သယ်ဆောင်လာသူကို ဖမ်းဆီးအရေးယူ

ခင်ဦး ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ ရဲစခန်း၌ လူတစ်ဦးကို (ပ)၂၃၉/၁၃ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ပုဒ်မ(၅)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၉ ရက် နံနက် ၅ နာရီက ခင်ဦးရဲစခန်းမှ ဒုရဲမှူး ဘိုဘိုထွန်း ဦးဆောင်သောအဖွဲ့သည် နယ်မြေလုံခြုံရေးကင်းလှည့် နေစဉ် ခင်ဦးမြို့ မြကန်သာရပ်ကွက်သို့ ရောက်ရှိပြီး မြကန်သာရပ်ကွက်နှင့် ကံသာယာကျေးရွာအကြားရှိ လမ်းပေါ်တွင် အမည်မသိအမျိုးသား တစ်ဦးနှင့် နွား ၁၃ ကောင်ကိုတွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ခင်ဦးမြို့နယ် ငွေကုန်းရွာနေသူ တောင်သူ ဦးလှဆန်း (၄၉ နှစ်)ဖြစ်ပြီး ၎င်းအား (ပ) ၂၃၉/၁၃ အရေးကြီးကုန်စည်ဝန်ဆောင်မှု ပုဒ်မ (၅)ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **ရောင်နီတင်ဝင်း**

မြန်မာနိုင်ငံဆရာဝန်အသင်း အများစုဆန္ဒခံယူပွဲ အခမ်းအနား ရက်ရွှေ့ဆိုင်းခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း အကျိုးစီးပွားထိန်းသိမ်းကာကွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများစု ဆန္ဒခံယူဆုံးဖြတ်ခြင်းအခမ်းအနားကို ၂၀၁၃ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့(စနေနေ့) နံနက် ၁၀ နာရီအချိန်ကျင်းပ ရန်ရှိသော်လည်း ရက်ရွှေ့ဆိုင်းလိုက်ပါကြောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း အသင်းသား၊ အသင်းသူများထံသို့ အသိပေးကြေငြာအပ်ပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း
ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ပန်းတစ်ပွင့်တောင် သာသနာပြုတောရရိပ်သာကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆရာတော်ကြီးအား သိက္ခာထပ်ကံဆင့်မင်္ဂလာ အလှူတော်ပွဲနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဆုနှင်းသဘင်ပွဲအခမ်းအနား

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖူးကြီးရေလှောင်ကန်အနီး ပန်းတစ်ပွင့်တောင် သာသနာပြုတောရရိပ်သာကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်စဉ်နှစ်တိုင်း သင်္ကန်းကပ်လှူပူဇော်ပွဲကို ၂၂-၇-၂၀၁၃ရက် (ဝါဆိုလပြည့်နေ့) တွင် ဆက်ကပ်လှူဒါန်းပြီး သဒ္ဓမ္မဇောတိကဓဇ ဗဟုဇနဟိတဓရ ဓမ္မကထိက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရဆရာတော်ကြီးအား သိက္ခာထပ် ကံဆင့်မင်္ဂလာ၊ အလှူတော်မင်္ဂလာပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၂၀၁၂-၂၀၁၃ခု ပညာသင်ထူးချွန်ဆုပေးပွဲနှင့် ၂၀၁၂-၂၀၁၃ ယှဉ်ကျေးမှုစာမေးပွဲ အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ပွဲနှင့် ၂၀၁၂-၂၀၁၃တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်မည်ဖြစ်ပါ၍ ၁၀-၇-၂၀၁၃ရက် (ဝါဆိုလဆန်း ၃ရက်)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေး ဆရာတော်ကြီး၏ အလှူဒါယကာ အလှူဒါယိကာမများနှင့် ကျောင်းသား ကျောင်းသူမိဘများ၊ ကျောင်းသား ကျောင်းသူများအား ကြွရောက်ကြပါရန် မေတ္တာရပ်ခံ၍ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အချိန်/နေရာ - ဝါဆိုသင်္ကန်းကပ် သိက္ခာထပ်ကံဆင့်မင်္ဂလာနေ့
၂၂-၇-၂၀၁၃ ရက် (ဝါဆိုလပြည့်နေ့)
မွန်းတည့် ၁၂ နာရီ
ဆုချီးမြှင့်မည့်အချိန် - နံနက် ၉ နာရီ
၁၀-၇-၂၀၁၃ ရက် (ဝါဆိုလဆန်း ၃ ရက်)
ကျင်းပမည့်နေရာ - ပန်းတစ်ပွင့်တောင် တောရရိပ်သာကျောင်းတိုက်

ဖိတ်ကြားသူ
ဥပဋ္ဌာကအဖွဲ့

AGTI ကျောင်းဆင်း(ဖြစ်း) တစ်ဦး အလို ရှိသည်။
ဆက်သွယ်ရန် - ...-57

ပျောက်ဆုံးကြောင်း

အရှင်ဇောတိပါလ ၁၀/မလမ(သ) ၀၀၁၄၃၅၏ နိုင်ငံကူးလက်မှတ်အမှတ် P.P No-A-008242 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၁၅၄၂၂

လူပျောက်



အထက်ပါဓာတ်ပုံရှင် ဦးသိန်းထွန်း၏သား မောင်ကျော်စွာထွန်း၊ အသက် (၁၅)နှစ်၊ အဋ္ဌမတန်းကျောင်းသားသည်၂၅-၆-၂၀၁၃ ရက် နံနက် ၇နာရီတွင် ကျောင်းတက်သွားရာမှ ယနေ့အချိန်ထိ ပြန်လည်မရောက်လာပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ဆက်သွယ်ရန်- မိခင် ဒေါ်အေးသိန်း၊ဖုန်း-၀၉-၈၆၅၁၄၅၈**

ဒေါက်တာစည်သူအောင် ဦးစီးသင်ကြားသော စွမ်းအား ရာထူးဝင်ခွင့်သင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများ

- L/O၊ ဒုရဲအုပ် — စနေ/တနင်္ဂနွေ 3-5 Pm
- လက်ထောက်ဆရာဝန်/နိုင်ငံခြားရေး — နှုတ်ဖြေ နေ့စဉ် 1-3 Pm
- ၂၀၁၃ခုနှစ်၊ ၁၀ လပိုင်းဖြေဆိုမည့် ရာထူးဝင်ခွင့်စာမေးပွဲများ — တန်းခွဲသစ် ၂၄-၇-၂၀၁၃ဖွင့်မည်
- အင်္ဂလိပ်စာသင်တန်း — စနေ/တနင်္ဂနွေ 1-3 Pm

အပ်နှံရန် - အမှတ် ၄၆၀၊ ဗိုလ်လက်ျာလမ်းနှင့် ဘုရားလမ်းထောင့်၊ ရန်အောင်(၁) ရပ်ကွက်၊ ပျဉ်းမနား၊ နေပြည်တော်၊ ဖုန်း-၀၉-၈၃၀၂၀၀၉၊ ၀၉-၄၉၃၂၃၃၁၁၊ ၀၆၇-၂၁၆၁၄၊ ၂၃၆၉၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၉၂)၊ သုံးလွှာ(အေ) ဦးအောင်ကိုမင်း ၇/တငန(နိုင်)၁၁၄၄၁၅ ပိုင်ဆိုင်သော တိုက်ခန်းအား ကျွန်မက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်ခြင်းအတွက် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

ဒေါ်သန္တာအောင် ၁၂/မဂတ(နိုင်)၀၇၁၄၉၀
ဖုန်း-၀၉-၅၁၉၇၄၄၆

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထင်လင်းခိုင် ၉/စကတ(နိုင်)၀၈၆၂၇၉၏ နိုင်ငံကူး လက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၂၇၄၅၀၁

အလိမ္မာ စာမှာရှိ

ကြော်ငြာ

CHINDWIN COLLEGE
SCHOOL OF ENGINEERING & SCHOOL OF BUSINESS
ချင်းတွင်းတွင် HND တက်၍ နိုင်ငံတကာတက္ကသိုလ်များတွင် နောက်ဆုံးနှစ်တက်ရောက်နေသူများ နှင့် B.E (Hons) ဘွဲ့ရရှိခဲ့သူများ
အောင်ထက်သန်း
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၄၁
B.E (Hons)
Coventry University (UK)
အောင်ပြည့်စုံကျော်
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၁၆
B.E (Hons)
Coventry University (UK)
မြတ်မြတ်သွန်း
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၃၆
B.E (Hons)
University of Wolverhampton (UK)
အောင်မိုးဟိန်း
တက္ကသိုလ်ဝင်တန်းအမှတ်- ၂၇၀
B.E (Hons)
Coventry University (UK)
အောင်မြင့်
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၃၉
B.E (Hons)
Coventry University (UK)
ထက်နိုင်ဝင်း
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၈၅
B.E (Hons)
Coventry University (UK)
မေမီအောင်စိုး
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၇၉
B.E (Hons)
Coventry University (UK)
စိုးမိုးအောင်
တက္ကသိုလ်ဝင်တန်းအမှတ်- ၂၈၀
B.E (Hons)
Coventry University (UK)
Na Ran
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၆၆
B.E (Hons)
Coventry University (UK)
စေယျာမြင့်
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၁၃
Third Year
B.E (Hons)
Asian Institute of Technology
(Thiland)
စွမ်းထက်အောင်
GCE'O' Level
B.E (Hons)
Coventry University (UK)
ရန်ပြေဟိန်း
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၄၂
B.E (Hons)
University of Wolverhampton
(UK)
စည်သူစိုး
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၅၆
Final Year
B.E (Hons)
Coventry University (Auston)
သဲကိုကိုနိုင်
တက္ကသိုလ်ဝင်တန်းအမှတ်- ၂၆၂
B.E (Hons)
University of Wolverhampton
(UK)
ဗိုင်းသစ်လွင်ကျော်
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၃၇
Final Year
B.E (Hons)
University of Hartfordshire
ဗိုင်းနေအောင်
တက္ကသိုလ်ဝင်တန်းအမှတ်- ၂၈၅
Final Year
B.E (Hons)
Coventry University (Auston)
ဝေမင်းစိုး
တက္ကသိုလ်ဝင်တန်းအမှတ်- ၄၀၂
Final Year
B.E (Hons)
Coventry University (Auston)
ဇော်လင်းထက်
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၃၅
Final Year
B.E (Hons)
University of Hartfordshire
(BMC International College)
ထက်မင်းခန့်
တက္ကသိုလ်ဝင်တန်းအမှတ်- ၃၃၇
Final Year
B.E (Hons)
Coventry University (Auston)
ခိုမြတ်နှန်း
B.E (Hons)
Coventry University (Auston)
လက်ရှိဖွင့်လှစ်ထားသည့် သင်တန်းများ
HND in Electrical and Electronic Engineering, Mechanical Engineering, Business Management
2013 July သင်တန်းသစ်များ
HND (Civil Engineering), HND (Hospitality & Toursim), Pre MBA Post Grad Diploma
တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course (IFC) တက်ရောက်နိုင်သည်။
IFC ပြီးလျှင် (သို့) ဒုတိယနှစ်အောင်ပြီးဖြစ်လျှင် HND ၂နှစ်သင်တန်းတက်ရောက်နိုင်သည်။
ဘွဲ့ရပြီးသူများ Pre MBA Post Grad Diploma တက်ရောက်နိုင်သည်။
ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း၊ အောက်ဘလောက်။ ဖုန်း ၀၉-၇၃၀၆၈၃၇၆၊ ၀၁- ၂၉၇၆၇၃
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါ်တိုက်ခန်းများ၊ ၇၇ x ၇၈ ကြား၊ ၃၁ x ၃၂ ကြား။ဖုန်း- ၀၂-၇၄၁၇၉

ကိုယ်တွေ့

ရဲညွန့် (မန်း)

အသက်ခြောက်နှစ်အရွယ်သမီး ဖြစ်သူ သင်းကြယ်စင်ညွန့်ရဲ့ကျန်းမာရေးအတွက် မန္တလေးမြို့ခုတင်၅၅၀ ဆံ့ ကလေးအထူးကုဆေးရုံကြီးကို ဇွန် ၂၅ရက်က ရောက်ခဲ့ရပါတယ်။

မိသားစုကျန်းမာရေးနဲ့ပတ်သက်လို့ အစိုးရဆေးရုံ ဆေးခန်းတွေကို အားကိုးလိုစိတ် မရှိတာကြောင့် ပုဂ္ဂလိက ဆေးရုံဆေးခန်းတွေမှာပဲ ကုသမှုခံယူခဲ့ဖူးပါတယ်။

ဇွန်လ ၂၁ ရက်က သမီးဖြစ်သူ ကျောင်းကအပြန် ကိုယ်ပူပြီး ဖျားလာလို့ ထုံးစံအတိုင်း ပြင်ပ ပုဂ္ဂလိက အထူးကုဆေးခန်းကြီးမှာပဲ သမားတော်နဲ့ သွားရောက်ပြသကုသမှုခံယူခဲ့ပါတယ်။ နေ့စဉ် ကလေးအထူးကု သမားတော်နဲ့ ပြသနေတုန်းမှာပဲ မသက်သာတဲ့အတွက် ဇွန် ၂၅ ရက်မှာ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာ တွေ့ရကြောင်းနဲ့ ကလေးအထူးကုဆေးရုံကြီးကိုပဲ မဖြစ်မနေ သွားရောက်ပြသကုသမှုခံယူဖို့ ဆရာဝန်ကြီးက ညွှန်ကြားပါတယ်။

ကလေးအထူးကု ဆရာဝန်ကြီး ကိုယ်တိုင်က ဒီလိုညွှန်ကြားလာတဲ့အတွက် စိတ်မပါပေမယ့်လည်း အစိုးရဆေးရုံတစ်ခုဖြစ်တဲ့ မန္တလေးမြို့ ခုတင် ၅၅၀ဆံ့ ကလေးအထူးကု ဆေးရုံကြီးမှာ ဆေးကုသမှုခံယူဖို့ အကြောင်းဖန်လာခြင်းဖြစ်ပါတယ်။

အဆင်ပြေပါ့မလား၊ ပြည့်စုံပါ့မလားဆိုတဲ့ စိုးရိမ်စိတ်နဲ့အတူ မန္တလေးမြို့ ၂၇×၂၈ လမ်းကြား၊ ၆၆×၆၇ လမ်းကြားမှာရှိတဲ့ ကလေးအထူးကုဆေးရုံကြီးဆီကို ရောက်တဲ့ အခါမှာတော့ ကျယ်ဝန်းတဲ့မြေနေရာမှာ ဆေးရုံအနံ့အသက် ကင်းစင်ပြီး သန့်ရှင်းသပ်ရပ်သစ်လွင်တဲ့အဆောက်အအုံတွေကို တွေ့ရတဲ့အတွက်ဆေးရုံနဲ့မတူဘဲ ဧည့်ရိပ်သာတစ်ခု၊ ဟိုတယ်တစ်ခုနဲ့ တူနေသယောင် စိတ်ထဲမှာ မှတ်ထင်မိပါတယ်။ ဒန်း၊ စီးဆော၊ လျှောစင်စတဲ့ ကလေးကစားစရာတွေ တပ်ဆင်ထားတဲ့ခေတ်မီကလေးကစားကွင်းနဲ့ မြက်ခင်းပြင်မှာ နာလန်ထကလေးငယ်အချို့ မိဘများနဲ့အတူ ဆော့ကစားနေတာကိုလည်း တွေ့ရပါတယ်။

ဆေးရုံရဲ့ ပြင်ပလူနာဌာနကို ရောက်တယ်ဆိုရင်ပဲ တာဝန်ကျ ကျန်းမာရေးဝန်ထမ်းများရဲ့ ဖော်ရွေတဲ့အပြုံးနဲ့အတူ မှတ်ပုံတင်စာရင်းသွင်းပြီး အထူးကုဆရာဝန်ကြီးရဲ့ ဆေးကုသမှုမှတ်တမ်းများအရ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူရမှာဖြစ်ကြောင်း ချိုသာစွာ ရှင်းလင်းပြောပြပြီး ဖျားနာကုသဆောင် ၂(ခ)ကို တာဝန်ကျဝန်ထမ်း ကိုယ်တိုင် မှတ်တမ်းတွေနဲ့အတူလိုက်ပါပို့ဆောင်တာကို အံ့သြစွာ တွေ့ရပါတယ်။

ဖျားနာကုသဆောင် ၂(ခ)ကို ရောက်တယ်ဆိုရင်ပဲ ယခင်က အစိုးရ ဆေးရုံများအပေါ်မှာ တင်ရှိနေတဲ့ သံသယတွေအားလုံး ပြေပျောက်သွားပြီး တာဝန်ကျ ကျန်းမာရေးဝန်ထမ်းတွေရဲ့စေတနာ၊ မေတ္တာ၊ ကရုဏာနဲ့ စနစ်တကျ ကြပ်မတ်ကုသပေးနေတာကို မျက်မြင်ကိုယ်တွေ့ တွေ့ကြုံနေရပါတော့တယ်။

ဖျားနာဆောင်ကို ရောက်ရှိလာတဲ့လူနာရဲ့ အခြေအနေပေါ် မူတည်ပြီး အချိန်ပြည့်ကြည့်ရှု ကြပ်မတ်ကုသပေးရမယ့် ကလေးလူနာတွေကို ဆရာဝန် သူနာပြုအခန်းမှာပဲ မျက်စိအောက်မှာ အချိန်ပြည့်ကြည့်ရှုကုသနေတာကို တွေ့မြင်ရပါတယ်။

ကလေးအထူးကု သမားတော်ပါရဂူကြီးတွေကတော့ ပုံမှန် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်နဲ့ အရေးကြီးရင်ကြီးသလို လူနာတွေကို လှည့်လည်ကြည့်ရှုစမ်းသပ်ကုသပေးတာကို တွေ့ရပြီး လူနာခုတင်တွေကို ရောက်တဲ့အခါမှာလည်း လူနာကို အသေးစိတ် စစ်ဆေးစမ်းသပ်ပြီး ရောဂါရာဇဝင်နဲ့ ကုထုံးတွေ၊ ဆောင်ရန်/ရှောင်ရန်တွေကို လူနာရှင်မိဘတွေ နားလည်သဘောပေါက်အောင် စိတ်ရှည်လက်ရှည်နဲ့ ရှင်းပြတာကိုလည်း တွေ့ရပါတယ်။

ဖျားနာဆောင်မှာ အချိန်ပြည့် တာဝန်ကျတဲ့ သူနာပြုတွေ၊ လက်ထောက် ဆရာဝန်တွေ၊ ဆရာဝန်ကြီးတွေဆိုတာကတော့ လူနာတွေအားလုံးအပေါ်မှာ အချိန်ပြည့် လိုပါပဲ၊ အဖျားတိုင်းသူ၊ သွေးပေါင်ချိန်သူ၊ စမ်းသပ်သူ၊ ဆေးထိုး ဆေးတိုက်ပေးသူတွေနဲ့ ကုသမှုပိုင်းမှာ မြင်တွေ့ရတာ အားရစရာ ကောင်းတဲ့အပြင် ဆက်ဆံရေးပိုင်းမှာလည်း မျက်နှာထားကြည်လင်ပြုံးရွှင်စွာနဲ့ အလွန်စိတ်ရှည်လက်ရှည်ရှင်းလင်းပြောကြားတာကိုကြားသိတွေ့မြင်ရတော့ ယခင်က အစိုးရဆေးရုံတွေအပေါ် ကြားဖူးနားဝသံသယတွေဟာ လုံးဝပျောက်ကွယ်သွားရတာ ဖြစ်ပါတယ်။

ဆေးကုသရေးဆိုင်ရာ ပစ္စည်းကိရိယာတွေဖြစ်တဲ့ အောက်ဆီဂျင်ဘူးတွေ၊ အီးစီဂျီစက်တွေ၊ လူနာတင်ယာဉ်တွေဆိုတာလည်း အားလုံး အဆင်သင့်ရှိနေပြီး လိုအပ်ချိန်မှာ အချိန်မရွေးလွယ်လင့်တကူသုံးစွဲနိုင်အောင် စီမံဆောင်ရွက်ထားတာကို တွေ့ရပါတယ်။

မန္တလေးမြို့ ခုတင် ၅၅၀ ဆံ့ ကလေးအထူးကုဆေးရုံကြီးက အထူးကုသမားတော် ဆရာဝန်ကြီးတွေ၊ သူနာပြုတွေရဲ့ စေတနာ၊ မေတ္တာ၊ ကရုဏာတွေနဲ့အထူးစောင့်ရှောက်ကုသမှုကြောင့် လူနာရှင်မိဘတွေ အားလုံး စိတ်နှလုံးချမ်းမြေ့စွာနဲ့ ဆေးကုသမှုခံယူနိုင်ပြီး ကျန်းမာရေးကောင်းမွန်သွားကြတဲ့ ကလေးသူငယ်ပေါင်း မြောက်မြားစွာအတွက် ဆေးရုံကြီး ပေါ်ပေါက်လာအောင် စီစဉ်ဆောင်ရွက်ပေးတဲ့နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ မွမ်းမံဆောက်လုပ်အလှူရှင် အေဒင်အုပ်စု ကုမ္ပဏီများ၊ ဆေးရုံအုပ်ကြီးနှင့်တာဝန်ကျ ကျန်းမာရေးဝန်ထမ်းများ အားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်းပြောပါရစေ။ ဒါ့အပြင် အများသူငါ ပြောဆိုကြသလို မဟုတ်ဘဲ မန္တလေးမြို့ခုတင် ၅၅၀ ဆံ့ ကလေးအထူးကုဆေးရုံကြီးမှ တာဝန်ကျ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့စေတနာ၊ မေတ္တာအပြည့်အဝကုသပေးနေပြီး အခြားသော အစိုးရဆေးရုံမှကျန်းမာရေးဝန်ထမ်းများအနေနဲ့လည်း အခုမန္တလေး ကလေးဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများကဲ့သို့ပင် စေတနာ၊ မေတ္တာအပြည့်အဝနဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ပါစေကြောင်း ဆန္ဒပြုတင်ပြလိုက်ရပါတယ်။

မန္တလေးမြို့ ခုတင် (၅၅၀) ဆံ့ ကလေးအထူးကု ဆေးရုံကြီး။

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်လိုအပ်သော လုပ်ငန်းသုံး စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Desktop Computer ၆ လုံး
(ခ) Laptop Computer ၂၀ လုံး
(ဂ) Copier A3 ၁ လုံး
(ဃ) D-800 Nikkon Camera ၁၀ လုံး
(င) Lens ၃ လုံး
(စ) Air Conditioner(5.0 HP) ၄ လုံး
(ဆ) D-7100 Nikkon Camera ၅ လုံး
(ဇ) Lens ၂ လုံး
(ဈ) Computer Core i7 Dell Optiplex 990 DT ၁ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၃ရက်မှ ၃၁-၇-၂၀၁၃ရက်အထိ နေ့စဉ် ၉:၀၀ နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ရက် နံနက် ၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

တင်ဒါပုံစံများတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန၊
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
စက်မှုဇုန်များသို့ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်ရန်
အဆိုပြုချက်များ ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်(၁၅)ခုသို့ စဉ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားသော ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား အဆိုပြုတင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အဆိုပြုလွှာများအား ၃၁-၇-၂၀၁၃ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ တင်သွင်းရပါမည်။
၃။ အဆိုပြုချက်နှင့်စပ်လျဉ်း၍ သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါဌာနနှင့် သက်ဆိုင်ရာစက်မှုဇုန်ကော်မတီရုံးများတွင် လာရောက်စုံစမ်း ဆွေးနွေးနိုင်ပါသည်။

ဥက္ကဋ္ဌရုံး
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၉၅၁ ၂၁၅၀၄၂၊ ၉၅၁ ၂၁၅၀၄၃၊ ၉၅၁ ၂၁၅၀၄၅

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးပုံနှိပ်စက်နှင့် စက်အရန်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးပုံနှိပ်စက်နှင့် စက်အရန်ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Web Offset Printing Machine (4 Colour) ၁ လုံး
(ခ) Spare Parts for Orient Web Offset ၂၈ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၃ရက်မှ ၃၁-၇-၂၀၁၃ရက်အထိ နေ့စဉ် ၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ရက် နံနက် ၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
အမှတ်စဉ် (၁/၂၀၁၃) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)၊ မန္တလေးမြို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများကို တံတားလုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	ဒုဋ္ဌဝတီတံတား(ရဲရွာ-ကဗျူး)	တံတားအမှတ်(၅/၅၀၈)
၁	သံချောင်းလုံး(ရွယ်စုံ)	၃၀ တန်	၃၀ တန်
၂	¾"-¾" ခွဲကျောက်		၁၂၀ ကျင်း
၃	မြစ်သဲ	၂၀ ကျင်း	၆၀ ကျင်း
၄	သစ်အခြားသား	၂၀ တန်	၂၅ တန်

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၇-၂၀၁၃ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၈-၇-၂၀၁၃ ရက်၊ မွန်းလွဲ ၁ နာရီ
တင်ဒါဖွင့်မည့်နေရာ - ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၁၄)၊ မန္တလေးမြို့

အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် သတင်းအချက်အလက်များကို အသေးစိတ်သိလိုပါက ဖုန်း၀၂-၃၉၁၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါစက်အရန်ပစ္စည်းများအား ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Ball Bearing	1 Lot
၂။	Tyre	1 Lot
၃။	Raw Materials for Refractory Brick	3 Items

၂။ တင်ဒါအား ၅-၇-၂၀၁၃ရက်စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၅-၈-၂၀၁၃ ရက်ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန ရုံးအမှတ် ၄၁ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၂၉၈)

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်း၊တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၁။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
၁။	ဘိလပ်မြေ	၁၁၇၅ တန်
၂။	သံချောင်းလုံး(ရွယ်စုံ)	၆၉ တန်
၃။	မြစ်ကျောက်စရစ်	၁၅၇.၅ ကျင်း
၄။	မြစ်သဲ	၄၉၀ ကျင်း
၅။	ခွဲကျောက်ရွယ်စုံ	၅၃၁၇.၅ ကျင်း
၆။	သစ်မာခွဲသား	၆၆ တန်
၇။	ဒီဇယ်ဆီ	၅၀၀၀ ဂါလန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၅-၇-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်ချိန် - ညနေ ၄ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် သတင်းအချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး ၁-၇-၂၀၁၃ရက်မှစ၍ လျှောက်လွှာတစ်စောင်လျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ထားဝယ်ခရိုင်၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၁၀၂၃၊ ၀၉-၄၂၂၁၉၂၆၈၈

အိတ်ဖွင့်တင်ဒါပြင်ဆင်ချက်

၁။ ၁၆-၆-၂၀၁၃ရက်က မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြော်ငြာခဲ့သော ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရေနံ့သာ အနာကြီးရောဂါကုဆေးရုံ၏ အိတ်ဖွင့်တင်ဒါပိတ်ရက်ကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၆-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၇-၂၀၁၃ ရက်၊ ညနေ ၄ နာရီ
၃။ အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး
မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း-၀၉-၆၅၀၂၅၈၃

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နတ်ကွန်းစင်အောက် ခေါင်းထိုးအိပ်နေသည့် ခိုကိုးရာမဲ့ အဘိုးအိုအား ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာသို့ ပို့ဆောင်

သတင်းမှတ်စုနှင့် ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဇူလိုင် ၄

နားလည်းမကြား၊ မျက်စိတစ်ဖက်မမြင်၊နတ်ကွန်းစင်အောက် ခေါင်းထိုးအိပ်နေသူ ခိုကိုးရာမဲ့ အသက် (၈၈ နှစ်)အရွယ်မွတ်ဆလင်အဘိုးအိုတစ်ဦးအားရပ်ကွက်နေပြည်သူများက“ဆည်းဆာရိပ်” ဂိလာနဘိုးဘွားရိပ်သာသို့ ဆက်သွယ် သတင်းပေးပို့မှုကြောင့် ဇူလိုင် ၂ ရက် နံနက် ၈ နာရီခွဲက ရိပ်သာပိုင်ကားဖြင့် လာရောက်သယ်ဆောင်သွားသည့် မုဒိတာပွားဖွယ်ရာ ဖြစ်စဉ်တစ်ခုကို ကိုယ်တိုင်မြင်တွေ့ကြားသိလိုက်ရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး (တောင်ပိုင်း)ရပ်ကွက်၊ ခမ္ဘာရုံလမ်းထောင့်ရှိ နတ်ကွန်းစင်အောက်တွင် လွန်ခဲ့သော တစ်လခန့်ကတည်းက အဘိုးအိုတစ်ဦး ညဘက်တွင်လာရောက် အိပ်စက်လေ့ရှိသည်ဆို၏။ လာရောက်စဉ်က နေ့ဘက်တွင်မနေဘဲ ညဘက်ရောက်မှသာ လာရောက်အိပ်စက်လေ့ရှိသည်ဟုဆိုကာ ပတ်ဝန်းကျင် နေထိုင်သူများက မေးမြန်းသော်လည်း ပြန်လည်ဖြေကြားနိုင်ခြင်းမရှိသဖြင့် နားမကြားဟု မှတ်ယူခြင်း ဖြစ်သည်။ ဘယ်ဘက်မျက်စိတစ်ဖက်မှာလည်း ဖူးရောင်ပိတ်ပြီး အမြင်ကွယ်နေသည်ကို တွေ့ရ၏။ ရပ်ကွက်နေသူများက ထမင်းဟင်းများ၊ သောက်ရေသန့်များ လာရောက်ပေး၍ စားသောက်နေသော်လည်း လွန်ခဲ့သော ရက်သတ္တပတ်ခန့်လောက်က စ၍ ထသွား ထလာမလုပ်နိုင်တော့ဟုဆိုသည်။ ရပ်ကွက် ဆယ်အိမ်အုပ်စုမှူး ဦးခင်မောင်မောင်နှင့်မြန်မာ့ဂုဏ်ရည်လမ်းနေ ဦးသန်းလင်းကြွယ်တို့ ဇူလိုင် ၁ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ၁၂ ရပ်ကွက်နေ မဟောသဓလမ်းရှိ“ဆည်းဆာရိပ်”ဂိလာနဘိုးဘွားရိပ်သာသို့ ဆက်သွယ်သတင်းပေးပို့ခဲ့ကြသည်။ အဖွဲ့မှ တာဝန်ရှိသူများက ချက်ချင်းလာရောက်စစ်ဆေးကာ ဇူလိုင် ၂ ရက် နံနက်တွင် ရိပ်သာအဖွဲ့အတွင်းရေးမှူးဒေါ်သက်နွယ်နှင့်ဘဏ္ဍာရေးမှူး ဒေါ်ထွေးမြင့်တို့က အင်္ကျီ၊ လုံချည်အသစ်တို့ဖြင့် လဲလှယ်ပေးပြီး ရိပ်သာကားဖြင့် နတ်ကွန်းစင်အောက်မှ လာရောက်ခေါ်ယူခြင်းဖြစ်သည်။

ခိုကိုးရာမဲ့ အဘိုးအိုအား အင်္ကျီ လုံချည် အသစ်များ လဲပေးကာ နတ်ကွန်းစင်အောက်မှ သယ်ထုတ် ပေးနေသည်ကို တွေ့ရစဉ်။

“ဒီအတိုင်းထားရင် မိုးတွင်းမှာ အအေးပတ်ပြီး အဘိုးအိုသေသွားလိမ့်မယ်။ လမ်းလည်း မလျှောက်နိုင်တော့ဘူး၊ ထိုင်တောင် မထိုင်နိုင်တော့ဘူး၊ အညစ်အကြေးတွေကိုလည်း မသန့်စင်နိုင်တော့ဘူး။ ရပ်ကွက်ထဲကပဲ နေ့တိုင်းဆေးပေးနေရတယ်။ အခုလို လူ့အသက်တစ်ချောင်း ကယ်ခွင့်ရအောင် ကူညီပေးရလို့ ဝမ်းသာကြည်နူးရပါတယ်” ဟု ဦးသန်းလင်းကြွယ်က ပြောသည်။ “ဒီအဘိုးအိုက ဟိုးအရင်က လက်သမားလည်းလုပ်တယ်၊ ပန်းရန်လည်းလုပ်တယ်လို့ သိရတယ်။ ကြာပါပြီ၊ အခုတော့ မလုပ်နိုင်တော့ဘူးပေါ့၊ ပိုက်ဆံလိုက်တောင်းနေတာတော့မတွေ့ရဘူး။ တချို့ကတော့ ငွေလှူသွားကြတယ်။ ညဘက်ဆိုဒီနေရာမှာ လာအိပ်တာပဲတွေ့ရတယ်။ အခုရက်ပိုင်းဘယ်မှမသွားနိုင်တော့ဘဲ နတ်ကွန်းစင်အောက်မှာပဲ အိပ်နေတာ။ စကားပြောကြည့်တော့လည်း ပြန်မပြောနိုင်ဘူး။ အဲဒါနဲ့ ဆည်းဆာရိပ်သာကို သတင်းပေးပို့ ကူညီလိုက်တာပါ”ဟု ဆယ်အိမ်စုမှူး ဦးခင်မောင်မောင်က ပြောသည်။

ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာ ကားပေါ်သို့ သယ်ယူမတင် ပေးနေစဉ်။

နိုင်ငံသားစိစစ်ရေးကတ် အမှတ် ၁၂/ဒပန(နိုင်) ၀၄၂၆၈၂၊ မာမက်ကာဆင်၊ (ဘ)ဦးနူလာကင်၊ ကိုးကွယ်သည့်ဘာသာ အစ္စလာမ်၊ မွေးသက္ကရာဇ် ၁၉၈၇ခုနှစ်ဟု ကတ်ပြားတစ်ခုသာ အိတ်ထဲတွင်တွေ့ရသည်။ “ဂိလာနအဘိုးသတ်မှတ်ဦးရေက ပြည့်နေလို့ ရိပ်သာက လက်မခံနိုင်သေးဘူး။ စာရင်းပေးထားတဲ့ စောင့်ဆိုင်းဂိလာနအဘိုးတွေလည်း ရှိနေပါသေးတယ်။ ဒါပေမယ့် အခုဟာက အရေးပေါ်ဂိလာနလို့ သတ်မှတ်ပြီး ချက်ချင်းအစည်းအဝေးထိုင်ဆုံးဖြတ်ဆောင်ရွက်ပေးတာပါ”ဟု အဖွဲ့အတွင်းရေးမှူး ဒေါ်သက်နွယ်က ရှင်းပြသည်။ “ရိပ်သာရောက်ရင် တစ်ကိုယ်လုံးသန့်ရှင်းရေး လုပ်ပြီး နာရေးကူညီမှုအသင်း သုခဆေးခန်းမှာ ရောဂါအားလုံးကို ရှာဖွေစစ်ဆေးပြီး ကုသပေးသွားမှာဖြစ်ပါတယ်”ဟု ခေါ်ဆောင်ရာတွင် လိုက်ပါလာသော ဘဏ္ဍာရေးမှူး ဒေါ်ထွေးမြင့်က ပြောကြားသည်။ မေတ္တာနှင့် ကရုဏာတရားတို့ကြောင့် တွေ့မြင်ကြားသိရသူတိုင်း နှလုံးစိတ်ဝမ်းချမ်းမြေ့စွာ ခံစားကြရသည့် ဖြစ်စဉ်တစ်ခု ပီတိဖြစ်ဖွယ် ကြုံတွေ့လိုက်ရခြင်း မျှဝေလိုက်ရခြင်းဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ကုသသောလူနာများအတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂-၇-၂၀၁၃ ရက်
တင်ဒါပိတ်ရက် - ၂၃-၇-၂၀၁၃ရက် ညနေ၄ နာရီ

၃။ အသေးစိတ်သိလိုပါက ဟင်္သာတပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း- ၀၄၄-၂၁၀၉၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ဟင်္သာတပြည်သူ့ဆေးရုံကြီး

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.Aအသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့်အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၃ ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၇-၂၀၁၃ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး
ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၇၂၀၇၊ ၀၁-၅၆၃၈၈၈

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသောလူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၈-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၇-၈-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပျဉ်းမနားမြို့
လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး
ဖုန်း-၀၆၇-၂၂၃၀၉၊ ၀၆၇-၂၂၅၁၁ (Ext-105)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါပုံနှိပ်ပစ္စည်းကိရိယာများအား ဌာနအရောက်တန်ဖိုး(D.D.P) (နေပြည်တော်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.03/Survey Instrument/SD/2013-2014	
(က)	Computer to Plate (UV 46") (with Processor, Bridge & Stacker) Brand: Cron	(1)Complete set
	Tender No.04/Survey Instrument/SD/2013-2014	
(ခ)	Paper Cutting Machine(45") Brand: Shen Wei Da	(1)Complete set

၂။ အိတ်ဖွင့်တင်ဒါများအား ၁၈-၇-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့
မြေတိုင်းဦးစီးဌာန
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၃၀၇၃၊ ၀၆၇-၄၁၃၅၈၅

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၃ ရက် မွန်းလွဲ ၂း၀၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ခုတင်(၃၀၀)ဆံ့ကလေးဆေးရုံကြီး၊ မန္တလေးမြို့
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၃၂၂၂၅၊ ၃၃၉၆၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၃၂၆၃၁၊ Zaw Cycle , M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျန်ယုံချန်း LSO-၁၈၅၁၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၁၃၀၂၊ Toyota Hilux LN 106 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်ဇယ် ၁၃/ကလတ(နိုင်)၀၀၆၇၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၂၃၉၂၊ MTO Light Truck Pickup (4x2)R လက်ဝယ်ရှိသူ ဦးငွေးတင့် ၈/ဆဖန(နိုင်)၀၀၂၅၂၇၏ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၂၇၁၉၊ Toyota Mark II SL ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သောင်း ၁၄/ကကန(နိုင်)၀၁၁၁၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

ကွာရှင်းပြတ်စဲခဲ့ပြီးကြောင်း သိစေအပ်ပါသည်

ကျွန်မ မနန္တာမြင့် ၁၂/ဥကမ(နိုင်)၁၅၇၁၁၁ အဖဦးလှမြင့်၊ အမိ ဒေါ်ခင်ငွေးရီနှင့် ကိုငြိမ်းချမ်း ၁၂/အလန(နိုင်)၀၄၁၂၆၂ အဖဦးမြင့်ငွေး၊ အမိ ဒေါ်ရီမြင့်ချိုတို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ခဲ့ပါသဖြင့် ၁၂.၁၁.၂၀၀၉ တွင် ရန်ကုန်တိုင်းတရားရုံးတွင်တရားဝင်ပြတ်စဲခဲ့ပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ကိုငြိမ်းချမ်းနှင့်ပတ်သက်သည့် ကိစ္စအရှုပ်အထွေးများသည် ကျွန်မ မနန္တာမြင့်နှင့် လုံးဝ(လုံးဝ)မသက်ဆိုင်ပါကြောင်း၊ ၎င်းနှင့်အရှုပ်အထွေးများသည် ကိုငြိမ်းချမ်းနှင့်သာ သက်ဆိုင်သည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မနန္တာမြင့် ၁၂/ ဥကမ(နိုင်) ၁၅၇၁၁၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၁၁၅၄၄၊ Jialing x 110, MC ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ရောင်း ၉/မနမ(နိုင်)၀၁၅၈၃၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၄၉၁၂၉၊ Kenbo 100 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ကိုကို ၉/ပသက(နိုင်)၁၃၄၆၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၄

နယ်စပ်ဒေသအပါအဝင် မြန်မာနိုင်ငံအရပ်ရပ်သို့ ကြွချီတော်မူမည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ ၆၀၀၀ ကျော် ပေးအပ်လှူဒါန်းပွဲကို ဇွန် ၃၀ ရက် နံနက် ၆ နာရီက ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ထီးတော်ရုံတန်ဆောင်း၌ ကျင်းပရာ အခမ်းအနားသို့ ဘုရားအလှူရှင် ဦးမျိုးအောင် မိသားစုနှင့် ဧည့်သည်တော်များ၊ ဗုဒ္ဓရုပ်ပွားတော်များအား အလှူခံပင့်ဆောင်ကြမည့် ဒေသအသီးသီးမှ ဗုဒ္ဓဘာသာဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရွှေတိဂုံစေတီတော်အလှည့်ကျ ဩဝါဒစရိယဆရာတော် ၁၁ပါးက ဗုဒ္ဓရုပ်ပွားတော်များကို အနေကဇာတင်တော်မူကြသည်။ ယင်းနောက် တက်ရောက်လာကြသည့် ဘုရားအလှူရှင်များနှင့်ဧည့်သည်တော်များက ဆရာတော်များထံမှ ငါးပါးသီလခံယူ၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ မုန့်ဆွမ်းများ ဆက်ကက်လှူဒါန်းကြသည်။

ထို့နောက် ဗုဒ္ဓရုပ်ပွားတော်များ လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဗုဒ္ဓရုပ်ပွားတော်များ အလှူရှင် SAME SKY ကုမ္ပဏီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်မိသားစုက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နေပြည်တော်၊ ပဲခူး၊ ရေနံချောင်း၊ တပ်ကုန်း၊ ဝေါမြို့၊ စစ်ကိုင်းမြို့များမှ ဗုဒ္ဓဘာသာဝင်များထံသို့ ဗုဒ္ဓရုပ်ပွားတော်အဆူ ၆၀၀၀ ကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) ခရမ်းစိုးမြင့်**

ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ပြည် ဇူလိုင် ၄

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော စာချ၊ စာသင် သံဃာတော် ၄၀၀ကျော်တို့အား (၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်) ဇူလိုင်၂၃ရက် (အင်္ဂါနေ့) ညနေ ၄ နာရီက ဇောတိကာရုံ ပါဠိတက္ကသိုလ် ပရိယတ္တိ သာသနာ့နုဂ္ဂဟအဖွဲ့ကြီးက ကြီးမှူး၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

ဇွန် ၂၉ ရက် နံနက်က စမ်းချောင်းမြို့နယ် လင်းလွန်းတောင်(မြောက်)ရပ်ကွက် ဗဟိုလမ်းရှိ ရှမ်းလမ်းဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူများအား စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်သိန်းမြင့်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အိမ်တိုင်းစေ့မီးသတ်ဆေးဘူးများ ထားရှိရန်နှင့် သဘာဝဘေးအန္တရာယ်အတွက် အသက်ကယ်အင်္ကျီများ ထားရှိရေး ဟောပြောပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများကို လက်တွေ့မီးငြိမ်းသတ်ရေး သင်ကြားပေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မန္တလေးခရိုင်အတွင်း ကျောင်းသားများအား နွားနို့တိုက်ကျွေး

မန္တလေး ဇူလိုင် ၄

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မန္တလေးခရိုင်အတွင်း ငါးမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား Red Horse Dairy Industries Limited (PEPနို့)၏ ပံ့ပိုးမှုဖြင့် နို့စတင်တိုက်ကျွေးခြင်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီက အောင်မြေသာစံမြို့နယ် အမက ၃ ၌ ကျင်းပခဲ့သည်။ PEP နို့၏ ပံ့ပိုးမှုဖြင့် မန္တလေးငါးမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း ၁၃၄ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၈၉၇၇ဦးကို တစ်ရက်လျှင် မူလတန်းကျောင်းတစ်ကျောင်းနှုန်းဖြင့် ၂-၇-၂၀၁၃ ရက်မှ ၁၀-၂-၂၀၁၄ ရက်အထိ နွားနို့တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

သီပေါ၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

သီပေါ ဇူလိုင် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး ဇွန်၂၄ရက်က မြို့ပေါ်၁၁ရပ်ကွက်နှင့်ပတ်ဝန်းကျင်ကျေးရွာများ၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် ရေတွင်း၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းစသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ထို့အပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးသိန်းထိုက်ဦး၏ ကြီးကြပ်မှုဖြင့် စည်ပင်ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဈေးများ၊ အခြေခံပညာကျောင်းများနှင့် မြို့မဈေးကြီးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

တာမွေမြို့နယ်တွင် စာပေရေချမ်းစင် တပ်ဆင်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၄

ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် နံရံကပ်စာပေရေချမ်းစင်များကို တာမွေမြို့နယ် ပြန်/ဆက်ဦးစီးဌာနက တာမွေမြို့နယ် မေတ္တာညွန့်ဘူတာ တာမွေမြန်မာ့စီးပွားရေးဘဏ်တွင် ဇူလိုင် ၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ **လှလှ**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမည်/တည်နေရာ
1		တိုင်း(၅)တောင်ငူနယ်မြေ
	၅၂/မမ/CE	- ဒလန့်ချွန်ဘူတာရှိ စကြိန် နှင့် အမိုးအဆောက်အဦးများ ပြုပြင်ခြင်း
	၅၃/မမ/CE	- ရေတာရှည်နှင့်ဆွာဘူတာရှိ အမှတ်(၂) နှင့်(၃)လမ်းကြား ပလက်ဖောင်းအုတ်ရိုး ပြုပြင်ခြင်း
	၅၄/မမ/CE	- မြို့လှ နှင့်ရေနီဘူတာရှိ အမှတ်(၂) နှင့်(၃)လမ်းကြား ပလက်ဖောင်းအုတ်ရိုး ပြုပြင်ခြင်း
	၅၅/မမ/CE	- တောင်ငူဘူတာ အမှတ်(၁) နှင့်(၂)၊(၃)နှင့်(၄)လမ်းကြား စကြိန်ကြား ၊၂-လက်မ သံဇကာကွက် ကာရံခြင်း၊ စကြိန် (၁)နှင့်(၂) ပလက်ဖောင်း ကြမ်းခင်း ပြုပြင်ခြင်း၊ အမိုးနှင့်ရေသွားလျှောက်များ ပြုပြင်ခြင်း
	၅၆/မမ/CE	- တောင်ငူဘူတာ အမှတ်(၂)စကြိန်ပလက်ဖောင်းတွင် အဝိုင်းထိုင်ခုံ ပြုလုပ်ခြင်း၊စီတီးရေတိုင်ကီ နှင့် ရေသန့်စက် (၂)လုံးတပ်ဆင်ခြင်း၊ ဘူတာရှေ့မျက်နှာစာပေါ်တီကို VIP ဝင်ပေါက် နံရံပွတင်းတံခါးများ ပြုပြင်ဆေးသုတ်ခြင်း
	၅၇/မမ/CE	- တောင်ငူဘူတာ ရှေ့ အဝင်ကားလမ်း ကွန်ကရစ်ကြမ်းခင်းခြင်း
	၅၈/မမ/CE	- သောင်းတိုင်ကုန်း-တောင်ငူကြား၊တံတားအမှတ် (၂၆၃)ခပေါင်းတံတား ဆေးသုတ်မွမ်းမံခြင်း၊
2		တိုင်း(၇)ရန်ကုန်နယ်မြေ
	၅၉/မမ/CE	- အလုံလမ်း၊ အမှတ်(၂၁၁) မြေကွက်အတွင်းရှိ Ground Tank အား ပြောင်းရွှေ့ဆောက်လုပ်ခြင်း
	၆၀/မမ/CE	- ရန်ကုန်-ပြည်ရထားလမ်းပိုင်း ၊ လှော်ကား -မှော်ဘီကြား ရှိ တံတားအမှတ် (၆၅) ၁/၂၅-ပေ Span တံတား ကမ်းကပ်ခုံ (၂) ဘက် ပြုပြင်တည်ဆောက်ခြင်း
	၆၁/မမ/CE	- ဘုရားလမ်းဘူတာ အစုန်လမ်း ပလက်ဖောင်း ပြုပြင်ခြင်း (၄၄၂၂.၅၀-စတုရန်းပေ)
	၆၂/မမ/CE	- ဘုရားလမ်းဘူတာ အစုန်လမ်း ပလက်ဖောင်း မြေထိန်းနံရံပြုပြင်ခြင်း (၂၂၇၄.၇၅-စတုရန်းပေ)
	၆၃/မမ/CE	- ကြည့်မြင်တိုင်ဘူတာရှိ သံလမ်းလုပ်သားနေအိမ် (၇)ခန်းတွဲ အမိုးအကာ အခင်းများ ပြုပြင်ခြင်း
	၆၄/မမ/CE	- ပန်းလှိုင်ဘူတာ၊ ဟံသာဝတီဘူတာ၊ဂေါက်ကွင်းဘူတာ၊ရွာမဘူတာ၊ တညင်းကုန်းဘူတာ၊ ဆရာမလူကူးတံတား၊ အင်းစိန်ဘူတာ၊ အောင်ဆန်းဘူတာများရှိ လူကူးခုံးကျော်တံတား (၈)စင်းပြုပြင် ခြင်း
3	၆၅/မမ/CE	တိုင်း(၉)ဟသ်ာတ နယ်မြေ ရှိထန်းပင်ကုန်းဘူတာ စကြိန်ပလက်ဖောင်းပြုပြင်ခြင်း
4	၆၆/မမ/CE	တိုင်း(၁၀)ပခုက္ကူနယ်မြေရှိ ဂန့်ဂေါ-ကလေးရထားလမ်းပိုင်း၊ကန်-မွေ့လယ်ဘူတာကြားရှိရေရှင်မတောင်ကြောနေရာ တွင် ရထားလမ်းဆင်ခြေလျှောဖြေရန်အတွက် မြေကြီးလုပ်ငန်း (၆၃၀၀၀-ကျင်း) ဆောင်ရွက်ရန်

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၈ .၇.၂၀၁၃(ကြာသပတေးနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၄.၇.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းတောင့်၊ဗိုလ်တထောင်မြို့နယ် ၊ရန်ကုန်မြို့၊ဖုန်း -294352,291994

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-001(2013-2014)	9 5/8" Seamless Casing	(1) Lot	US $
(၂)	IFB-002(2013-2014)	5 1/2" Seamless Casing	(1)Lot	US $
(၃)	IFB-003(2013-2014)	20"& 13 3/8" Seamless Casing	(1)Lot	US $
(၄)	IFB-004(2013-2014)	Skit Mounted Three 1 Phase Separator	(1)Lot	US $
(၅)	IFB-005(2013-2014)	Steel Wire Rope	(1)Lot	US $
(၆)	IFB-006(2013-2014)	2 7/8"& 2 3/8" Tubings	(1)Lot	US $
(၇)	IFB-007(2013-2014)	HPZ 820 Work Station	(1)Lot	US $
(၈)	IFB-008(2013-2014)	Land Sat 7 Images	(1)Lot	US $
(၉)	IFB-009(2013-2014)	Windows CE GPS With ARCPAD	(1)Lot	US $
(၁၀)	IFB-010(2013-2014)	2900 Series Well Head	(1)Lot	US $
(၁၁)	DMP/L-001(2013-2014)	Spares For CAT-D 3406 B Truck Engine	(2) Items	Kyat
(၁၂)	DMP/L-002(2013-2014)	1 1/4" Pitch Quardruble Chain & Offset Link	(2) Items	Kyat
(၁၃)	DMP/L-003(2013-2014)	Foam Liquid Solution (မီးသတ်ဆေးရည်)	(650) Gals	Kyat
(၁၄)	DMP/L-004 (2013-2014)	(a) Caustic Soda (Flake)	(650)M/T	Kyat
		(b) Caustic Soda (Solid)	(8)M/T	
(၁၅)	DMP/L-005 (2013-2014)	(a) 12V 13 Plate Battery	(150) Nos	Kyat
		(b)12V 17 Plate Battery	(100)Nos	

၂။ အိတ်ဖွင့်တင်ဒါများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁-၇-၂၀၁၃ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ဦးစောခိုင်၏သား ဆားထုံးရွာ အထက(ခွဲ) ဆဋ္ဌမတန်းမှ မောင်ဖေယျာထွန်းအား မောင်အောင်ဖေယျာထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၈ဃ/၇၆၂၆၊ Honda Dream-125 အပြာရောင် ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၁၃/ကတန(နိုင်)၁၂၄၈၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆ယ/၇၀၆၅၊ကမ်ဘို ၁၁၀၊ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းစိန် ၁၃/ဟပန(နိုင်)၀၂၅၁၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၉၁၆၉၇၊ TRSTA-110 /ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကိုကြီး ၅/စကန(နိုင်)၁၀၇၄၆၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ကျေးဇူးတင်ရှိခြင်း

လားရှိုးမြို့၊ အမှတ်(၁၀)ရပ်ကွက်နေ မအေးဆိုင် အသက်(၃၅)နှစ်၊ (ဘ) ဦးအိုက်ဆာ တအမ်းပလောင်အမျိုးသမီးအား အချိန်နှင့်တစ်ပြေးညီ စုံစမ်း၊ ကူညီဆောင်ရွက်၊ ကယ်တင်ပေးခဲ့သော လူကုန်ကူးတားဆီးနှိမ်နင်းရေးအဖွဲ့၊ လားရှိုး(တပ်ဖွဲ့စု)နှင့် မူဆယ်(တပ်ဖွဲ့စု)တို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ပလောင်တိုင်းရင်းသားအဖွဲ့(မန်တုံ)ဆက်ဆံရေးရုံး၊ လားရှိုး၊
ပလောင်တိုင်းရင်းသားအဖွဲ့၊ ကျောက်မဲ (PSLA)

ဖခင်အမည်မှန်

အထက လင်းခေး၊ သတ္တမတန်းမှ နန်းမွမ်းလောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဇော်ဓိ ဖြစ်ပါကြောင်း။

ဦးစိုင်းဇော်ဓိ

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၃) နဝမတန်းမှ မရိုစ်မေရီ၏ ဖခင်အမည်မှန်မှာ ဦးခေါင်းထောင်း ဖြစ်ပါသည်။

ဦးခေါင်းထောင်း

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဖားကန့်မြို့၊ မရှီးကထောင်ရပ်ကွက်၊ အိမ်နံပါတ် B-၁၉နေ ဒေါ်အေးလင့်(ခ) ဒေါ်ခွမ် ၁/မကန(နိုင်)၀၂၅၃၃၀၏သား မောင်အောင်တင်ဝင်း (ဘ) ဦးငြိမ်းမောင် ၉/ခအဇ(နိုင်)၀၀၈၄၂၈သည် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်အေးလင့်(ခ)ဒေါ်ခွမ်

ပြည်တွင်းသတင်းနှင့်ဖော်ပြ

စိန်ပန်းပင်ပြိုလဲပြီး မော်တော်ဆိုင်ကယ်ပေါ် ပါ၍သုံးဦးဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၄

နေပြည်တော် ပျဉ်းမနားမြို့ ဥယျာဉ်စုရပ်ကွက် ပေ ၈၀လမ်း အောင်သိုက် ဆေးနှင့်ဆေးပစ္စည်းဆိုင်ရှေ့တွင် ဇွန် ၂၈ ရက် နံနက် ၈ နာရီ ၄၅မိနစ်က လမ်းယာဘက်ဘေးတွင်ရှိသော လုံးပတ်သုံးပေခန့်၊ အမြင့်ပေ ၂၀ ခန့်ရှိ စိန်ပန်းပင် လမ်းပေါ်လဲကျစဉ် ဦးကုလား(ခ) အောင်သူရထွန်း (၃၅ နှစ်) ဘီးခွန်ကောက်ခံသူမောင်းနှင်၍ အလယ်မှ သန်းဇော်ဝင်း (၃၀ နှစ်) ကျပန်းနှင့် နောက်မှ ကုလား(၂၀ နှစ်) မြောက် လွတ်ကုန်းကျေးရွာနေသူတို့ သုံးဦး စီးလာသော ဆိုင်ကယ်သည် ပေ၈၀လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်စီးနင်းလာရာ ယင်းစိန်ပန်းပင်လဲကျပိမိ၍ **(အပေါ်ပုံ)** ကုလား(ခ) အောင်သူရထွန်းတွင် (စိုးရိမ်ရ) ဒဏ်ရာများနှင့် သန်းဇော်ဝင်းတွင် (မစိုးရိမ်ရ)၊ ကုလားတွင်

(မစိုးရိမ်ရ) ဒဏ်ရာများ အသီးသီးရရှိသွားသည်။ ပျဉ်းမနား မြို့မရဲစခန်း တာဝန်မှူးဒုရဲအုပ်မိုးသက်က ရဲဆေးစာဖြင့် ပျဉ်းမနား ခုတင်၂၀၀ ဆေးရုံသို့ နံနက်၉နာရီတွင် ပေးပို့ဆေးကုသထားပြီး အခင်းဖြစ်နေရာသို့ နေပြည်တော်စည်ပင် ပျဉ်းမနားမြို့ ဒုတိယညွှန်ကြားရေးမှူး ဦးဥက္ကာနှင့်အဖွဲ့က ရောက်ရှိ၍ ရှင်းလင်းရာ နံနက်၉နာရီ ၁၀ မိနစ်တွင် ရှင်းလင်းပြီးစီးကြောင်းသိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀ နှင့် အိုက်စ်ပုံဆောင်ခဲ ၇၀ ဂရမ် တာချီလိတ်တွင် သိမ်းဆည်းရမိ

တာချီလိတ် ဇူလိုင် ၄

ဇူလိုင် ၁ ရက် နံနက် ၁ နာရီခွဲက တာချီလိတ်(မူးယစ်) ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် ၅ လမ်း အမှတ် ၆/၄၁ အခန်း၄ရှိ မစိန်ဦး(ခ)အားချန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ် ဆေးပြား ၅၉၀နှင့် အိုက်စ် (ICE) အဖြူရောင်ပုံဆောင်ခဲ အလေးချိန် ၇၀ ဂရမ်ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်မီးဖိုခန်းအတွင်းရှိ အမှိုက်စွန့်ပစ်ထားသော အိတ်အတွင်းမှ မိန်းမကိုင်အပြာနုရောင်အိတ်ငယ်ဖြင့် ထည့်ထားပြီး အဖြူရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ပါ တစ်ထုပ်၊ အပြား၃၀၀ပါတစ်ထုပ်၊အပြား ၉၀ ပါ တစ်ထုပ် စုစုပေါင်း စိတ်ကြွဆေးပြား ၅၉၀၊ အလေးချိန် ၅၉ ဂရမ် ကာလတန်ဖိုးဆေးပြား တစ်ပြားလျှင် ငွေကျပ် ၂၀၀၀နှုန်းဖြင့် ၁၁၈၀၀၀၀ နှင့် အဖြူရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် အိုက်စ် (ICE)အဖြူရောင်ပုံဆောင်ခဲ အလေးချိန် ၇၀ ဂရမ်ပါတစ်ထုပ် ကာလတန်ဖိုး အိုက်စ် (ICE) တစ်ဂရမ်လျှင် ငွေကျပ် ၁၆၀၀၀ နှုန်းဖြင့် ၁၁၂၀၀၀၀ တို့ကို တွေ့ရှိသဖြင့် ရဲအုပ် ဌေးလွင်က သက်သေများရှေ့ ရှာဖွေပုံစံရေးသွင်း ချိတ်ပိတ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများနှင့် အတူဖမ်းဆီးရမိသော တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက်နေ ကျပန်းလုပ်သူ မစိန်ဦး(ခ) အားချန် (၂၉ နှစ်)အား အရေးယူပေးပါရန် ရဲအုပ် ဌေးလွင်က တရားလိုပြုလုပ် တိုင်တန်းရာ တာချီလိတ်ရဲစခန်းက အမှုဖွင့်အရေးယူထားပြီးအမှုစစ် ဒုရဲအုပ် စိုးနိုင်က လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ဒွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်

သီပေါ ဇူလိုင် ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ဇွန် ၂၁ ရက်က ဒွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ရပ်ကွက်များအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ပိုးလောက်လမ်းသေ အဘိတ်ဆေးခတ်ခြင်း၊ ရေမြောင်းများတူးဖော်ခြင်း၊ အိမ်ခြံအတွင်းရှိ အမှိုက်များရှင်းလင်းခြင်း ဆောင်ရွက်ကြရေး အသိပညာပေးဟောပြောခဲ့သည်။

စိုင်း(သီပေါ)

နယ်စပ်ဒေသများမှ ဝင်ရောက်လာသော လိုင်စင်မဲ့ကားများအား ဖမ်းဆီးအရေးယူလျက်ရှိ

သိမ်ဇရပ် ဇူလိုင် ၄

မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသအသီးသီးမှ တရားမဝင်မောင်းနှင်သယ်ယူလာသောမော်တော်ကားများကို တိုင်းဒေသကြီးပြည်နယ်/မြို့နယ် ရဲစခန်းများမှ သက်သေများနှင့်အတူ ဖမ်းဆီးအရေးယူနေကြောင်း သိရသည်။ ထိုကဲ့သို့ ဖမ်းဆီးရာတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်မုပွလင်ကျေးရွာ စစ်တောင်းတံတားအသစ်နှင့်ယခင်စစ်တောင်းတံတား အဟောင်းတို့ဆုံရာ လမ်းဆုံ၌ သိမ်ဇရပ်နယ်မြေခံရဲစခန်း ယာဉ်/စည်း/အဖွဲ့မှ တပ်ကြပ်ကြီး ဝင်းစိန်နှင့် အဖွဲ့သည် သက်သေဦးခင်အောင်၊ ဦးချမ်းသာတို့နှင့်အတူ ဘားအံဘက်မှ ကရင်ပြည်နယ် မြဝတီမြို့နေထိုင်သူ ယာဉ်မောင်း စောဇာနည် (၂၇ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် ၅ဃ/ . . . ဟွန်ဒါအိုဒ်-စီ အနက်ရောင် ယာဉ်တစ်စီး၊ ကရင်ပြည်နယ် မြဝတီမြို့နေထိုင်သူ ယာဉ်မောင်း စောမောင်ကြီး မောင်း နှင့်ပြီး စောထွန်းထွန်း (၂၆ နှစ်) လိုက်ပါလာသော ယာဉ် အမှတ် ၅ဂ/. . . ဟိုင်းလပ်ဆပ်ဖ် အမည်းရောင် ယာဉ်တစ်စီး၊ ကရင်ပြည်နယ် မြဝတီမြို့နေထိုင်သူ ယာဉ်မောင်းစောဇေယျာခိုင် (၄၀ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် ၃င/. . တိုယိုတာယာဉ်တစ်စီး စုစုပေါင်း မော်တော်ကား သုံးစီးကို သက်သေများနှင့်အတူ ရပ်တန့်စစ်ဆေးရာ တရားဝင် စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်မှု မရှိသဖြင့် ပို့ကုန်သွင်းကုန် ခွင့်ပြုချက်မရှိဘဲ မောင်းနှင်သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ၍ သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး ဥပဒေနှင့်အညီ တရားစွဲဆိုတင်ပို့နိုင်ရန် အမှုစစ်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တံတားကျော်လွင်

ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး
ရုံးအဆောက်အအုံဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ အောက်ဖော်ပြပါအဆောက်အအုံများကို ရေသန့်နှင့်လျှပ်စစ်လုပ်ငန်း၊ မြေပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ အပါအဝင် ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်လိုပါသည်။

စဉ်	ရုံးအမည်	အဆောက်အအုံအတိုင်းအတာ	တည်နေရာ
(က)	ရန်ကုန်အရှေ့ပိုင်း ခရိုင်ဥပဒေရုံး	အလျား၈၀'×အနံ ၆၀'RC(၃)ထပ် အဆောက်အအုံ (အတွင်းရေသန့်၊ အတွင်းလျှပ်စစ်လုပ်ငန်း၊ ပြင်ပရေရှိရေး ရေသန့်လုပ်ငန်း၊ ပြင်ပလျှပ်စစ်လုပ်ငန်း၊ မြေပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံပတ်လည်နှင့် ခြံစည်းရိုးပတ်လည်ရေမြောင်း ပါဝင်သည်။)	ဒေါပုံမြို့နယ်၊ မင်းနန္ဒာလမ်းနှင့်ပုဇွန်တောင်ချောင်းဘေး၊ မြေတိုင်းရပ်ကွက်(၆အေ/၄၃၁) မြေကွက်အမှတ် ၂/၃၊ ဧရိယာ ၁.၁၆၂ ဧက
(ခ)	ရန်ကုန်အနောက်ပိုင်း ခရိုင်ဥပဒေရုံး	။	လမ်းမတော်မြို့နယ် ခရေပင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် 20A မြေကွက်အမှတ် 2-A/1 ဧရိယာ(၁)ဧက

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁-၇-၂၀၁၃ရက်မှ ၃၁-၇-၂၀၁၃ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ ရုံးဖွင့်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ ရက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၃)၌ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ တင်ဒါတင်သွင်းသောအခါ အောက်ပါအချက်များကို ဖော်ပြရပါမည်။
- (က) အဆောက်အအုံဆောက်လုပ်ရန် လိုင်စင်ရှိ-မရှိ၊
- (ခ) ဆောက်လုပ်ခဲ့ဖူးသော အဆောက်အအုံအမည်၊ တည်နေရာ၊ လုပ်ငန်းတန်ဖိုး၊
- (ဂ) တင်ဒါတင်သွင်းသူ၏အမည်၊ နေရပ်လိပ်စာ၊ ပိုင်ဆိုင်ငွေနှင့်ပစ္စည်းစာရင်း (တန်ဖိုးဖော်ပြရန်)၊ မှတ်ပုံတင်အမှတ်

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဖုန်း-၀၁-၃၇၁၅၆၇ သို့ ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

အမည်ပြောင်း

ဦးကျော်သိန်း၏သမီး မြိတ်မြို့၊ အထက(၁)၊ ဒုတိယတန်း(က)မှ မရှင်းဖြူသန့်အား အိမ်ထောင်စုစာရင်းအရ မဝိုင်းပြည့်ကျော်သိန်းဟု ပြောင်းလဲခေါ်ပါရန်။

မဝိုင်းပြည့်ကျော်သိန်း

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အထူးစီမံကိန်းကြီးအဖွဲ့(၃)
ညောင်ဦးမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်-၂ (၂၀၁၃-၂၀၁၄)

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း အမှတ်(၁) ပေါက် (အုန်းတော)တံတားနှင့် အမှတ်(၂) ပေါက်(ရေပြာ)တံတားများ တည်ဆောက်ရန်လိုအပ်သည့် ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

	ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်	ပေးသွင်းရမည့်နေရာ
၁။	မြစ်ကျောက်စရစ်	၄၀၀၀ကျင်း	အမှတ်(၁)ပေါက်(အုန်းတော)
၂။	မြစ်သဲ	၂၀၀၀ကျင်း	တံတားနှင့်အမှတ်(၂)ပေါက်
၃။	Bentonite(မြေဖယောင်း)	၆၀၀ တန်	(ရေပြာ)တံတား၊ ပေါက်မြို့

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၅-၇-၂၀၁၃ ရက် ၁၀း၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ - အထူးစီမံကိန်းကြီးအဖွဲ့(၃) လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၅-၇-၂၀၁၃ ရက် ၁၂း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ၃-၇-၂၀၁၃ရက်မှစ၍ အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
အထူးစီမံကိန်းကြီးအဖွဲ့(၃)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့
ဖုန်း-၀၉-၈၃၀၄၅၉၃

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ဖြိုးရာဇာဝင်း အမှတ်(၃)ရပ်ကွက်၊ ဆားလင်းကြီးမြို့သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဝင်းနိုင်သန်း ၅/ဆလက(နိုင်)၀၀၅၀၅၆
ဒေါ်စန်းစန်းကြည် ၅/ဆလက(နိုင်)၀၀၅၀၅၇

ပြင်ဆင်ဖတ်ရှုပါရန်

၂-၇-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၆)တွင် ပါရှိသော အထူးကုဆေးရုံ(မင်္ဂလာဒုံ)နှင့် အထူးကုဆေးရုံ(သာကေတ)၏ တင်ဒါပိတ်မည့်ရက် ၁၀-၇-၂၀၁၃ရက်အစား ၂၈-၇-၂၀၁၃ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၄၁၇၊ ၄၁၇/A)၊ မြေကွက်တည်နေရာအမှတ်(၄၁၇၊ ၄၁၇/A)မင်းရဲကျော်စွာလမ်း၊ ၂၀/ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ် ဒုတိယဗိုလ်မှူးကြီးစိန်ဝင်း(ငြိမ်း) ၁၂/အလန(နိုင်)၀၃၁၅၉၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ခင်ပွန်းကွယ်လွန်သဖြင့် ဒေါ်ခင်ခင်ဆွေ ၁၂/အလန(နိုင်)၀၂၁၉၆၀က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၁၀၈၁ အမည်ပေါက်ဦးမြင့်စိုး၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဦးနေဝင်း ၁၂/သလန(နိုင်) ၀၄၀၉၈၁က မြေချပါမစ်(မူရင်း)မှ မြေနေရာချထားပေးခြင်းခံရသူ၏ မီခိုသူများစာရင်း(မူရင်း)ပျောက်ဆုံးသွားပါ၍ မီခိုသူများစာရင်း(မိတ္တူမှန်)ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး-မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူရသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၃ ရက် မွန်းလွဲ ၂း၀၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၂၄၉၁၅၊ ၂၄၉၁၆၊ ၂၄၉၁၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ရေအားလျှပ်စစ်စီမံကိန်းများအတွက် အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung/ Hlaw Gar)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	H-Beam (ဆိုဒ်စုံ)	382 Tons
2.	Pipe Clip	5000 Pcs
3.	Steel Fiber	2 Tons
4.	GI Pipe & Socket	508 Sets
5.	Water Stop (500mm)	600 Meter
6.	Quick Harderning Agent (powder)	30 Tons
7.	Four Core, Two Core, Single Core Cable (ဆိုဒ်စုံ)	2550 Meter

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၁၈-၇-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဩဂုတ် ၅ရက် မွန်းတည့် ၁၂း၀၀ဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ် -၄၁၁၀၈၁

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြော

ဟိုပုံး ဇူလိုင် ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး (တောင်ကြီးမြို့) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇွန် ၂၆ရက် မွန်းလွဲ ၁ နာရီက ဟိုပုံးမြို့နယ် အထက(၁)ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးပိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး (၂) ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးနှင်းသူ၊ လမ်းအသုံးပြုသူများ လိုက်နာရမည့်အချက်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းက ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုဖြစ်ပွားရခြင်း အကြောင်းကိုလည်းကောင်း ပရိုဂျက်တာ လက်ပ်တော့ဖြင့် အသီးသီး ရှင်းလင်းပြောရာ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(ကုန်းလမ်းပို့ဆောင်ရေး)

ပဲခူးမြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့နှင့် ခရိုင်/မြို့နယ်မော်တော်ယာဉ်လိုင်းမှ တာဝန်ရှိသူများ ပူးပေါင်း၍ မြို့တွင်းပြေးဆွဲလျက်ရှိသော သုံးဘီးဆိုင်ကယ်ယာဉ်လိုင်းများနှင့် အခြားယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် စက်ပိုင်းဆိုင်ရာလုပ်ငန်းလိုင်စင်များကို ဇူလိုင် ၂ ရက်က ကြပ်မတ်စစ်ဆေးဆောင်ရွက်စဉ်။

(၁၁၀)

မိုးတွင်း မီးလောင်မှု ဖြစ်ပွား

လက်ပံတန်း ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ဘီးလင်းတန်းရပ်ကွက် ရွှေဘုန်းရောင်လမ်း ဈေးဆိုင်တွင် ဇွန် ၂၆ ရက် နံနက် ၇ နာရီခွဲခန့်က ဟင်းချက်ဆီသတ်ရာမှ ထရံအားမီးစွဲလောင်ရာ မီးသတ်ဦးစီးမှူး ဦးမောင်မောင်နိုင်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ရာ နံနက် ၇ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားသည်။

အဆိုပါ မီးလောင်မှုတွင် ထရံကာ သွပ်မိုးဈေးဆိုင်တစ်လုံးဆုံးရှုံးပြီး မီးကူညီသတ်ပေးသည့် ဆိုင်ရှင်၏ တူတော်သူ မောင်ဝေလျှံ အသက် (၁၈နှစ်)မှာ ခန္ဓာကိုယ်အရေပြားများ မီးဟပ်မိသဖြင့် ဆေးရုံသို့တင်ပို့ထားပြီး ဆိုင်ရှင် ဒေါ်အေးအေးနိုင် အသက် (၄၇ နှစ်)အား ဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

(၀၉၈)

အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ကြီးမှူး၍ အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

ပြိုင်ပွဲ၏ ပွဲဦးထွက်ပြိုင်ပွဲဖြစ်သော အမျိုးသား မီတာ ၁၅၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမ စံချိန် ၁၈ မိနစ် ၃၃ ဒသမ စက္ကန့်၊ ဒုတိယ လင်းစိုး စံချိန်၁၉ မိနစ် ၀၄ ဒသမ ၃၅ စက္ကန့်၊ တတိယ အံ့ခေါင်ထွဋ် စံချိန် ၂၀မိနစ် ၁၅ ဒသမ ၇၅ စက္ကန့်ဖြစ်သည်။ အမျိုးသမီး မီတာ ၈၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမ ခန့်ခန့်စုစံ စံချိန် ၁၀မိနစ် ၁၅ ဒသမ ၃၄ စက္ကန့်၊ ဒုတိယ စပါယ်သင်း စံချိန် ၁၁ မိနစ် ဒသမ ၇၇ စက္ကန့်၊ တတိယ ချောစုသင်း စံချိန် ၁၃မိနစ် ၂၄ဒသမ ၀၀ စက္ကန့်ဖြစ်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသား အမျိုးသမီးတစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၂၀၀ ပက်လက်ကူးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲများ ကျင်းပပြီးစီးသည်။

(မြန်မာ့အလင်း)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲ သာယာဝတီမြို့နယ်၌ကျင်းပ

သာယာဝတီ ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် အနောက်လက်ပံခုန်ရပ်ကွက် ဓမ္မသုခဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၂၉ ရက် နံနက် ၈နာရီက ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစန်းလှိုင်၊ သာယာဝတီခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်-၂၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖနှင့် ပြည်သူ ၁၅၆ ဦးတို့က ကျွန်း ၉၇ ပင်၊ ပျဉ်းကတိုး ၂၄ ပင်၊ ယင်းမာ ၅၇ ပင်၊ ပိတောက် ၂၄ ပင်၊ မဟော်ဂနီ ၆၈ ပင်၊ စန္ဒကူး ၅၉ ပင်၊ တည် ၄၈ ပင်၊ စိန်ပန်းသေး ၄၆ ပင်၊ ကံ့ကော် ၁၁၉ ပင်၊ ခရေ ၁၁၉ပင် စုစုပေါင်းပျိုးပင် ၆၆၁ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(သစ်တောဦးစီး)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
1.	12(T)5(RBE) 2013-2014	RBE ပြုပြင်ရန်ပစ္စည်းများ(171)Items (Frame & Body ပစ္စည်း၊ Electrical Parts, Paints, Spare Parts for Nissan, NIGATA/KOMATSUEngine, Transmission, Air Line & Bogie, အထွေထွေလုပ်ငန်းသုံးပစ္စည်းများ)
2.	12(T)6(LRBE) 2013-2014	Spare Parts for LRBE(Light Rail Car)(291)Items (TE 21 Engine, HO7C Engine, 8 DC 8 Engine, 6 D 22 Engine,EK-100 Engine, နှင့် HO6C Engine အရန်ပစ္စည်း၊ Brake & Wiring ပစ္စည်းများ၊ အထွေထွေပစ္စည်းများ)
3.	12(T)7(RBE) 2013-2014	စက်ကိရိယာနှင့်စက်ပစ္စည်းများ(9)Items (Grinding, Drilling, Cutting Machine, Hydraulic Jack, Puller, Bench Vice,..)
4.	၆၇/မမ(CME) (ISN) 2013-2014	Loco Spare Parts, Instruments & Machinery(209)Items (Alco, CAT,Chindong, SACM & Jinan Engine Spare Parts, CAT Special Tools, Measuring Instruments, Pump, Compressor, CO2 Welding Machine, Plasma Cutting Machine, Hydraulic Hand Pallet Truck, Hydraulic Jack, Chain Block, CCTV System, Projector, Computer, Copier)

တင်ဒါပိတ်ရက်နှင့်အချိန်- ၅.၈.၂၀၁၃(တနင်္လာနေ့)(၁၂:၀၀) နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင်(၅.၇.၂၀၁၃) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။ ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -01-294352, 291985, 291994.

သတ္တုတွင်းဝန်ကြီးဌာန

ဝန်ကြီးရုံး

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဝန်ကြီးရုံးမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က)	ရုံးအသုံးအဆောင်ပစ္စည်း	(၂၃) မျိုး
(ခ)	စက္ကူစာရေးကိရိယာများ	(၂၄) မျိုး
(ဂ)	ကွန်ပျူတာနှင့်မိတ္တူကူးစက်သုံးမှင်ဆေး	(၅) မျိုး
(ဃ)	စားပွဲကုလားထိုင်နှင့်ဗီရို	(၃) မျိုး

တင်ဒါပိတ်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၃ ရက် ၁၆:၀၀ နာရီ

၂။ တင်ဒါပုံစံများကို သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံးအဖွဲ့ခွဲ (၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၀၂၊ ၀၆၇-၄၀၉၁၅၉တွင် ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

စက်မှုဝန်ကြီးဌာန

အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား CIF(Yangon) နိုင်ငံခြားငွေ (USD) ဖြင့်ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Diesel Engine & Alternator Coupling Accessories for 16 V 170ZC (Zichai)	၄ မျိုး	03/No(1) HIE/2013-2014/CP
(ခ)	Spare Parts for 16V 170ZC Diesel Engine(Zichai)	၅၆ မျိုး	04/No(1) HIE/2013-2014/CP

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၁-၇-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း

စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်

ဖုန်း-၀၆၇ -၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၁၅-၇-၂၀၁၃ရက် ၁၆:၀၀ နာရီ ဖြစ်ပါသည်။

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၂)၊ မြေကွက်အမှတ် (၁၄၁၄၊ ၁၄၁၅) အမည်ပေါက် ဦးပုလဲဆာမိ၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်သီဂီမြ ၇/ပမန(နိုင်)၀၃၁၄၃၇ က မြေကွက်စလစ်မူရင်း၊ ငွေသွင်းချလန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၇၆၃ အမည်ပေါက် ဦးစိန်လင်း၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်ရွှေဦး ၁၂/အစန(နိုင်)၀၀၄၈၄၇က မြေကွက်စလစ်(မူရင်း)ပျောက်ဆုံးသွားပါ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမည်ပြောင်း

ဦးအောင်ဆန်းဝင်း၏သား မြိတ်မြို့၊ အထက (၂)၊ ဆဋ္ဌမတန်း (A)မှ မောင်ဘုန်းမြတ်အောင်အား မောင်ဘုန်းမြတ်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဘုန်းမြတ်ဖြိုး

ဥတုရာသီ တောကိုမှီ၏

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ဥက္ကလာပ၊ မြင်သာ ၄ လမ်း၊ ပေ(၂၀×၆၀)၊ ဂရန်၊ အိမ်၊ မီး၊ ဖုန်း၊ အဝီစိရေ၊

ဖုန်း-၀၉-၅၀၅၅၁၃၉၊ ၀၉-၄၉၃၂၈၇၉၆

ကိုရီးယားတွင်အလုပ်သွားလုပ်မည့်သူများအတွက်

E.P.S စာမေးပွဲများတွင်ရာနှုန်းပြည့်အောင်မြင်မှုများရခဲ့သောဆရာမ **ဒေါ်ခင်ယုယုစမ်း**

LL.B, Dip in Korean (Y.U.F.L) ကိုယ်တိုင်သင်ထောက်ကူစုံလင်စွာ၊သင်ရိုးသစ်ပုံစံများ၊ နိုင်ငံတကာမေးခွန်းပုံစံများဖြင့် စနစ်သစ်စာမေးပွဲကိုဖြေဆိုနိုင်စေရန်အခြေခံမှ စနစ်တကျသင်ကြားပေးမည်။ (တန်းခွဲသစ်) Ph: 0973040610, 098770096

EVER TOP ဘာသာစကားကျွမ်းကျင်မှုသင်တန်း

အမှတ်(၆၆/၆ဂ)၊၅လွှာ၊အင်းစိန်လမ်း၊ကမာရွတ်။ (စံရိပ်ငြိမ်မှတ်တိုင်/လှည်းတန်းအနီး)

EPS TOPIK (၂၀၁၃)သင်ရိုးသစ်စာအုပ်+CD ရောင်းသည်။

Certificate in General English 4 Skills @ WISE College

WISE College မှ Certificate in General English 4 Skills သင်တန်းကို ဇူလိုင်လ(၁၃)ရက်နေ့တွင် စတင်မည်ဖြစ်ပြီး၊ သင်တန်းအချိန်မှာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မနက်(၁၀)နာရီမှ (၁၂)နာရီအထိ ဖြစ်ပါသည်။

Grammer အခြေခံအပါအဝင် အင်္ဂလိပ်စာတွင် အဓိကကျသော Skills များဖြစ်သည့် (Listing, Reading, Writing & Speaking) တို့ကို သင်ကြားပေးသွားမည် ဖြစ်ပါသည်။ သင်တန်းတွင် Games များ၊ Activities များ၊ Role Play များ ပါဝင်မည်ဖြစ်ပြီး သင်တန်းသား အခြေပြုပုံစံများဖြင့် သင်ကြားပေးသွားမည်ဖြစ်ပါသည်။ British Council မှ သင်ကြားမှုလက်မှတ်ရ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများကိုယ်တိုင် သင်ကြားပို့ချမည် ဖြစ်ပါသည်။

ဤသင်တန်းတွင် အသက်အရွယ်ကန့်သတ်ချက်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိပဲ အင်္ဂလိပ်စာကို စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါသည်။ ထူးချွန်ကျောင်းသားများအတွက် Introduction to Management Training Course ကို သင်ကြားပေးသွားပါမည်။ သင်တန်းကာလမှာ (၃)လကြာမြင့်ပြီး၊ သင်တန်းကြေးမှာ (၃၀၀၀၀)ကျပ်ဖြစ်ကာ၊ WISE College 1009(A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။

ဖုန်း ၀၁-၅၅၆၁၈၃၊ ၀၉-၄၂၁၁၅၄၈၆၂ သို့ လာရောက်အပ်နှံနိုင်ပါသည်။

100% off for WISE's ABE Students

ပြည်တွင်းသတင်း

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ပေးပို့တင်ပြလာသည့် အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာခြင်း

နေပြည်တော်နယ်မြေအတွင်း စက်သုံးဆီရောင်းချခွင့်ကို ကုမ္ပဏီကြီးများကိုသာ ဖွင့်လှစ်ရောင်းချခွင့်ပြုထားပြီး ဒေသတွင်း သာမန်ပြည်သူ၊ လုပ်ငန်းရှင်များကိုလည်း စက်သုံးဆီများကို တရားဝင်ရောင်းချခွင့်ပြုပေးပါရန်နှင့် တရားဝင်စက်သုံးဆီဆိုင်များအဖြစ် ရောင်းချခွင့်ကို လျှောက်ထားခွင့်ပြုမည်ဆိုပါက လိုအပ်သောအချက်အလက်များကို တရားဝင်ကြေညာပေးပါရန် တင်ပြချက်အပေါ် စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်မှုအခြေအနေများ

၁။ အကြံပြုတင်ပြခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏စီးပွားရေးတွင် ပုဂ္ဂလိကပါဝင်မှုကို အားပေးမြှင့်တင်ရန်နှင့် ပုဂ္ဂလိကစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သည် နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင် ၂၆၁ ဆိုင်ကို ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်း ၃၆ ခုသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ပြီး အဆိုပါ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များကို ၂၀၁၀ ခုနှစ် ဇွန်လ ၁၀ရက်နေ့မှစတင်၍ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ပါသည်။

၂။ ပြည်သူလူထုအနေဖြင့် စက်သုံးဆီများကိုတစ်ပြည်လုံးနေရာအနှံ့အပြားတွင်အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် စက်သုံးဆီအရောင်းဆိုင် မရှိသေးသည့် မြို့/မြို့သစ်များ၊ လမ်းဆုံလမ်းခွနှင့် လမ်းမကြီးများ၊ Toll Gate နေရာများ စသည်တို့တွင် စက်သုံးဆီအရောင်းဆိုင်များ အသစ်ထပ်မံတည်ဆောက်ဖွင့်လှစ်ပေးရန် လိုအပ်သဖြင့်လည်းကောင်း၊ တရားမဝင် စက်သုံးဆီသယ်ယူပို့ဆောင်သိုလှောင်ရောင်းချမှုများနှင့် တရားမဝင် လမ်းဘေးစက်သုံးဆီဆိုင်များ လျော့နည်းပပျောက်စေရန်အတွက်လည်းကောင်း၊ စက်သုံးဆီအရောင်းဆိုင်အသစ်၊ စက်သုံးဆီသိုလှောင် ဖြန့်ဖြူးရေးစခန်းအသစ် တည်ဆောက်၍ လုပ်ငန်းလုပ်ကိုင်လိုသူများနှင့် လက်ရှိစက်သုံးဆီရောင်းချခြင်းကို ဒေသန္တရ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်လိုသူများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ မြေပိုင်ဆိုင်မှုအထောက်အထားနှင့် စက်သုံးဆီရရှိနိုင်မည့် ကုမ္ပဏီအဖွဲ့အစည်း၏ ထောက်ခံချက်စာချုပ်စာတမ်းများစသည့်အချက်(၃)ချက်ပြည့်စုံစွာဖြင့် ယခင်က ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ လိပ်မူ၍လည်းကောင်း၊ ယခုအခါ စွမ်းအင်ဝန်ကြီးဌာနသို့ လိပ်မူ၍လည်းကောင်း အဆိုပြုတင်ပြလျှောက်ထားခွင့်ပြုချက် ရယူဆောင်ရွက်ရန် ၈-၃-၂၀၁၀ ရက်နေ့၊ ၂၀-၁၀-၂၀၁၁ ရက်နေ့နှင့် ၂၁-၁၀-၂၀၁၁ ရက်နေ့ထုတ်သတင်းစာများ၌ ကြော်ငြာထည့်သွင်းကြေညာခဲ့ပြီး အဆိုပါ ကြော်ငြာများတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည့်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်ကို ထည့်သွင်းဖော်ပြကြေညာခဲ့ပါသည်။

၃။ ပုဂ္ဂလိကကဏ္ဍ၏ ရေနံနှင့် ရေနံထွက်ပစ္စည်းများ ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းတွင်သိုလှောင်သယ်ယူ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို စနစ်တကျထိန်းသိမ်းကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ဖွဲ့စည်းခဲ့သည့် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ကွပ်ကဲရေးကော်မတီသို့အထက်ဖော်ပြပါ အဆိုပြုလျှောက်လွှာများကို တင်ပြစိစစ်ပြီးနောက် ယင်းကော်မတီမှ စွမ်းအင်ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်တင်ပြ၍ ခွင့်ပြုချက်ရရှိပါက မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းနှင့် သတ္တုတွင်းဦးစီးဌာနတို့မှ ပညာရှင်အရာထမ်းများပါဝင်သော စစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးစေပါသည်။

၄။ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ရောင်းချရန်အတွက် ပထမဦးစွာ သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသိုလှောင်ခွင့်လိုင်စင် ရရှိရန်လိုအပ်ပြီး ၎င်းလိုင်စင်ရရှိပြီးမှသာလျှင် စွမ်းအင်ဝန်ကြီးဌာန၏ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကို ရရှိမည်ဖြစ်ပါသည်။ သတ္တုတွင်းဦးစီးဌာနသို့ စက်သုံးဆီသိုလှောင်ခွင့်လိုင်စင် တင်ပြလျှောက်ထားရာတွင် တည်ဆောက်မည့် စက်သုံးဆီသိုလှောင်ကန်၏ အသေးစိတ်ဒီဇိုင်းပုံစံ၊ စက်သုံးဆီအရောင်းဆိုင်အကွက်ချပုံစံတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းဦးစီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာန စသည့် ဌာနလေးခုတို့၏ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်များ၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက် စသည်တို့ကို ပူးတွဲတင်ပြလျှောက်ထားရပါမည်။ သတ္တုတွင်းဦးစီးဌာနအနေဖြင့် စက်သုံးဆီသိုလှောင်ကန် တည်ဆောက်သိုလှောင်ပုံအမျိုးအစားအပေါ်မူတည်၍ မြေအောက်သိုလှောင်ကန်များအတွက် Kလိုင်စင်၊ မြေပေါ်သိုလှောင်ကန်များအတွက် L လိုင်စင်နှင့် မြေပေါ်သိုလှောင်ရုံများအတွက် M လိုင်စင်စသည့် ဓာတ်ဆီနှင့် ဒီဇယ်ဆီနှစ်မျိုးစလုံး သိုလှောင်ခွင့်ရှိသည့် စက်သုံးဆီသိုလှောင်ခွင့် လိုင်စင်အမျိုးအစားသုံးမျိုးကို စိစစ်ထုတ်ပေးပါသည်။

၅။ စစ်ဆေးရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၏ အခြေခံလိုအပ်ချက်များနှင့် ပြည့်စုံကိုက်ညီမှုရှိပြီး သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်ကို ရရှိပြီးဖြစ်သဖြင့် ဖွင့်လှစ်ခွင့်ပြုသင့်ကြောင်း ထောက်ခံတင်ပြလာပါက ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ စွမ်းအင်ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီသို့ စိစစ်ထောက်ခံတင်ပြပေးပါသည်။ ဖွင့်လှစ်ခွင့်ပြုရန်မသင့်သေးပါက ဆောင်ရွက်ရန်လိုအပ်သည့် အကြံပြုချက်များကို သက်ဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်းများသို့အကြံပြု၍ လိုက်နာဆောင်ရွက်စေပါသည်။ ဖွင့်လှစ်ခွင့်ပြုသင့်ကြောင်း ထောက်ခံတင်ပြသည့် အရောင်းဆိုင်များကိုစွမ်းအင်ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီမှ စိစစ်ပြီး စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ထုတ်ပေးပါသည်။ သို့ရာတွင် ထိုကဲ့သို့ စက်သုံးဆီအရောင်းဆိုင်အသစ်ဖွင့်လှစ်ရောင်းချမည့်အပေါ် တိုင်ကြားတင်ပြကန့်ကွက်ထားခြင်းခံရသည့် စက်သုံးဆီအရောင်းဆိုင်အသစ်ဆိုပါက သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များထံသို့ထပ်မံ၍ သဘောထားမှတ်ချက်တောင်းခံပြီး ကန့်ကွက်ရန်မရှိကြောင်း သဘောထားပြန်ကြားချက် ရရှိမှသာလျှင် စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ကိုထုတ်ပေးပါသည်။

၆။ ၁၉-၆-၂၀၁၃ရက်နေ့အထိ နိုင်ငံတစ်ဝန်းတွင် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် အဟောင်းနှင့်အသစ်စုစုပေါင်း ၉၀၇ဆိုင်နှင့် သိုလှောင်စခန်းအသစ်သုံးခုတို့အား သတ်မှတ်ချက်များနှင့်အညီ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ကိုထုတ်ပေး၍ စနစ်တကျ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့ရာတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌အောက်ပါအတိုင်း ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အဟောင်းလေးဆိုင်နှင့်အရောင်းဆိုင်အသစ် လေးဆိုင် စုစုပေါင်းရှစ်ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဇမ္ဗူသီရိမြို့နယ်အတွင်း၌ မြဝတီထရေးဒင်းလီမိတက်၏ စက်သုံးဆီအရောင်းဆိုင်နှင့် Max Energy Co., Ltd. ၏ စက်သုံးဆီအရောင်းဆိုင်၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ ဦးခင်မောင်ဝင်း၏ စက်သုံးဆီ အရောင်းဆိုင် စုစုပေါင်းစက်သုံးဆီအရောင်းဆိုင် သုံးဆိုင်သည် သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရရှိရေး ဆောင်ရွက်နေဆဲဖြစ်ပါသည်-

စဉ်	ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်း		အရောင်းဆိုင်တည်နေရာ
၁	New Day Energy	ဆိုင်ဟောင်း	ပျဉ်းမနား
၂	ပါဝါနိုင်း	ဆိုင်ဟောင်း	ပျဉ်းမနား
၃	ဧဒင်အုပ်စုကုမ္ပဏီလီမိတက်	ဆိုင်ဟောင်း	တပ်ကုန်း
၄	ဧဒင်အုပ်စုကုမ္ပဏီလီမိတက်	ဆိုင်ဟောင်း	လယ်ဝေး
၅	မြဝတီထရေးဒင်းလီမိတက်	ဆိုင်သစ်	စစ်ရုံးဝင်းအတွင်း၊ နေပြည်တော်
၆	ရောရွှေဝါကုမ္ပဏီလီမိတက်	ဆိုင်သစ်	ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၇	ဦးအောင်ခင်(ရွှေဗျိုင်းဖြူ)	ဆိုင်သစ်	ပျဉ်းမနား
၈	ဦးဝင်းနိုင်(ခ) ဝင်းမောင်(နီလာရိုးမ)	ဆိုင်သစ်	တပ်ကုန်း

၇။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်းတွင် စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချလိုသည့် မည်သည့်ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်းမဆို အထက်ပါရှင်းလင်းဖော်ပြထားသည့်အတိုင်း အထောက်အထားစာရွက်စာတမ်းပြည့်စုံစွာဖြင့် စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားပြီး သတ်မှတ်ချက်များနှင့်အညီ စက်သုံးဆီအရောင်းဆိုင် တည်ဆောက်ကာ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရယူ၍ စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၈။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

ဖခင်အမည်မှန်

တန့်ယန်းမြို့၊ အထက ဆဋ္ဌမတန်း (C)မှ မရွှေရီဝင်း၏ ဖခင်အမည်မှန်မှာ ဦးဇာနည်မျိုးသက် ၁၂/မကန(နိုင်) ၀၀၄၂၇၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

လားရှိုးမြို့၊ မိုင်းကျက်ကျေးရွာနေ နန်းခမ်းညွန့် ၁၃/လရန(နိုင်)၁၈၂၂၃၁၏ ဖခင်အမည်မှန်မှာ ဦးဖဆွမ်(ခ)ဦးစိုင်းထွန်းရီ ၁၃/နမတ(နိုင်)၀၁၇၂၀၅ ဖြစ်ပါသည်။

ပျောက်ဆုံးခြင်း

ကျွန်တော်ခွန်ကျော်လှခမ်း ၁၃/ဆဆန (နိုင်)၀၇၃၁၅၂၏ ပတ်စ်ပို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ခွန်ကျော်လှခမ်း**

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၇ရက် ၁၄-၇-၂၀၁၃ရက်၊(တနင်္ဂနွေနေ့)၊ နံနက် ၈နာရီတွင် ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏အသင်း ဓမ္မာရုံ၌ကျင်း ပမည်ဖြစ်ရာ ဘိုကလေးမြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းဝင်များအားလုံး ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ နံနက် ၈နာရီမှစ၍ဧည့်သည်များအား ဘိုကလေးမုန့်ဟင်းခါးနှင့်ဧည့်ခံ၍ နံနက် ၁၀နာရီတွင် သံဃာတော်(၁၀)ပါးအား ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်ပါမည်။

ဆက်သွယ်လှူဒါန်းလိုသူများ

အလှူငွေနှင့်အလှူပစ္စည်းများကို ဥက္ကဋ္ဌ ဦးစောဝေ ဖုန်း-၀၉-၅၁၀၈၇၀၅၊ အတွင်းရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၀၅၈၀၆၊ ဘဏ္ဍာရေးမှူး ဦးမြစိုး ဖုန်း-၀၉-၇၃၂၃၆၉၉၃ ၊ အသင်းရုံး ဖုန်း-၀၁-၂၁၂၅၀၈၊ အသင်းဓမ္မာရုံ ဖုန်း-၀၁-၄၀၁၀၁၄တို့နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)

ဂင်္ဂါမြေ ဗုဒ္ဓဂယာဘုရားဖူးနှင့်ပြည်တွင်းအဆင့်မြင့်ခရီးသွားလုပ်ငန်း

သံဝေဇနီယလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုလ် (၈)ရက် (၈)သိန်း
(သံဝေဇနီယ+အဝိဇဟိတ)လေးဌာန+နယူးဒေလီ (၁၅)ရက် (၉.၅)သိန်း
(၁.၇.၁၃) မှ (၃၁.၇.၁၃) အတွင်း စရန်ငွေ(၁)သိန်းပေးသွင်းပါက
(၁၀)ဦး စုစည်းပြီး လိုက်ပါလျှင် (၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။

✳ ပုဂံ၊ပုပ္ပား၊တောင်ကြီး၊အင်းလေး July(18) ✳ ကျိုက်ထီးရိုး၊ဝါဆိုပွဲ (နေ့ချင်းပြန်) July(21)
✳ ပုဂံ၊ပုပ္ပား၊မန္တလေး၊ပြင်ဦးလွင် July(18) ✳ ပြည်ဘုရားစုံ (နေ့ချင်းပြန်) July(21)
✳ မော်လမြိုင်၊ကျိုက္ခမီ၊စက်စဲ၊ဘားအံ July(19) ✳ နေပြည်တော်၊ဗုဒ္ဓဂယာ(နေ့ချင်းပြန်) July(22)

Ph: 0973040050, 0973040051, 0973040052, 09-73340050, 09-73340051, 09-73340052

အင်ဂျင်နီယာဝန်ထမ်းအလိုရှိသည်

၁။ စီမံကိန်း အင်ဂျင်နီယာ အကြံပေး - ၅ ဦး(ကျား/မ)
B.E(Civil)/ Archi/ EP
- အသက် ၄၅နှစ်အထက်၊ လုပ်သက်အနည်းဆုံး အနှစ်(၂၀)
- ပဆင်နှင့် နိုင်ငံခြားတွင် စီမံကိန်းလုပ်ကိုင်ဖူးသူဦးစားပေးမည်။
- လစာကောင်းမည်။

၂။ အကြီးတန်းအင်ဂျင်နီယာ - ၅ ဦး(ကျား/မ)
B.E(Civil)/ Archi/ EP
- အသက် ၃၅နှစ်အထက်/လုပ်သက်အနည်းဆုံး (၁၀)နှစ်
- ပဆင်နှင့် နိုင်ငံခြားတွင် စီမံကိန်းလုပ်ကိုင်ဖူးသူ ဦးစားပေးမည်။
- လစာကောင်းမည်။

ဆက်သွယ်ရန်ဖုန်း-၀၁-၆၅၅၃၀၈၊ ၆၅၅၃၀၉
HTOO CONSTRUCTION DEVELOPMENT GROUP CO.,LTD.

ကြော်ငြာ

မင်းကြီးကြိုက် လုံချည်

GUARDIAN INDEPENDENT CERTIFICATION
ISO 9001 : 2008 Cert.No. 689796
JAS-ANZ
www.jas-anz.org/register
နိုင်ငံတကာ အရည်အသွေးမီ စီမံခန့်ခွဲမှုလက်မှတ်

"မင်းကြီးကြိုက် လုံချည်မှ ဂုဏ်ယူစွာ ကြေညာအပ်ပါသည်"

မင်းကြီးကြိုက်လုံချည်ကို ဝတ်ဆင်အားပေးကြပါသော ကျေးဇူးရှင် မိဘပြည်သူများ နှင့် မိတ်ဆွေများ ခင်ဗျား....

မင်းကြီးကြိုက် လုံချည်သည် " ပိုမိုကောင်းမွန်သောတိုးတက် ပြောင်းလဲမှုတိုင်းကို ပထမဆုံး စတင်ခဲ့သည့် အမှတ်တံဆိပ်" ဖြစ်ပါသည်။

ယခုအခါ မင်းကြီးကြိုက်လုံချည်သည် Joint Accreditation System of Australia & New Zealand မှ အသိအမှတ်ပြု ပေးအပ်သော ISO 9001: 2008 Quality Management System Certification {Production of Textile Product (Longyi) } Scope ကို Certificate No.689796 ဖြင့် ရရှိခဲ့ပါသည်။

ထို့ကြောင့် "မင်းကြီးကြိုက် လုံချည်" သည် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု ဖြစ်သည့် လုံချည် လောကတွင် နိုင်ငံတကာအရည်အသွေးမီ စီမံခန့်ခွဲမှု စနစ်ကို ကျင့်သုံးသော "မြန်မာ့ ပထမဆုံး" အမှတ်တံဆိပ် အဖြစ်မှတ်တိုင်စိုက်ထူလိုက်ပြီ ဖြစ်ကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာ ကြေညာ အပ်ပါသည်ခင်ဗျား ...။

LONGYI MIN GYI KYAIK

E (9 , 10), Man Myanmar Zagyo Plaza, Mandalay.
Tel: 02-4000365, 02-74784(R), 09-2035361, 09-2002010
E-mail: mgk_mdy@myanmar.com.mm
: mgkmdy91@gmail.com

လူမှုရေးကြော်ငြာများ

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၃ ခုနှစ်၊ မတ်လတွင် ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၌ ခုံအမှတ် (ဆဒဂ-၁၁)ဖြင့် ဝင်ရောက်ဖြေဆိုသော သားငယ် မောင်ပိုင်ဟိဏ်းကျော် (ဖိုးလမင်း)သည် (၆)ဘာသာဂုဏ်ထူးရရှိ၍ ရမှတ်ပေါင်း(၅၄၄)မှတ်ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သဖြင့် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် သင်ကြားပေးသော ဆရာ၊ ဆရာမများအားလုံးကို လည်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ အမြဲတမ်းထူးချွန်ထက်မြက်သူတစ်ဦးဖြစ်စေရန် မိသားစု အားလုံးမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဘဘ ဦးသောင်းကြည်
အမေကြီး ဒေါ်တင်ကြည်
အကြီး ဒေါ်ညွန့်ညွန့်ဝင်း

အောင်စကြာဆရာတော် တရား ချီးမြှင့်မည်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာ ဓမ္မရိပ်သာ ဦးစီးပဓာနနာယက (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယဆရာတော်သည်၊၁၃၇၅-ခုနှစ်ဝါဆိုလပြည့်နေ့မှစ၍သီတင်းကျွတ် လပြည့်နေ့အထိ ဝါတွင်းဥပုသ်နေ့တိုင်းရွှေတိဂုံစေတီတော်ကြီး၏ရင်ပြင်သောကြာ ထောင့် ဆံတော်တွင်းတန်ဆောင်းတွင် နံက်ပိုင်းမှာသီလပေး၍ နေ့ ၁. နာရီမှ ၂. နာရီထိဝိပဿနာတရားဟောကြားပြီး ၂. နာရီမှ ၂. ၃၀နာရီထိလက်တွေ့အားထုတ် ရမည်ဖြစ်သည်။လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာ ဓမ္မရိပ်သာ၌ နံနက်ပိုင်းတွင်သီလပေး၍ ညနေ ၄. ၃၀နာရီမှ ၅. ၃၀ နာရီထိ ဝိပဿနာအလုပ်ပေးတရားများကိုဟောကြားပြသပြီး ၁ နာရီတရားအားထုတ် ကြရမည်ဖြစ်ရာ မည်သူမဆိုကြွရောက်၍နာယူအားထုတ်နိုင်ကြပါသည်။

သူရ (၆၀) သူငယ်ချင်းများသို့

(၃၂)နှစ်မြောက် တွေ့ဆုံပွဲကို အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

အရဟံဆွမ်းအလှူနှင့် အာစရိယပူဇော်ပွဲ

နေ့ရက် - ၁၁-၇-၂၀၁၃ရက် (ကြာသပတေးနေ့)
အချိန် - နံနက် ၀၅:၃၀ နာရီ
နေရာ - ရွှေမင်းဝံသာသနာ့ရိပ်သာ၊ အမှတ်(၇၀)၊ သာသနာ့ရိပ်သာလမ်း၊ အလယ်ရွှေဂုံတိုင်(ခြောက်ထပ်ကြီးဘုရားအနီး)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

တွေ့ဆုံညစာစားပွဲ

နေ့ရက် - ၁၃-၇-၂၀၁၃ရက် (စနေနေ့)
အချိန် - ည ၁၈:၃၀ နာရီ
နေရာ - PALM SPRING (ပန်းခင်းလမ်း)၊ ပျဉ်းမနား၊

အရဟံဆွမ်းအလှူသို့ သူငယ်ချင်းများ ဇနီးနှင့်အတူ တက်ရောက်ပါရန်နှင့် ကျဆုံး/ကွယ်လွန် သူငယ်ချင်းများ၏ ဇနီးများလည်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

မောင်မောင်ဝင်း	ဖုန်း-၀၉-၈၃၀၃၃၁၀	လှသွင်	ဖုန်း-၀၉-၅၂၀၂၁၁၈
ဇော်ကိုကို	ဖုန်း-၀၉-၄၉၂၀၁၂၆၇	မောင်မောင်ဟန်	ဖုန်း-၀၉-၅၀၀၄၄၇၃
မြသန်းစံ	ဖုန်း-၀၉-၅၀၂၅၃၂	ဖုန်းမြင့်	ဖုန်း-၀၉-၄၃၀၃၆၈၂၈
တင်မျိုးမြင့်	ဖုန်း-၀၉-၅၀၂၁၂၈၈		

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် ဗညားဒလ၊ မြေကွက်အမှတ် ၁၁၈၆/က၊ ဧရိယာ ၀ဒသမ၀၂၇၈ဧက ပေ(၂၀×၆၀)အကျယ် အဝန်းရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ဦးအောင်ဇေယျ ၁၀လမ်း၊ အမှတ် ၁၁၈၆/က ဟုခေါ်တွင်သော နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဒေါ်လှလှအေး ၁၂/ဥကမ(နိုင်) ၀၄၉၁၅၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင် (စဥ်-၅၇၇၃)၊ ဒေါ်လွင်မာ (စဥ်-၈၉၀၉)
တရားလွှတ်တော်ရှေ့နေများ
ဦးအောင်ကျော်ကျော်မြတ် (စဥ် -၂၇၀၀၉)၊ ဦးထွန်းထွန်းနိုင် (စဥ်-၃၅၅၃၄)၊
ဒေါ်သန္တာမော် (စဥ်-၃၉၂၄၂)၊ ဒေါ်လှဲ့လှဲ့ဝင်း (စဥ်-၃၉၈၈၀)၊ ဒေါ်သဇင်အေး (စဥ်-၄၁၄၅၉)
အထက်တန်းရှေ့နေများ
အမှတ်(၅၅)၊ ဒုတိယထပ်၊ အခန်း(၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

တစ်ဦးတည်း ဖြစ်ပါကြောင်း

စစ်တွေမြို့နယ်၊ ဝါဘိုကျေးရွာအုပ်စု၊ ဝါဘိုကျေးရွာတွင် နေထိုင်သူ ဦးဦးစောလှ၏သား ဦးစိုးယဉ်မောင်(ခ)ဦးစောယဉ်မောင် ၁၁/စတန(နိုင်) ၀၄၆၃၇၀သည် တစ်ဦးတစ်ယောက်တည်းသာဖြစ်ပါကြောင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၆၁

ဦးအိုက်ဦး နှင့် ၁။ ဦးတုန်းလှိုင်
၂။ ဒေါ်ဆိုင်းသောင်
တရားလို တရားပြိုင်များ

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်းခွဲ(၁)၊ အမှတ်(၄၇၊ ၄၈/၁၂) (ယခုနေရပ်လိပ်စာမသိ)နေ ဦးတုန်းလှိုင်နှင့် ဒေါ်ဆိုင်းသောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၁၃၇၆၁၈၀၀၀/ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၁၂ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၆၂

ဦးအိုက်ဦး နှင့် ဒေါ်စန္ဒာ
တရားလို တရားပြိုင်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ မြသီတာလမ်း၊ အမှတ်(၂၀/၁) (ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်စန္ဒာ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၂၈၅၈၄၆၀၀၀/ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၁၂ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

ရောင်းမည်

၁။ ပုလဲ အမှတ်(၃) လမ်းမကြီးဘေး ပေ (၁၀၀×၄၀၀)
၂။ ဗိုလ်မင်းရောင်လမ်း၊ ၂ (ခ) ရပ်ကွက်၊ မင်္ဂလာဒုံ တစ်ထပ်ခွဲ အသင့်နေနိုင်

ဖုန်း-၀၉-၂၃၀၀၇၅၂၊ ၀၉-၂၀၄၃၅၀၀

တစ်နှစ်ပြည့်တမ်းတသတိရ ကောင်းမှုကုသိုလ်ပြု အမျှပေးဝေခြင်း

ဦးဇော်မင်းသက် (ခ) ဂါလီ B.E (Mech)
(G.M Daikin Aircon)

ကိုကို

ဝိုင်းတို့မိသားစုဘဝထဲက ကိုကိုခွဲခွာသွားတာ ၅-၇-၂၀၁၃ ရက်မှာ တစ်နှစ်ပြည့်မြောက်ခဲ့ပေမယ့်လည်း တစ်ရက်မှ မေ့လို့မရပါ။ ယနေ့တွင် ကိုကို့ကိုရည်စူးပြီး မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် မဟာဂန္ဓာရုံစာသင်တိုက်ရှိ ဘုရားအမှူးရှိသော သံဃာတော်အပါး ၁၄၀၀ကျော်အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနဲ့ ခဲဖွယ်ဘောဇဉ်အစုံ ဆက်ကပ်လှူဒါန်းပါသည်။ ကိုကို့ကိုရည်စူးပြီး ဝိုင်းနဲ့မိသားစုတွေ တစ်နှစ်ပတ်လုံးပြုခဲ့သမျှ ကုသိုလ်အဝဝကို ကိုကိုရောက်ရာဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ကိုကိုရေ -အမျှ-အမျှ-အမျှ
သာဓု-သာဓု-သာဓု

ချစ်ဇနီး - ဝိုင်းဝိုင်းမွန် Ameriseed Co.,Ltd.
သား - ဖိုးဆွိ

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ငမိုးရိပ်၊ မြေကွက်အမှတ် ၅၅၉၊ မြေကွက်တည်နေရာအမှတ် ၅၅၉၊ ၄လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း ဒေါ်ခင်မြင့် ၁၂/သဃက(နိုင်)၀၅၅၃၄၆၊ ဒေါ်ယုယုခင် ၁၂/သဃက(နိုင်)၀၅၀၆၇၂အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်မြင့်(မိခင်)နှင့် ဦးမောင်ငြိမ်း(ဖခင်)တို့ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ယုယုခင် ၁၂/သဃက(နိုင်)၀၅၀၆၇၂က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့် နှစ် ၆၀ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် GP No. ၇၃၃၇ / ၉-၅-၁၃ ရသူ ဦးခင်မောင်ဦး ၁၂/သဃက(နိုင်) ၁၅၆၀၅၈က မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နှစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဒေါ်အမာနီ အသက်(၅၇)နှစ်
(၅-၇-၂၀၁၁)

ဗဟိုအမျိုးသမီးဆေးရုံ၊ ရွှေဘိုဆေးရုံ၊ ဒေးဒရဲဆေးရုံတို့တွင် (ဓာတ်ခွဲကျွမ်းကျင်) တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်အမာနီအား ရည်စူး၍ ပြုလုပ်သော ကောင်းမှုကုသိုလ်အစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ရန် အမျှပေးဝေပါ၏

မိခင်-ဒေါ်အေးမိ၊ အစ်မ-ဒေါ်လှလှကြွယ်

ဇီဝမျိုးတွေကြွယ်စေဖို့ သစ်တော သစ်ပင် စိုက်ကြစို့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၁၃(သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅ ကျန်းမာဖို့အတူကစားစို့
၆း၃၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ/အက
၆း၄၅ **ဆေးရေးချိတ်ခေတ်ဆန်းချိန်ခါ မြန်မာ့ရွှေလက်ရာ**
၇း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၇း၂၀ **မဟော်သဓာ**
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၂၅ အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ** (အပိုင်း-၈၁)
၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၉း၂၀ **ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ** (ဂီတရိပ်သာ) (အပိုင်း-၂၄)
၉း၅၀ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၁၀း၀၀ ပြည်တွင်းသတင်း
၁၀း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားရဲ့သုခကမ္ဘာ** (အပိုင်း-၇)

နေ့လယ်ပိုင်း

၁၁း၀၀ ပျော်ရွှင်စေသောနေ့ရက်များ **တောအထာ** (အပိုင်း-၃) မြင့်မြတ်၊ မိုးပြည့်ပြည့်မောင်၊ စန္ဒီမြင့်လွင် (ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)
၁၁း၂၀ Let the Journey begin
၁၁း၃၅ **ရှင်သန်ခြင်း**
၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် **အဖြူရောင်အတ္တ** မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ လှအဥ္စလီတင့် (ဒါရိုက်တာ-အိအိခိုင်)
၁၄း၄၀ တေးဂီတအစီအစဉ်
၁၄း၅၀ **မြေဆီစိုခိုက် သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့**

ညပိုင်း

၁၅း၀၀ ပြည်တွင်းသတင်း
၁၅း၁၅ **သက်တံရောင်နှလုံးသား** ရဲအောင်၊ မေသဥ္စာဦး မေသက်ခိုင် (ဒါရိုက်တာ-မီးပွား)
၁၆း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၁၆း၁၅ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ/အက
၁၆း၂၅ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၆း၄၀ **ချစ်သောမြေချစ်သောရေ**
၁၆း၅၀ ကြေးမုံရိပ်သွင်တေးနုယဉ်
၁၇း၀၀ ပြည်တွင်းသတင်း
၁၇း၁၅ Road to 27th SEA Games(ပန်ကြပ်ဆီလတ်)
၁၇း၃၀ အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ** (အပိုင်း-၈၂)
၁၈း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၁၈း၂၀ ချစ်သော၏ကမ္ဘာမြေ
၁၈း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားရဲ့သုခကမ္ဘာ** (အပိုင်း-၈)
၁၉း၀၀ ပြည်တွင်းသတင်း
၁၉း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားရဲ့ သုခကမ္ဘာ** (အပိုင်း-၈)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၀း၃၅ ပြည်သူတို့ရဲ့စကားသံများ
၂၀း၅၀ တေးလက်ဆောင်အစီအစဉ်
၂၁း၀၀ ပြည်တွင်းသတင်း
- **ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ**
- မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- နိုင်ငံခြားဇာတ်လမ်းတွဲ **နိမိတ်ပုံရိပ်**(အပိုင်း-၁၃)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၄

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သံတွဲမြို့တွင် ၇ ဒသမ ၉၅ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မကွေးမြို့တွင် ၂ ဒသမ ၂၀ လက်မနှင့် ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၆၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ကြော်ငြာ

အထူးကျေးဇူးတင်ရှိပါကြောင်း

၂၈-၆-၂၀၁၃ရက်(သောကြာနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားသည့် ဖခင်ကြီး ဦးအလျှောင်(ခ)ချင်လျှောင်ရှမ်း(ဟသ်ာတ) အသက်(၈၇)နှစ် နာမကျန်းဖြစ်စဉ်က မိသားစုသဖွယ် စေတနာ၊ မေတ္တာဖြင့် ဂရုတစိုက်ဆေးကုသပေးကြသည့် အာရှတော်ဝင်အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ၊ ဆရာဝန်ကြီးများ၊ အထွေထွေရောဂါအထူးကုသမားတော်ကြီးများ၊သူနာပြုများ၊ နာရေးကိစ္စသို့ ဝမ်းနည်းကြောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ E-mail များဖြင့် အကြောင်းကြား နှစ်သိမ့်အားပေးကြပါသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ၊ ကုမ္ပဏီများ၊ ဆွေမျိုးများ၊ လွမ်းသူ့ပန်းခြင်းများပေးပို့ကြသော မိတ်ဆွေများအားလုံးနှင့် လှူဖွယ်ဝတ္ထု အစုစုကောင်းမှုပြုလုပ်ပေးကြသူများ၊ ကွယ်လွန်သည့်နေ့မှစ၍ ရက်လည်ဆွမ်းကျွေးသည်အထိ ကိစ္စအဝဝကို အဘက်ဘက်မှ ပြည့်စုံစွာကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအုန်း

မြန်မာ့ရုပ်ရှင်လုပ်ငန်း(ဆင်ဆာ၊ ငြိမ်း)

အသက်(၈၂)နှစ်

ဒုတိယဗိုလ်မှူးကြီးတင်ဝင်းနှင့်ဇနီး ဒေါ်ခင်ခင်စုတို့၏ဖခင်ကြီး ဦးအုန်း အသက်(၈၂)နှစ်သည် ၂၉-၆-၂၀၁၃ရက် (စနေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၆၈)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နုနုရီ (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း)

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လက်ပန်လမ်း၊ အမှတ် ၅နေ ဦးလှမြင့် [ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်]၏ဇနီးသည် ၁-၇-၂၀၁၃ရက် (တနင်္လာနေ့)တွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ အချိန်ပြည့်အမှုဆောင်အဖွဲ့နှင့်ဝန်ထမ်းများ
မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်

ဦးမိုးကျော်သူ(ခ)ဦးမိုး

အသက်(၄၅)နှစ်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေး၊ ဗန္ဓုလလမ်း၊ အမှတ် ဃ/၈၈နေ ဗိုလ်မှူးခင်ညို(ငြိမ်း)-ဒေါ်မြင့်မြင့်ရီတို့၏သားလတ်၊ ပြင်ဦးလွင်မြို့သစ်နေ ဦးထွန်းဆ-ဒေါ်နန်းမြစိန်တို့၏သားသမက်၊ ဒေါက်တာကျော်ဇော (စာပန်းအိမ်)-ဒေါ်မေမျိုးမြတ်တို့၏မောင်၊ ဦးကျော်သူရ(ခ)ငယ်လေး(ဧည့်လမ်းညွှန်)၏အစ်ကို၊ မမြတ်ရွှန်းလဲ့ကျော်၊ မောင်နေဝန်းခန့်တို့၏ဖခင်၊ ဒေါ်ယဉ်ယဉ်မြ၏ခင်ပွန်းသည် ၂၈-၆-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ပြင်ဦးလွင် (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ) များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက "ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှ ကူး" စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဒေါ်ကျင်ကျင်

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ် ၅၃၁/ဘီနေ (ဦးပါသစ် - ဒေါ်လှမြင့်)တို့၏ဒုတိယသမီး၊ ဒေါ်စီစီ(ခ)ဒေါ်စန္ဒပဘာ၏ညီမ၊ (ဦးလှဦး)-ဒေါ်ခင်အုန်းကြင်၊ ဦးအောင်နိုင်-ဒေါ်သန်းသန်း၊ (ဒေါ်သန်းနွဲ့)၊ ဦးဖေဆန်း-ဒေါ်သန်းငွေး၊ ဦးပေါ်ထွဏ်း-ဒေါ်သန်းထွေးတို့၏အစ်မ၊ တူ၊ တူမ ၂၀၊ မြေး ၂၈ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)ည ၉း၀၅နာရီတွင်ကွယ်လွန်သွားပါ၍ ၅-၇-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ၅၃၁-ဘီ၊ မာလာမြိုင်ရိပ်သာ၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးနီ (ဦးတင်စွမ်း)

ဖောင်တော်သီ

အသက်(၈၁)နှစ်

ဖောင်တော်သီဈေးလမ်းနေ ရဟန်းဒါယကာကြီးဦးစွမ်း-ဒေါ်ရှင်တို့၏သား၊ ဒေါ်အေးမိ၏ခင်ပွန်း၊ ကိုဟန်မြင့်-မမော်မော်အောင်၊ ကိုတင်ကိုလွင်၊ ကိုတင်ညီလွင်၊ မမိမိလွင်၊ ကိုညီညီဇော်-မကြိုင်ကြိုင်၊ မောင်ဖြိုးမောက်ကျော်တို့၏ဖခင်၊ မောင်လင်းသန့်ဟိန်း၏အဘိုးသည် ၄-၇-၂၀၁၃ရက် နံနက် ၈း၃၀နာရီတွင် ဖောင်တော်သီနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ဖောင်တော်သီသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးစိုးဟန် (ထားဝယ်)

အသက်(၇၅)နှစ်

ထားဝယ်မြို့၊ ကညွှံရပ်၊သီတာလမ်း၊ အမှတ် ၂၅၇နေ(ဆရာကြီး ဦးဂျွန်မောင်ခင်-ဒေါ်အေးကြည်)တို့၏သား၊ ဒေါ်တင်အုန်း၏ခင်ပွန်း၊ ဒေါ်သက်သက်စိုး (အမက-မူလွန်၊ ဇရစ်)၊ ဦးယဉ်စိုး-ဒေါ်လှဖြိုးသက်၊ ဦးလွင်စိုး-ဒေါ်ထွေးပို၊ ဦးထွေးစိုးဟန်-ဒေါ်ဇာဇာထွန်း (ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မအိအိလွင်စိုး၊ မောင်အောင်မြတ်သူတို့၏ အဘိုးသည် ၃-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ညောင်ဒိတ်လွှန်း(လွှန်နိုး)

VANG TEN

အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် ၇/၂၅၁၊ ဂျိုးဖြူလမ်း၊ ဝါယာလက်နေ ဦးထန်ခန့်ပေါင် - ဒေါ်ဇင်ဒိုကျင်တို့၏ သမီးကြီး၊ ဦးအွန်ကျင့်ထန်၏ဇနီး၊ ဒေါ်ဒီမ်ဒိုက်မန်-ဦးကျင့်စန့်ဆုမ်း၊ မကျင်ရှန်းကျိန်(ရှင်းရှင်း)၊ ထန်ဇလျန်း(ယောဟန်)၊ မေရီပေါ်ရှင်းလွှန်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃-၇-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၅-၇-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ဝါယာလက်နေအိမ်မှ နံနက် ၁၀နာရီ၊ F.G.A ဘုရားကျောင်းနှင့် ယုဇန ပိတောက်ကွေ့မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းမြင့်

(ပြည်နယ်ပညာရေးမှူး၊ ငြိမ်း)

အသက်(၇၀)

မော်လမြိုင်မြို့၊ ထားဝယ်စုရပ်၊ ကန်ညီနောင်လမ်းထိပ်၊ အမှတ် ၉၅/အေနေ (ဦးအောင်လင်း-ဒေါ်ထွန်းမေ)တို့၏သား၊ ဒေါ်ကျင်ညွန့်(ဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ရဲအုပ်ခိုင်သန်း-ဒေါ်မြမြအေး(အလပြ)၊ ဦးဉာဏ်ဝင်း-ဒေါ်ဝင်းဝင်းသန်း (အလပြ)၊ ဦးနေမျိုးသန်း(ခ)ဦးဆန္ဒ (One Star Tissue နှင့် တက်နေလင်းပုံနှိပ်တိုက်)-ဒေါ်သန္တာဝေ(ခ)မိဂျူးတို့၏ဖခင်၊ မအေးမြသန္တာ၊ မယမင်းသန္တာ၊ မောင်မြင့်မြတ်သူ၊ မောင်ထူးတင့်အောင်၊ မောင်စည်သူမောင်၊ မယုဝတီနေမျိုး၊ မောင်သုတနေမျိုး၊ မရှင်းသန့်နေမျိုးတို့၏အဘိုးသည် ၁-၇-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးအေး

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မင်းဒင်လမ်းသွယ်(၄)၊ တိုက် ၄၀၊ အခန်း ၆နေ ဦးအေး (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ကြေး/မြေမိသားစု လူမှုရေးအသင်းဝင်အမှတ်-၀၀၀၉၆)သည် ၄-၇-၂၀၁၃ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကြေးတိုင်နှင့်မြေစာရင်းမိသားစု
လူမှုရေးအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးခင်ဇော်ဝင်း (ငြိမ်း)

ကြည်း-၂၂၁၁၆ (သီဟ-၇၉)

အသက်(၄၇)နှစ်

မြစ်ကြီးနားမြို့၊ မိုးကောင်းရပ်နေ ဒေါ်ခင်သီတာဦး၏ခင်ပွန်း ဗိုလ်မှူးခင်ဇော်ဝင်း(ငြိမ်း) အသက်(၄၇)နှစ်သည် ၄-၇-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သီဟ(၇၉)မှ သူငယ်ချင်းများ

ဦးခင်ထွေး

(တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ၊ ငြိမ်း)

အသက်(၇၁)နှစ်

လှိုင်မြို့နယ်နေ (ဦးထွန်းတင်-ဒေါ်အေးတင်)တို့၏သား၊ ဦးကျော်သန်းစိန်-(ဒေါ်ခင်အုန်းမြင့်)တို့၏အစ်ကိုကြီး၊တိုက် ၆၄၄/၆၄၇၊ အခန်း ၃၀၅၊ နိဗ္ဗာန်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်အုံးမြ(တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ၊ငြိမ်း)၏ခင်ပွန်း၊ ကိုဓောပိုလေး-မနန္ဒာမျိုးခင်၊ မောင်မြင့်မောင်မောင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၄-၇-၂၀၁၃ရက် ညနေ ၃း၁၀နာရီတွင် သျှင်ပါကူအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၄-၂၀၁၃ရက် (စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအေး

(လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း)

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နေ (ဦးတိတ်ရှိန်-ဒေါ်တင်ညွန့်)တို့၏သား၊ သုဝဏ္ဏ၊ မီးဒုံးလမ်းနေ (ဦးစံရှိန်-ဒေါ်တင်လှိုင်)တို့၏သားသမက်၊ တိုက် ၄၀၊ အခန်း ၆၊ မင်းဒင် ၄လမ်း၊ သုဝဏ္ဏ (၂၉)ရပ်ကွက်နေ ဒေါ်အေးအေးကြွေ၏ခင်ပွန်း၊ဒေါက်တာဇင်ကိုခိုင်-ဒေါက်တာသီသီအေး(လ/ထဆရာဝန်၊စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်)၊ ကိုသန်းထိုက်၊ ဒေါက်တာတင်အောင်မိုး (လ/ထဆရာဝန်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)၊ မောင်သက်ထူးအောင် (လူငယ်ပြန်ကြားရေးအရာရှိ၊ Gold Camp၊ နေပြည်တော်)တို့၏ဖခင်သည် ၄-၇-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဆန်နီအောင်

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ တိုက် ၂၂၁၊ အခန်း ၁၄၊ (၁)ရပ်ကွက်နေ (ဦးတင်အောင်)-ဒေါ်နှင်းမြိုင်တို့၏သား၊(ဦးကျော်သိန်း-ဒေါ်သန်းညွန့်)တို့၏သားသမက်၊ ဒေါ်တင်တင်ညွန့် (လွှတ်တော်ရှေ့နေ)၏ ခင်ပွန်း၊ ကိုပြည့်ဖြိုးအောင် - မအေးအေးမော်၊ ကိုဝေဖြိုးအောင်-မနွေးနွေးဟန်(ရတနာမြိုင်ဆောက်လုပ်ရေး)တို့၏ဖခင်၊ အောင်စစ်ဦး(မိုးသား)၏အဘိုး၊ (ဦးအေးကြည်)-ဒေါ်ကြည်ကြည်တို့၏ညီ၊ ဒေါ်သီတာအောင်၊ ဒေါ်နီလာအောင်၊ ဦးဩဘာအောင်-ဒေါ်ဥမ္မာ၊ (ဦးဝဏ္ဏအောင်)တို့၏အစ်ကို၊ ဦးခိုင်ညွန့်-ဒေါ်စန်းစန်းလွင်၊ ဦးတင်အောင်သန်း၊ (ဦးသန်းနိုင်)-ဒေါ်စန်းစန်းမြင့်၊ ဦးသန်းဝင်း-ဒေါ်စမ်းစမ်းရီ(အထက၊ဗိုလ်တထောင်-၅)၊ ဒေါ်သန်းသန်းငွေးတို့၏အစ်ကိုသည် ၄-၇-၂၀၁၃ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၃ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မီမီခိုင်

အသက်(၄၉)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ B လမ်း၊ အမှတ် ၈၂နေ (ဦးအီညှပ်)-ဒေါ်ခင်ယွေး၊ ဦးမောင်ကြွယ် - ဒေါ်သန်းကြည်တို့၏ သမီးချွေးမ၊ ဒေါ်တင်ကြူ၏တူမ၊ ဦးအောင်ဝင်း၏ဇနီး၊ ဦးကျော်ကျော်စွီး-ဒေါ်စီစီခိုင်၊ ဦးညီညီ-ဒေါ်သန်းယု၊ ဒေါ်ဝါဝါဘို၊ ဦးမျိုးသူတို့၏အစ်မ၊ မောင်ဇော်ဟိန်းပိုင်-မဝင်းပပအောင်၊ မောင်မြတ်ဇင်ထက်၊ မောင်ခန့်ညီအောင်တို့၏ မိခင်သည် ၃-၇-၂၀၁၃ရက် ညနေ ၃နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်သူ့လွှတ်တော်အစည်းအဝေး

လွှတ်တော်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုဖြစ်ထွန်းစေမည့် ဥပဒေများပေါ်ထွန်းလာရေးဆောင်ရွက်နေ

နေပြည်တော် ဇူလိုင် ၄

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့ကို အစီအစဉ် (၇)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း (၁၀) ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၏ **လူငယ်အချို့ ''ကော်'' ရှူသုံးစွဲခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက မည်သို့ကာကွယ်တားဆီးဟန့်တားမည်၊ သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေထွက်ပေါ်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဝင်းမြင့်က လက်တွေ့သုတေသန တွေ့ရှိချက်များအရ သင်ခန်းစာပို့ချမှုပုံစံဖြင့် ကျောင်းသားလူငယ်များအား ပညာပေးဆောင်ရွက်ခြင်းသည် လူငယ်တို့၏ အသစ်အဆန်းမြင်လျှင် စူးစမ်းလိုသည့်စိတ်အား နှိုးဆွသကဲ့သို့ဖြစ်ပြီး ကော်ရှူသည့်ပြဿနာ ပိုမိုကြီးထွားနိုင်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကျောင်းသားများ ကော်ရှူသုံးစွဲပါက ဆရာ၊ ဆရာမများအနေဖြင့် မိဘများအား ခေါ်ယူတွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းခြင်း၊ ကျောင်းသားများတွင် ကင်းထောက်များထားရှိကာ စောင့်ကြပ်ကြည့်ရှုခြင်း၊ သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများက ကော်ရှူသူများကို ခေါ်ယူတွေ့ဆုံ ပညာပေးဆုံးမခြင်း၊ *စာမျက်နှာ ၇ ကော်လံ ၁* ◆

ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

မြန်မာသံရုံး သို့မဟုတ် ကောင်စစ်ဝန်ချုပ်ရုံးများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၄

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့တွင် အစီအစဉ်(၁၇)ခုဖြင့် ကျင်းပပြီး မေးခွန်း(၄)ခု မေးမြန်းဖြေကြားကြသည်။

ရှေးဦးစွာ လွှတ်တော်ကိုယ်စားလှယ် (၄)ဦး၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင်က ဆွေးနွေးပြီး ယင်းဆွေးနွေးချက်နှင့်ပတ်သက်၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်ကျော်ဦးလွင်က ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်လတ်က ဆွေးနွေးသည်။

ယင်းဆွေးနွေးချက်နှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီကပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းထားသည့် ICT အကောင်အထည်ဖော်ရန် မူဝါဒပေါ်လစီများ ချမှတ်သင့်ကြောင်း အဆိုကို ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်က ဆွေးနွေးပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဝင်းသန်းက အဆိုရှင်၏ တင်ပြချက်မှာ မိမိတို့နိုင်ငံအတွက် အကျိုးရှိစေမည့် တင်ပြချက်တစ်ရပ်ဖြစ်သည့်အတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ တင်သွင်းထားသည့် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားကူးသန်းရောင်းဝယ်ရေး တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် စသည်များ တိုးချဲ့ဆောင်ရွက်ရန် အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်နှင့် ကချင်ပြည်နယ် *စာမျက်နှာ ၇ ကော်လံ ၄* ❖

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဆီးဂိမ်းသီချင်း ပြည်သူများရွေးချယ်ပေးနိုင်တော့မည်

ရန်ကုန် ဇူလိုင် ၄

ဆီးဂိမ်းပွဲတော်ကြီး နီးလာပြီ။ အိမ်ရှင်မြန်မာတို့ ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ရုပ်မြင်သံကြားအစီအစဉ်များမှ ဆီးဂိမ်းပွဲတော်လှုံ့ဆော်တေးအချို့ ထုတ်လွှင့်နေသည်ကိုလည်း ကြည့်ရှုနေရပြီဖြစ်သည်။ ယခုအခါ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်သီချင်းအတွက် ရွေးချယ်မှုများ ပြုလုပ်တော့မည်ဖြစ်သည်။

"အဆင့်ဆင့် စိစစ်ရွေးချယ်ထားတဲ့ သီချင်းအပုဒ်ပေါင်းများစွာထဲက သီချင်း ၁၀ ပုဒ်ကို ရွေးချယ်ထားပြီဖြစ်ပါတယ်။ အဲဒီသီချင်း ၁၀ ပုဒ်ကို စီဒီနဲ့ရောသီချင်းစာအုပ်ပါ တစ်နိုင်ငံလုံး ဖြန့်ဝေပြီး ပြည်သူတွေကို ရွေးချယ်စေမှာ ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်မှာရှိတဲ့တိုင်း၊ ခရိုင်အား/ကာရုံးတွေအပြင် မိတ္ထီလာ၊ ပြင်ဦးလွင်၊ တောင်ငူ၊ ပြည်နဲ့ ဟင်္သာတ စတဲ့ မြို့တွေမှာရှိတဲ့ အား/ကာရုံးတွေမှာ အဲဒီ စီဒီနဲ့ သီချင်းစာအုပ်တွေကို ဖြန့်ဝေပေးထားမှာ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ အဲဒီ စာအုပ်နဲ့ စီဒီကို ဇူလိုင် ၇ရက်မှစတင်ပြီး အခမဲ့ထုတ်ယူကာ စာအုပ်နောက်ဆုံးစာရွက်မှာပါတဲ့အတိုင်း မဲပေးပုံစံမှာ မိမိကြိုက်နှစ်သက်တဲ့ တေးသီချင်းကို ဖြည့်သွင်းပြီး ဇူလိုင် ၁၅ရက် နောက်ဆုံးထားပြီး မိမိထုတ်ယူခဲ့တဲ့ အား/ကာရုံးတွေကို ပြန်လည်ပေးပို့ရမှာဖြစ်ပါတယ်" ဟု (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ တေးသီချင်းများ စိစစ်ရွေးချယ်ဖန်တီးရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆီးဂိမ်းသီချင်း ရွေးချယ်ခွင့်ရှိသူမှာ မြန်မာနိုင်ငံသား အသက် ၁၈ နှစ်ပြည့်မှတ်ပုံတင်ကတ်ပြား တင်ပြကာ သီချင်းစာအုပ်နှင့် စီဒီကို အခမဲ့ထုတ်ယူနိုင်မည်ဖြစ်သည်။ အသက် ၁၈ နှစ်ပြည့်ပြီးသူအဖြစ် သတ်မှတ်ရခြင်းမှာ ကမ္ဘာအထိ သိရှိနိုင်မည့် ဆီးဂိမ်းသီချင်းဖြစ်သည့်အတွက် အပြည့်အဝနားလည်ခံစားသိရှိပြီး ရွေးချယ်နိုင်ရန်အတွက်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဖြန့်ဝေပေးမည့် တေးသီချင်းစာအုပ်နှင့် စီဒီတို့မှာ အကန့်အသတ်ရှိသဖြင့် မဲဆန္ဒပြုလိုသော ပြည်သူများ အချိန်မီ စောစီးစွာ သွားရောက်ထုတ်ယူမှသာ မဲဆန္ဒပြုနိုင်မည်ဖြစ်သည်။ သီချင်းရွေးချယ်မဲဆန္ဒပြုပြီး ပြန်လည်လာရောက်မဲစာရွက်ပေးလျှင် အဆိုပါ မဲပေးသူအား ဆီးဂိမ်းအထိမ်းအမှတ် ဇီးကွက်ရုပ်လက်ဆောင် ပြန်ပေးနိုင်ရန်လည်း စီစဉ်ထားသည်။

အဆိုပါ သီချင်း ၁၀ ပုဒ်ကို ဇူလိုင် ၅ ရက်မှ ၁၅ ရက်အထိ ရုပ်မြင်သံကြားအစီအစဉ်များမှ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိခံစားကြည့်ရှုနားဆင်နိုင်ရေး ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ ရွေးချယ်ခံရသည့် သီချင်းငါးပုဒ်ကို ဇူလိုင်လနောက်ဆုံး သီတင်းပတ်၌ ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ တေးသီချင်းများ စိစစ်ရွေးချယ်ဖန်တီးရေးကော်မတီတွင် မြင့်မိုးအောင်၊ *စာမျက်နှာ ၈ ကော်လံ ၁* ❍

လူသုံးကုန်နှင့်မော်တော်ယာဉ်များကိုမှတ်သုံ့ရာသီအထူး ဈေးနှုန်းများဖြင့်ပြသရောင်းချမည့်ကုန်စည်ပြပွဲကြီးများ
YANGON EXPO & CAR SHOW (20.8.13~23.8.13) တပ်မတော်ခန်းမ၊ရန်ကုန်မြို့
MANDALAY EXPO & CAR SHOW (21.8.13~24.8.13) မြို့တော်ခန်းမ၊ မန္တလေးမြို့
ပြခန်းစုံစမ်းရန် SMART BUSINESS GROUP. Ph: 01-656875,667473,09-73014777,09-5099079,09-5003618